www.burmeseclassic.com

# ဝ
# သျှုး

## ဆောင်းကင်းငါ့အကြားမျက်နှာ

BURMESE CLASSIC

GRAPHIC DESIGN THEIN SHWE

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၁၈) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အခန်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (မြ-၁၀၀၉၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၈၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
၂၀၁၇ ခုနှစ်၊ မတ်လ။
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
၁၀၀ ကျပ်
ဖြန့်ချိရေး
ဗိုလ်ပြည့်စာပေ
အမှတ်-၂၂၃၊ ၃၄လမ်း၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄ ၀၉-၅၀၈၉၈၉၄

၈၉၁.၈၃
သျှိုး
ကောင်းကင်၏အခြားမျက်နှာ
ဖျူးစာပေ၊ ၂၀၁၇။
၂၁၆ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ကောင်းကင်၏အခြားမျက်နှာ

## အခန်း (၁)

ထောင့်မကျတကျ တိုင်လွှတ်သည့်နေရာကိုရွေးထိုင်ရင်း ကျဆိမ့်တစ်ခွက် မှာလိုက်သည်။ ဆိုင်ရှင်ဖက်တီးက ထိန်ဝင်းအောင် အသံကြားသည်နှင့် ဆိုင်နံရံပေါ်မှ စာရွက်ဆီ မျက်စပစ်ပြသည်။ ဟုတ်ကဲ့ ... အဲဒါ အကြွေးစာရင်းပါ။ ရဲလေးလို ထိပ်ဆုံးမှာအမေ တော့မဟုတ်၊ အကြွေးစာရင်းက ထိပ်ဆုံးမှာ ထိန်ဝင်းအောင်ပါ။ ထို့ကြောင့် ... အိတ်ကပ်ထဲမှ ထောင်တန်တချို့ကို ဆွဲထုတ်ပြရင်း ပိုက်ဆံပါ၍ မာန်တက်နေသော မျက်နှာပေးဖြင့် မျက်စောင်းကြီးထိုး လိုက်သည်။ သိပ်မကြာပါ ... သူ့ရှေ့သို့ လက်ဖက်ရည်အချို ဆိုင်ထဲ သို့ ဘောကြီး ဝင်လာပြီး သူ့ဘေးသို့ဝင်အထိုင် ကွက်တိဖြစ်သွား သည်။ ဘောကြီး နှုတ်မှ ...

"ရှယ်တစ်ခွက်ပေး"

www.burmeseclassic.com



ဘောကြီးကို သူမျက်မှောင်ကြုတ်ကြည့်လိုက်သည်။ ဘောကြီးက သူ၏သူငယ်ချင်းအရင်းခေါက်ခေါက်ပါ။ သူ့လိုပဲ အကြွေးရလျှင် အကြွေးထားလွန်းတာကြောင့် သူ့ကို မျိုးအောင်ဟုတောင် မခေါ်ကြတော့ဘဲ ဘောကြီးလို့ခေါ်ရင်း နာမည်တောင်တွင်လေပြီ။ သူ့ကြည့်တော့လဲ အပေါ်စွပ်ကျယ်ချိုင်းပြတ်၊ ပုဆိုးတိုတိုနှင့် ပိုက်ဆံပါမည့်ပုံမပေါ်။ ထို့ကြောင့် သူ့အိတ်ကပ်လေးကို ထိန်ဝင်းအောင် ဖိထားမိသည်။

ဘောကြီးက ထိန်ဝင်းအောင်ကို မကြည့်သလိုကြည့်ရင်း ...

"မင်းက ဘာဖြစ်နေတာလဲ"

"ဟေ"

"မင်းလေ ဘာဖြစ်နေတာလဲလို့ မေးနေတာ"

"ဘာဖြစ်နေတာလဲလို့ဆိုတော့ အဲ ... ငါက ဘာဖြစ်နေလို့လဲ၊ အေးဆေးပဲ ... ဘာမှမဖြစ် ..."

"ဘာလို့ ရင်ဘတ်ကြီးလက်နဲ့အုပ်ထားရတာလဲ"

ထိန်ဝင်းအောင် ရင်တော့ထိတ်ရသည်။ ငါ့ဆီက ပိုက်ဆံတွေ မင်းချေးမှာစိုးလို့ဟု ပြောရအောင်လဲ သူနဲ့က ငယ်ပေါင်း။ ဘာမှမဖြစ်ပါဘူးဆိုရင်လဲ ပိုက်ဆံတွေ တွေ့သွားပြီး ချေးဦးမည်။ ဘောကြီးက သူ့ထက်ခေါင်းတစ်လုံး ပိုရှည်သဖြင့် အပေါ်စီးက မြင်နေ





ရသည်။

"ဟိုဟာ ... ရင်ဘတ်လေ ... ရင်ဘတ်အောင့်လို့ ..."

"ရင်ဘတ်အောင့်ရင် ဆေးခန်းသွားပေါ့ ဘာလို့ဒီလာနေလဲ၊ ဒါ ... လက်ဖက်ရည်ဆိုင်လေ ..."

"ဘယ်လိုပြောရမလဲကွာ၊ ခုမှ ... ခုလေးတင်မှ အောင့်လာတာ"

ဘောကြီးက ထိန်ဝင်းအောင်ကို နဂိုပြူးတဲ့ မျက်လုံးထက်ပြူးပြီးကြည့်ကာ ပြောသည်။

"ဒါနဲ့ ... မင်းလိုက်မယ်ဆိုတဲ့ ကောင်မလေးလေ ..."

ဘောကြီးက ဆက်မပြောသေးဘဲ ခေါင်းကုတ်ဖင်ကုတ် လုပ်နေသေးသည်။

"ပြောစမ်းပါ ... ဘာဖြစ်လို့လဲ ..."

"မင်းသိလား ... သူ့အဘိုးကြီးက သူငယ်ပြန်နေတာကွ"

"သူ့အဖေလား ..."

"သူ့အဖေရော သူ့အဘိုးရော ..."

"ဟေ ... ဟုတ်လို့လားဟ"

ထိန်ဝင်းအောင်က ဘောကြီးကို ဒုတိယံမ္ပိ မျက်မှောင်ကြုတ်ကြည့်ပြန်သည်။ ဖြစ်နိုင်ပါ့မလားပေါ့။ တကယ်ရော ဖြစ်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ မေးကြည့်မှသိမည်။

"ဘာလဲ ... မင်းက မယုံဘူးလား"

"မင်းကို ဘယ်သူပြောလဲ ... အဘိုးကြီးက မနက်ဆို တံမြက်စည်းထထလှဲနေတာ အေးဆေးပဲ၊ ငါနေ့တိုင်းတွေ့နေရတာ"

"အေး ... သူ့အဖေက သူငယ်ပြန်တာပဲလား၊ ဘာလားတော့ မသိဘူး၊ လူငယ်တွေနဲ့တွေ့ရင် စိတ်ကလွတ်တတ်တယ်၊ ဒါပေမဲ့ သူ့အဘိုးကတော့ လုံးဝသူငယ်ပြန်တာနော်၊ အဲဒါကတော့ သေချာတယ်"

"ဟိုက်ရှားဘား ... "

တော်သေးတာပေါ့။ ချစ်သူရော ချစ်သူ့အမေပါ သူငယ်မပြန်တာ ကျေးဇူးတင်ရမည်။

"အဲဒီအကြောင်းကို မင်းလုံးဝ မသိဘူးလား"

"ဟင့်အင်း ... "

"ကိုယ်နဲ့ပတ်သက်ရမယ့် မိသားစုကို မင်းဘာမှမစုံစမ်းဘူးလား"

"ဟ ... ငါက ယောက်ျားလေးလေ လိုလို့လား"

"ထားပါ ... ခုတော့ မင်းသူများပြောမှသိပြီ မဟုတ်လား"

"သိတော့ ငါက ဘာလုပ်ရမှာလဲ ... ဆေးကုပေးရမှာလား"





"သဘောပြောတာလေ ... ငါဆိုလိုတာက အဲဒီကောင်မလေးကို မင်း လက်လျှော့လိုက်တော့ ... "

"ဘာလို့လျှော့ရမှာလဲ ... ခုမှစလိုက်ဖို့တောင် စဉ်းစားတုန်း"

"မင်း အဲဒါကြီးနဲ့ဆို မလွယ်ဘူးနော် ... "

"အဲဒါကြီးနဲ့ ကြိုက်မှာမှမဟုတ်တာ၊ သူ့မြေးမနဲ့ကြိုက်မှာပဲဟာ"

"အေးပါ ... အေးပါ ... နောက်မှဘကြီး မပြောမရှိနဲ့၊ အဲဒီဘိုးတော်ကြီးက မင်းဘဝထဲကို လုံးဝကန့်လန့်ကြီးဝင်လာမှာကို မြင်ယောင်မိသေး ... ဟေး ဟေး ... "

ဘကြီးက လက်ဖက်ရည် ပူမပူစမ်းပြီး မပူတာနဲ့ တစ်ကျိုက်ထဲ မော့ချလိုက်သည်။ ပြီးနောက် ... မတ်တပ်ရပ်လိုက်ပြီး စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။ ပုဆိုးကြားထဲ လိမ်ကျစ်ထားသော ပိုက်ဆံကို ထုတ်သည်။

"အမယ် ဘကြီး ရာဇဝင်ရိုင်းသွားပြီပေါ့ ... ပိုက်ဆံတွေဘာတွေပါလို့ပါလား"

"အာ ... ဒီပိုက်ဆံက အမေ ဆေးဝယ်နိုင်းလိုက်တာအောင်ဘု ... မင်းတို့ဆိုင်ရှင်ကိုပြောလိုက် မှတ်ထားလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ထိန်ဝင်းအောင်ကတော့ ရဲလေးလို နာမည်မကြီးချင်သဖြင့် အကြွေးများ ရှင်းခဲ့လိုက်သည်။

ထိန်ဝင်းအောင် အလုပ်က လည်ရာပြန်စားရေး။ သူ့အဖေက လမ်းလှူကြီး၊ အမေက လမ်းထဲစတိုးဆိုင်ဖွင့်ထားသည်။ ဖုန်းလဲ ဆက်လို့ရသည်။

သူ့တိုက်တိုက်တခိုးလေးကတော့ သူတို့လမ်းထဲ ပြောင်းလာတာ မကြာသေးသည့် ထက်ဝင့်ဘုံလေးပါ။ ထက်ဝင့်ဘုံတို့နဲ့ တစ်အိမ်ကျော်က ဘောကြီးအိမ်။ တစ်ခါတစ်ခါ ဘောကြီးအိမ်ကနေ ဘုံလေးကို ထိန်ဝင်းအောင် ချောင်းကြည့်ရသည်။

ဘောကြီးက အရပ်ရှယ်ငလေ ရှည်တာမှမိုးထိုး သူ့အတိုင်းပဲ။ သူ့အိမ်ကလေးက ရှည်မျောမျောနှင့် ကံကောင်းချင်တာက ဘုံလေးတို့အိမ်ကလည်း နှစ်ထပ်တိုက် ဆောက်ထားတာဆိုတော့ ဘောကြီးအခန်းက ပြူကြည့်လျှင် အိပ်ပေါက်တာကအစ သူတို့ဘက်က ကြားလောက်အောင် နီးသည်။ အလယ်က အိမ်မှာတော့ လူ့ဌာစာ ထိပ်ပြောင်ကြီး။

ထိန်ဝင်းအောင်မှာ မေလင်းမောင်ဆိုသည့် အစ်မ တစ်ယောက် ရှိသေးသည်။

"မေမေ … ထမင်းစားတော့မယ်"





"ထိန်ဝင်းလား … မစားနဲ့ဦး ဒီမှာဆိုင်လာစောင့် … "

"အာ … မောင့်ကိုစောင့်နိုင်း … သား ထမင်းစားမလို့ စိုက်ဆာနေပြီ"

သူတို့အိမ်တွင် အစ်မကို မောင်ဟုခေါ်ကြသည်။ သူမကိုယ်တိုင်ကလည်း မောင်ဟု နာမ်စားသုံးသည်။

"ဟဲ့ ထိန်ဝင်း … မောင်က စာသွားပြတယ်၊ အိမ်မှာအားနေတာဆိုလို့ နင်ပဲရှိတယ်၊ လာ … ငါ ရေချိုးမလို့ … "

"ခဏလေး မေမေရာ … ထမင်းထည့်လိုက်ဦးမယ်"

ထမင်းထည့်ပြီး ဆိုင်ထဲဝင်ကာ ပယ်ပယ်နယ်နယ်ပဲ အားရဝါးရလွေးနေတုန်း လမ်းထဲမှ မကြည်ပြာ ဖုန်းလာဆက်သည်။ ထိန်ဝင်းအောင် စားသောက်ပြီးသည်ထိ သူ မပြီးသေး။

ခဏနေ ဆိုင်ရှေ့သို့ ယောင်ပေ ယောင်ပေနှင့် အသက်(၅၀) ရှယ် လူကြီးတစ်ယောက် ဝင်လာသည်။ အနားရောက်မှ ဘုံလေးအဖေမှန်း သိလိုက်သည်နှင့် ပျာပျာသလဲထကာ …

"ဦး … ဘာယူမလို့လဲ"

"အေးကွာ … တူရှိလား … "

"ဗျာ … "

ဘယ်နှယ့်မုန့်ဆိုင်ကိုလာပြီး တူရှိလားတဲ့။ ဘာပြောနေးလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိဖြစ်သွားသည်။

"အဟဲ ... ကျွန်တော့်အစ်မက အပျိုကြီး၊ ကျွန်တော့်မှာ တူ မရှိသေးဘူး၊ တူမလည်း မရှိသေးဘူး"

"အာ ... အဲဒီတူကိုပြောတာ မဟုတ်ဘူး၊ သံရိုက်တဲ့ တူကို ပြောတာကွ"

"မရှိဘူးခင်ဗျ"

"ဒါဖြင့် လွှရော ..."

"ဗျာ ..."

သိပ်မဟုတ်တော့ဘူး။ ဒီလူကြီး ဘာကြီးပြောသလို စိတ်လွတ်နေတာထင်တယ်။

"လွှလေလွှ ... ဒီလို ဒီလိုဖြတ်လို့ရတယ်လေ"

ဘိုးတော်က လွှတိုက်ဟန်ပါ လုပ်ပြသည်။ ထိန်ဝင်းအောင်ကတော့ ယောင်နနနှင့်သာ ခေါင်းခါရင်း ...

"ဟင့်အင်း ..."

"သံရော ရှိလား ..."

"ကျွန်တော် ဝမ်းမှန်မှန်နတ်တယ်ခင်ဗျ။ သန်လဲ မရှိဘူး တုတ်လဲ မရှိဘူး"

"အာ ... အဲဒီသံကိုပြောတာ မဟုတ်ဘူး"





"ဦးပြောတာ တစ်ခုမှ ဒီဆိုင်မှာမရောင်းဘူး ဦး ..."

"ဟ ... ငါက လာဝယ်တာမှမဟုတ်ဘဲ မင်းတို့အိမ်မှာရှိလားလို့ လာငှားတာ"

"အိ ..."

"စောစောကမပြောဘူး၊ ဟွန်း ..."

ထိန်ဝင်းအောင် အိမ်ထဲသို့ဝင်ကာ ပစ္စည်းအစုံထုတ်ပေးလိုက်သည်။ အဘိုးကြီး ပြန်တာတောင် မကြည်ပြာက မပြီးသေး။ နည်းနည်းတော့ အမြင်ကတ်လာသဖြင့် ဝတ္ထုတစ်အုပ်ယူကာ ဖုန်းစင်အနီးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။

"အဟင်း ... ကိုကလည်း သွား ... မသိဘူး"

" ... "

"ဘာလဲ ... ဘာလဲ တို့ကိုသတိမရဘူးမို့လား၊ ပြောလေ ပြော ... လို့ ..."

" ... "

"ဟိတ် ... တို့စိတ်ဆိုးနေတာနော် ... ကိုလှိမ့်ဖို့ စဉ်းစားမနေနဲ့ ..."

" ... "

ပြောတာကတော့ ပြောပါ၊ များများပြောလေ များများပိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆံရလေပဲ။ ဒါပေမဲ့ ... တစ်ရပ်ကွက်ထဲသားချင်းမို့လားမသိ ထိန်ဝင်းအောင်တို့ သောကြီးတို့လိုပင် သူမလည်း စာရင်းနှင့်။

"ကိုနော် ... ချလိုက်ရမလား ဖုန်းကို ... ဟင့် ... "

"ချကွာ ... ချ ... ဟဟား၊ ဒါမှ ဆားပုလင်းနှင်းမောင်ကွ"

ထိန်ဝင်းအောင် ဖတ်နေသည့် စုံထောက်ဝတ္ထုက ဇာတ်ရှိန်မြင့်လာသဖြင့် ထအော်မိသည်။ မကြည်ပြာက ဖုန်းကိုခွပ်ခနဲမြည်အောင် ချလိုက်ပြီ။

"ထိန်ဝင်း ... "

"ဗျာ ... မကြည်ပြာ"

"ဘယ်လောက်ကျလဲ ... "

"၇၅၀ ပဲ ပေးတော့"

"ဘယ်လောက်ကျလို့လဲ"

"သြော် ... ၇၅၀ ပါပဲ"

"ဟွန့် ... ချော့မျှားလျှော့မလားလို့ လျှော့ဦး ... "

"လက်ငင်းပေးမှာဆိုတော့ လျှော့ပေးရမှာပေါ့ဗျာ၊ ခုနစ်ရာပဲပေးခဲ့ ... "

"အဲလိုလုပ်စမ်းပါ ... ထုံးစံအတိုင်း မှတ်ထားလိုက်"

"ဗျာ ... "





သူ့ပဲပေးမလိုလိုနဲ့ ဈေးဆစ်ပြီး ထမီကြားထဲ လက်နှိုက်တော့ ပိုက်ဆံပါတယ်မှတ်တာပေါ့။ ဘယ်ဟုတ်မလဲ ... ဒင်းက ခါးကြား ဘာကောင်ထိုးလိုက်လဲမသိ ကုတ်နေလေသည်။ ဟိုမှန့် ဒီမှန့်လဲ ကိုင်ကြည့်နေသေးကာ ...

"နေကြာစေ့ တစ်ထုပ်ဖိုးပါ မှတ်ထားလိုက်"

"ဟုတ် ... ဟုတ်ကဲ့ ... "

ထိန်ဝင်းအောင် စိတ်ပျက်ပျက်နှင့် ဝတ္ထုစာအုပ်ကို အကြွေးမရောင်းပါ ဆိုင်းဘုတ်လေးဆီသို့ အသံမြည်အောင် ပစ်ချလိုက်သည်။

မကြည်ပြာကတော့ ဂရုမစိုက် ဆိုင်ထဲက ကော့ကော့ကော့ကော့နှင့် ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သြော် … အေး … ဘာကိစ္စလဲ သမီး …"

"ဟိုလေ … သတင်းစာထဲမှာ ကလေးထိန်းလိုတယ်ဆိုလို့ လာလုပ်တာပါ"

"အေး … ဟိုလေ … အဲဒါက …"

"သမီးက ကလေးအမေပါ၊ အန်တီတို့ သတင်းစာထဲမှာထည့်ထားတဲ့အတိုင်းပဲ ကလေးကို နို့တိုက်ဖို့က မပူပါနဲ့ …"

"အေးကွယ် … ဒါပေမဲ့ …"

"လခနည်းလည်း ထမင်းတစ်နပ်ကျွေးရင် ရပါပြီ အန်တီ"

"သြော် … အေး … ဒါနဲ့လေ …"

"နေတာက သမီး(––)မှာပါ၊ ဒီရပ်ကွက်နဲ့ သိပ်မဝေးလှပါဘူး"





"သြော် … အေး …"

"သမီးထိန်းရမယ့်ကလေးက ဘယ်မှာလဲဟင်"

"ဘုံရေ သမီး … ခဏလောက် ထွက်လာပြီး မေမေ့ကို ကူရှင်းပါဦးကွယ်"

"ရှင် မေမေ … ဧည့်သည်ပါလား"

"ဟိုတစ်ခါ သမီးဖေဖေထည့်လိုက်တဲ့ ကြော်ငြာလေ … အဲဒီကိစ္စတဲ့ …"

"ကြော်ငြာ … အဲဒီကြော်ငြာလား …"

"ကလေးထိန်းဆိုတာလေ …"

"ဟုတ်ကဲ့ … မှတ်မိပါတယ်၊ အဲဒီကြော်ငြာထည့်ထားတာ ကြာပြီပဲ …"

"အေး … အဲဒါ လာလုပ်တာတဲ့"

"ရှင် … ဟိုလေ …"

"ထိန်းရမယ့်ကလေးက ညီမလေးကလေးလား"

"ရှင် … မဟုတ်ပါဘူး အစ်မ၊ အဲဒါကို ညီမ ရှင်းပြ …"

"မဟုတ်ပါဘူး သမီးက အပျိုလေးပါကွဲ့ …"

"ဟိုလေ … အစ်မ အလုပ်က မဖြစ်နိုင်ဘူးထင်တယ်"

"ဟင် … ဘာဖြစ်လို့လဲ၊ ကြော်ငြာထားတာကြာလို့ လူ

www.burmeseclassic.com

www.burmeseclassic.com



ရသွားလို့လား ... ”

“ဟို ... အဲဒါလေ ညီမ ဖေဖေက ... ”

ထိုအခိုက် ...

“ချိုချိုစို့မယ် ... ချိုချိုစို့မယ်”

ထက်ဝင့်ဘုံ စကားတောင်မဆုံးသေး အခန်းထဲမှ ချိုလိမ်စုပ်ပြီး ထွက်လာသော ဘိုးသက်ရှည်ကို မြင်လိုက်မိကြရာမှ ...

“ဟို ... အဟဲ ... စိတ်မရှိပါနဲ့ အစ်မ ထိန်းရမယ့်ကလေးဆိုတာ ညီမတို့အဘိုးကို ပြောတာပါ ... ”

“ချင် ... အဲ ... ရှင် ... ”

အမျိုးသမီးခမျာ ရှင်တောင် မပီတော့ ချင်ဖြစ်သွားရှာသည်။

“အဲ ... အဲဒါကြီးက ကလေးမှမဟုတ်ဘဲနဲ့ ... ”

“ချိုစို့မယ် ... ချိုစို့မယ် ... ”

“အမလေး လုပ်ပါဦး ... အန်တီရေ လုပ်ပါဦး၊ ဒုတ် ... ဒုက္ခပါပဲနော် ... ”

“အဘိုး ... ”

“အဖေ ... အဖေ ... အဲဒါ ညှော်သည် ... သမီးအဘိုးကို ခေါ်သွားစမ်း”

ထက်ဝင့်ဘုံတစ်ယောက် ဘိုးသက်ရှည်ကို အခန်းထဲဆွဲခေါ်





ပြီး ပြန်အထွက် ခုနကအမျိုးသမီးလည်း မရှိတော့ တစ်ချိုးထဲပြေးလေပြီ။

“ကိုတိုင်းကျော်တို့ ဂေါက်ချက်က ကမ်းကုန်တယ်၊ ဘယ်နယ့်တော် ... အိမ်မှာ ဘယ်ကလေးရှိလို့ ကြော်ငြာသွားထည့်ရတာတုန်း ... ”

“ဖေဖေက တစ်ခါတစ်ခါ စိတ်လွတ်သွားလို့ပါ မေမေရယ်”

“လွတ် ... လွတ်နိုင်လွန်းတယ်၊ ခု ဘယ်ရောက်နေပြန်ပြီလဲ”

“အပေါ်ထပ်ကို လှေတွေ တူတွေကိုင်ပြီး တက်သွားတာမြင်တာပဲ”

“ဘာတွေပေါက်ကရ လုပ်ဦးမလဲ မသိပါဘူး”

ဒေါ်အေးဘုံ ပွစိတ်တိုက်ရင်း အိမ်ပေါ်သို့ တက်သွားသည်။

“ကိုတိုင်းကျော် ... ကိုတိုင်းကျော် ... ”

“ဝူး ဝူး ဒိုင်း ဒိုင်း ဒိုင်း ဒဲ့ဗြောင့် ဒဲ့ဗြောင့် ... ”

“အဘိုး ငြိမ်ငြိမ်နေပါလား အဘိုးရယ် ... မမောတဲ့အတိုင်းပဲ”

“မိပြီကွ ... မိပြီ ... ဒဲ့ဗြောင့် ... ”

ဘိုးသက်ရှည်က ထက်ဝင့်ဘုံကို ရှောင်ရှားကာ အိမ်ပေါ်သို့ တဒုန်းဒုန်းနှင့်တက်သွားသည်။ ဘုံကတော့ စိတ်မောကာ ခေါင်းဖြာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် လှဲချလိုက်တော့သည်။

"ကိုတိုင်းကျော် ... ကိုတိုင်းကျော် ... "

"ဟေ ... "

"ရှင် ... ခေါင်မိုးပေါ်တက်ပြီး ဘာလုပ်နေတာလဲ"

"ခိုလိုက်ဖမ်းနေတာလေ"

"ဩော် ... ရှင်နဲ့တော့ ဒုက္ခပဲ ... ပြန်ဆင်းလာခဲ့၊ ပြုတ်ကျမှ နောက်မျိုးဆက်ပါ မမြင်လိုက်ရဘဲ ဘဝတစ်ပါး ကူးသွားဦးမယ်"

ထိုအချိန်တွင် ဘိုးသက်ရှည်ကလည်း တမှောင့်။

"အဲဒါ ဘာလုပ်နေကြတာလဲ ... တူတူပုန်းတမ်းကစားနေတာလားဟင် ... "

"အို ... အဖေကလည်း တက်လာပြန်ပြီ၊ ကဲ ... ကိုတိုင်းကျော် ရှင် ... ဆင်းလာစမ်းပါ၊ ဘုံ ... သမီးရေ ဒီမှာအဘိုးကို လာခေါ်စမ်း ... "

"ဒညှောင့် ... ဒညှောင့် ... ဝီး ... "

"ကိုတိုင်းကျော် ... ဆင်းလာလေ၊ အဲဒါ ဘာလုပ်နေတာလဲ"

"အပေး ... ငါ ပြန်မဆင်းတတ်တော့ဘူး အေးဘုံရ"

"ဟောတော် ... အဲဒါမှပြဿနာပဲ၊ ကျွန်မလည်း ရှင့်ကိုစုပါ မန်းလို လေပေါ်တက်ပြီး မချီနိုင်ဘူး ... "





"ဟ ... ငါလဲ လေထဲကိုခုန်ချရအောင် စပိုက်ဒါမန်းမှမဟုတ်တာ"

"အဲဒါဆို ရှင် ဘာလို့တက်သွားလဲ ... ဒုက္ခပါပဲနော်"

"ကဲပါ မေမေရယ် ... သမီး ဘေးအိမ်က လှေကားသွားငှားလိုက်ပါဦးမယ်၊ ဖေဖေလည်း အပေါ်မှာ ငြိမ်ငြိမ်လေးနေဦးနော်"

"အေး မြန်မြန်သွား သမီး ... တော်ကြာ ခြေချော်ပြီး သမီးဖေဖေ အမေကျော်ခွေးတော်ပါ မလွမ်းနိုင်ဖြစ်ဦးမယ် ... "

"ဟေ့ကောင် ထိန်ဝင်း ... "

"ဟာ ... မျောက်သိုး ဘယ်လာတာလဲ"

"မင်းဆီလာတာ ပျင်းလို့ ... "

"အေး ... လာကွာ ငါလဲပျင်းတာနဲ့အတော်ပဲ"

"မျောက်သိုးခေါ် မျိုးသောက်က စက်ဘီးကို ဒေါက်ထောက်ပြီး ထိန်ဝင်းအောင်ဘေး အားပါးတရ ဝင်ထိုင်လိုက်သည်။

"မင်းတို့လမ်းထဲမှာ မျက်လှည့်ပြနေတာလား"

"အမ် ... ဘယ်မှာပြနေလို့လဲ သွားကြည့်ရအောင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအိမ်လေ … နှစ်ထပ်တိုက်၊ ငါလာတော့ အဘိုးကြီးက ခေါင်မိုးပေါ်တက်ပြီး ဇဘာနှံ့မင်းနဲ လုပ်ဖို့လေ့ကျင့်နေတာလား မသိဘူး"

"ဘယ်အိမ်လဲ …"

မျောက်သိုးက လက်ညှိုးလှမ်းထိုးပြသည်။ ဘုံလေးအိမ်ပါ၊ သူ့အဖေကြီးက ခေါင်မိုးပေါ်တက်လို့ဟု ဆိုသဖြင့် …

"ဟ … ဒီလူကြီး ခုနကပဲ ငါ့ဆီက လွှတွေတူတွေငှားသွားတာပါ၊ ဟော့ကောင် … အဲဒါ သူ့ကိုယ်သူ သေကြောင်းကြံတာထင်တယ်နော် …"

"မဖြစ်နိုင်ပါဘူးကွာ၊ ကြိဖန်တွေ ပူမနေပါနဲ့"

"ဒီမှာ … ဒီမှာ …"

"ဗျာ"

နှစ်ယောက်သား ငြင်းနေကြသဖြင့် ဘုံထွက်လာမှန်းမတွေ့လိုက်။ ဆိုင်ထဲဝင်မှ …

"လွှကား ရှိလား …"

"ကျွန်တော်တို့ဆိုင်မှာ လွှကားမရောင်းဘူးဗျ"

"အို … ဝယ်မလို့ မဟုတ်ပါဘူး၊ ရှိရင် ငှားမလို့"

"ခင်ဗျားလဲ သေကြောင်းကြံမလို့လား"





"ဟော့ကောင် … မျောက်သိုး …"

"ဟို … ဖေဖေလေ စိတ် … စိတ်ဖောက်ပြီး ခေါင်မိုးပေါ်တက်သွားတာ၊ ပြန်မဆင်းကတ်တော့ဘူးလို့ …"

"ဟုတ်လား … နေ … နေ … ကျွန်တော် လွှကားယူလာခဲ့မယ်"

"ဦးလေး … ဦးလေး … ကျွန်တော်ခေါ်တာ ကြားလား"

"ဟော့ … အောက်ကကောင် စွတ်အော်မနေနဲ့၊ ငါနားမပင်းဘူးကွ"

"အယ် … ဟို သူပြောတော့ စိတ်ဖောက်နေတာဆို၊ ခုအကောင်းကြီးပါလား … အတိအကျတောင် ပြန်ဟောက်နေလိုက်သေးတယ်"

ထိန်ဝင်းအောင်က ဘေးမှ ဘုံကို ခပ်တိုးတိုးပြောလိုက်သည်။

"အို … စိတ်ဖောက်ပြီး အပေါ်တက်သွားတယ်လို့ပြောတာလေ၊ စိတ်ဖောက်ပြီး စကားမပြောတတ်တော့ဘူးလို့ ပြောတာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိ ... ဒါဆို ..."

"ဦးလေး ... လှေကားထောင်ထားပြီးပြီ၊ ခုန်ချလိုက်တော့"

"အမ် ... ဘာကွ"

"အဲ ... အဲ ... မှားလို့ ဖြည်းဖြည်းချင်းဆင်းလို့ပြောတာ"

"ကိုတိုင်းကျော် ... ကိုတိုင်းကျော် ... အိမ်ကလူတွေ ဒုက္ခပေးရတာ မဝလို့ ရပ်ကွက်ကလူတွေပါ ဒုက္ခပေးနေတာလား မသိဘူး"

အဘိုးကြီးက လှေကားမှ ညင်သာစွာဆင်းပြီး အောက်ရောက်မှ နဖူးမှချွေးများ သပ်ချကာ ...

"တောက် ... ချွေးမသား နဲ့ ... ခုတော့ ဘာတတ်နိုင်သေးလဲကွ"

ဘိုလေးကတော့ သူ့အဖေနောက်မှ ခေါင်းငုံ့ကာ ဝင်သွားသည်။ ထိန်ဝင်းအောင်နှင့် မျောက်သိုးလဲ လှေကားကို ရှေ့တစ်ယောက် နောက်တစ်ယောက် သယ်မလို့လုပ်တုန်း ဖြုန်းဆို အလယ်သို့ ဝင်လာသူက ဘိုးသက်ရှည်။

"ဟိတ် ... ငါလဲပါမယ်"

"ဗျာ ... အဘိုး ... ဒါ ဆော့နေတာ မဟုတ်ဘူးလေ"

"မသိဘူး ... မနေ့ကလည်း မင်းတို့ပုံပြောတယ်၊ ရှားကွ





အညောင့် ..."

လက်ထဲမှ သစ်သားသေနတ်ဖြင့် ပေါက်လိုက်ရာ ထိန်ဝင်းအောင်ရဲ့ မဟာနဖူး တစ်ခါ ဘုရတော့သည်။

"အဘိုး ..."

"..."

"အားနာလိုက်တာကွယ်"

"ရပါတယ် အန်တီ ... ကျုပ်ထုတ်ထိုးလိုက်တာ သက်သာသွားပါပြီ"

"သားက ဘယ်မှာနေတာလဲ"

ကျွန်တော်က မျက်စောင်းထိုး စတိုးဆိုင်ကပါ။

"သြော် ... ဟုတ်လား"

"ဒါက ကျွန်တော့်သူငယ်ချင်းပါ ဟိုဘက်လမ်းက ..."

"အိမ်မှာတော့ မပြောချင်တော့ဘူးကွယ်၊ အဖေက သူငယ်မှိန်း ဟိုလူကြီးက တစ်ခါတစ်ခါ စိတ်ကလွတ်နဲ့ အန်တီနဲ့သမီးကပဲ ကြည့်ထိန်းနေရတာ ... ဒါ အန်တီ့သမီး ထက်ဝင့်ဘိုလေ ..."

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် ထိန်ဝင်းအောင်ပါ"

"သြော် ... အေး ... နောက်လဲ လာလည်ကွယ်၊ အိမ်နီးချင်းတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ခွင့်ပြုပါဦး၊ အန်တီနဲ့ဘုံ"

"ဟုတ်"

ထိန်ဝင်းအောင်က ရဲရွှန်ခေါ်လိုက်သည်ကို ဘုံလေးက ညင်ညင်သာသာ ခေါင်းညိတ်ပြသည်။

"ဒါက ဘယ်ကပြန်လာတာလဲ"

"ဟိုအိမ် ခဏသွားတာပါ မေမေရာ"

"ခဏသွားတာဆိုတော့ ကြာကြာသွားဖို့ရော အစီစဉ်ရှိတယ်ပေါ့"

"ဟဲဟဲ ... မေမေပြောမှပဲ သတိရသွားတော့တယ်၊ မျောက်သိုးနဲ့ ဟိုနား ဒီနား ခြေဆန့်လိုက်ဦးမယ်"

"ဟင်း ... ထင်သားပဲ ... ကြွ ... ကြွ ... "

"ဘကြီးရေ ... ဘကြီး ... "

"ဘကြီး မရှိဘူး ဟေ့ ... "

"ဘယ်သွားလဲ မပိုက်"

"အဲဒီနားတော့ ပြောမနေနဲ့၊ အလေလိုက်တုန်းနေမှာပေါ့၊





ဒီမှာ အမေ ဆေးဝယ်ခိုင်းတာ အခုထိကို ပြန်မလာသေးဘူး"

"အင် ... ဒီကောင် ဘယ်သွားနေတာလိမ့်"

"ဘယ်သွားရမှာလဲ ... ကျောက်စူးတို့နဲ့ ဘီအီးဆိုင် ရောက်နေမှာပေါ့"

"တွေ့ရင် ဘာပြောလိုက်ရမလဲ မပိုက် ... "

"ဆေးမြန်မြန်ဝယ်ပြီး လာလို့ ... "

"ဟုတ် ... "

"ဘကြီးနဲ့မင်းက ကံဇာတာချင်း တူတယ်နော်"

"ဘာကိုလဲ မျောက်သိုး ... "

"သူမှာလဲ အစ်မနဲ့ မင်းမှာလဲ အစ်မနဲ့၊ သူ့အိမ်ကလည်း အလိုလိုက် ... မင်းအိမ်ကလည်း အလိုလိုက်နဲ့ ... "

"ဘာအလိုလိုက်တာလဲ အိမ်ကအလိုက်လိုနေတာကွ၊ ခုကြည့်ပါလား ... ကိုယ့်သားလေး အပြင်သွားတာပဲ အလိုက်တသိနဲ့ ဝိုက်ဆံပေးလိုက်ပါလား ... မပေးတော့ ငါက နှိုက်လာရတာပေါ့"

"မင်းမှာ ရှိမှန်းသိလို့ မပေးတာနေမှာပေါ့ကွ"

"ဘာပဲဖြစ်ဖြစ်လေ ... ငါက ကြားထဲက သူခိုးဖြစ်ရော၊ နာမည်ပျက်ရတာပေါ့ကွာ"

"အေး ... အဲဒီလို နာမည်မပျက်ချင်ရင် အလုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေး လုပ်ပါလားကွာ"

"ဘာအလုပ်လုပ်ရမှာလဲ၊ အခု အလုပ်တောင် ပင်ပန်းလွန်းလို့ ညစ်နေတာ"

"မင်းက အခုဘာလုပ်နေလို့လဲ"

"လည်ရာပြန်စားရေးလေ"

"ဪ ... တော်တော်ကိုပင်ပန်းမှာပဲနော်၊ ၁၀၉-၁၁၀ ထက်တောင် ပိုပင်ပန်းမယ်ထင်တယ်"

"ဒါပေါ့ကွ ... မင်း ကိုယ်ချင်းစာကြည့်လို့ရပါတယ်"

ဤသို့နှယ် ပေတရာလမ်းတစ်လျှောက် မျောက်သိုးနှင့်လေ ပေးသင့်လျှက်။

အခန်း (၃)

စောစောမထတဲ့ ထိန်ဝင်းအောင်ကိုတွေ့ရသဖြင့် သရဲဟု အော်ရလောက်အောင် သူ့အစ်မ လန့်သွားသည်။

"လန့်လိုက်တာ ထိန်ဝင်းရယ် ... စောစောစီးစီး အံ့သြစရာ"

"နင်ကလဲ ငါစောစောနိုးတာပဲ လန့်စရာလား"

"နင်က ဘာကိစ္စနဲ့အစောကြီး နိုးနေရတာလဲ"

"ဟဲဟဲ ... ထပြေးရင် ကောင်းမလားလို့ ... "

"ဘာအတွက်လဲ မဟုတ်ကဟုတ်ကတွေ လုပ်မနေစမ်းပါနဲ့"

"ကျန်းမာရေးလေ ... ကျန်းမာရေးအတွက်ပေါ့ဟ"

"ကျန်းမာရေး ဟုတ်လား ... "

"အေး ... အဆင်ပြေရင်တစ်ပတ် အဆင်မပြေရင် ပြေတဲ့ထိ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ကျန်းမာမမာတော့မသိဘူး၊ လောလောဆယ် စောစောထရလို့တော့ နင့်မျက်တွင်းကြီး ဖောက်ပက်နဲ့ အုတ်ကန့်ထဲ ဘောလုံးလေး မျောနေသလို ဖြစ်မှာတော့ မြင်ယောင်တယ်"

"နင်ကလည်း အေးပေါ့ ... ငါက နင့်လိုဝက်မဟုတ်တော့ နင် မနာလိုတယ်မဟုတ်လား"

"ထိန်ဝင်းနော် စတီးခွက်နဲ့ ပေါက်လိုက်မယ် ... ငါ့ကိုဝက်လို့ မပြောနဲ့ သေနာ ..."

"မဟုတ်လို့လား၊ နင့်ရဲ့ဝက်ခံနွာကိုယ်ကြီးနဲ့ ဝက်လိုဝနေ့တာ ဝက်မလို့ ငါက မခေါ်ရင် ..."

"ဒေါင် ..."

"အား ..."

"အန်ကယ်စ် ... အန်ကယ်စ်"

ဘုံ့အဖေကြီးက တံမြက်စည်းလှဲရင်း ထိန်ဝင်းအောင်ကို လှမ်းကြည့်သည်။

"ဘာလဲကွ"

"အစောကြီး နိုးတယ်နော်"

"အေး ..."

"တံမြက်စည်းလှဲတော့ အညောင်းညာပြေတာပေါ့၊ ခြံထဲလည်း သန့်ရှင်းသွားတာပေါ့"

"အေးကွ"

"ကိုယ်လက်လှုပ်ရှားမှုကလည်း လုပ်ရသေးတာကိုး၊ ဒါမှ ကျန်းမာရေးနဲ့ ညီတာလေ"

"အေး ... ဆို ..."

"အင်း ... တေကြီး ပြောသလိုပါပဲ၊ ဘုံ့အဖေက အေးလိုက်တာလွန်ရော၊ အေးချင်းထပ်မတတ်"

ဝန်ခံပြီးမှ စိတ်ဝါလာပုံရသည်။

"ဒါနဲ့ မင်းကို အရင်နေ့တွေက မတွေ့မိပါဘူး"

"ဩော် ... ကျွန်တော်က မနက်တိုင်း ပြေးတယ်လေ၊ လမ်းထိပ်မှာ အလန်းလေးတွေလည်း ထ ... ထပြေးတော့ အဟဲ ..."

"တကယ် ..."

မျက်လုံးအစုံ ဖျတ်ခနဲ အရောင်တောက်သွားတာ ... အဘိုးကြီးက အိမ်ထဲခိုးကြည့်ပြီး ထိန်ဝင်းအောင်ကို မေးလိုက်သည်မှာ လည်ပင်းက စိတ်ပုတီးပင် ယောက်ယက်ခတ်သွားသည်။







www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရော လိုက်မလား ... "

"လိုက်ချင်ပါဘူးကွာ၊ ငါ ... ငါ ပုတီးစိတ်ရဦးမှာကွ"

အမယ် ... ပုတီးစိတ်ရမှာကိုများ ပြောဖို့စကားက ထစ်နေရသေး ... ပုတီးက စိတ်ရဦးမှာဆိုတော့ မစိတ်ရရင် လိုက်ချင်သည့်သဘောရှိသည်။ ထို့ကြောင့် ...

"အန်ကယ်ကလဲ ပုတီးက အိမ်မှာရှိနေတာပဲ ဘယ်အချိန်စိတ်စိတ်ပေါ့ ... အလန်းလေးတွေက ဒီအချိန်လေးပဲရှိမှာနော်"

ထိန်ဝင်းအောင်ပုံစံက မဝယ်ချင်သည့်လူကို အတင်းထိုးရောင်းနေသည့် ကုမ္ပဏီမှ အရောင်းစျေးသည်နှင့်တူသည်။ မဝယ်ဝယ်ချင်အောင် မြှူဆွယ်နေသည်။

ထိန်ဝင်းအောင် အပြောမှာ အဘိုးကြီး မျောပါလာပြီး ...

"ဒါဖြင့် ခဏကွာ၊ ငါ ဦးထုပ်နဲ့ တုတ်ကောက်သွားယူလိုက်ဦးမယ်"

"ဟာ ... ဦးထုပ်ကတော့ ဟုတ်ပါပြီ၊ တုတ်ကောက်က ဘာလုပ်တာလဲ ... အန်ကယ့်အရွယ်နဲ့ လမ်းကောင်းကောင်းလျှောက်နိုင်သားပဲဟာ ... "

"လမ်းထမလျှောက်တာ ကြာပြီလေကွာ၊ လိုရမယ်ရပေါ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





သို့လော သို့လော ပြောပြီး အိမ်ထဲသို့ ဝင်သွားပါသည်။

ဟိုဘက်လျှောက် ဒီဘက်လျှောက် အဘိုးကြီး ထွက်မလာသေး။ ထပ်ပြီး ဒီဘက်လျှောက် ဟိုဘက်လျှောက် နေကထွက်လာပြီ။ စောစောထလာရတော့ မျက်လုံးနှစ်လုံးကား ပါမစ်မရဘဲ မှိတ်ချင်နေသည်။

သိပ်မကြာပါဘူး ... အိမ်ထဲမှ ထွက်လာပါပြီ။

"ဟင် ... ရှင် ... အဲ ကိုထိန်ဝင်းအောင် ဘာထိုင်လုပ်နေတာလဲ"

ထက်ဝင့်ဘုံပါ ... သူကလေးက စျေးဆွဲခြင်းလေးဆွဲလို့။

"ဟို ... အန်ကယ် ... အဲ ဦးနဲ့ ထပြေးမလို့ စောင့်နေတာလေ"

"ဖေဖေနဲ့"

"ဟုတ် ... ဦးထုပ်နဲ့တုတ်ကောက်သွားယူမလို့ဆိုပြီး အိမ်ထဲဝင်သွားတာကြာပြီ"

"ဖေဖေက အခန်းထဲမှာ ဝင်အိပ်နေတာ ကြာပေါ့"

"ဗျာ ... "

"စိတ်မရှိပါနဲ့၊ ဖေဖေက တစ်ခါတစ်ခါ အဲလိုပဲ ... သူ့စကားကို ယုံမိတဲ့လူကသာ အမှား ... "



www.burmeseclassic.com

www.burmeseclassic.com



"မထူးတော့ပါဘူးလေ ... ဘုံ ဈေးသွားမှာမဟုတ်လား"

"ဟုတ်"

"ကိုယ် လိုက်ပို့ပေးမယ်နော်"

သူလေးက ခေါင်းညိတ်ပြလိုက်သဖြင့် ထိန်ဝင်းအောင် ပျော်သွားသည်။ ကျေးဇူးပဲ ယောက္ခမကြီးရေ ...

"ကိုထိန်ဝင်းအောင်က ကျောင်းပြီးပြီလား"

"ဟုတ် ... ကျွန်တော် ဖစ်ဆစ်နဲ့ပြီးတာ ဘုံကရော ... "

"ဘုံက ခက်မစ်စ်ထရီနဲ့ ... ဟို အသက်ဘယ်လောက်လဲ ဟင်"

"ဗျာ ... ကျွန်တော်လား ... "

"ဟုတ် ... "

ထိန်ဝင်းအောင် အသက် ၂၈နှစ်ဟု မပြောချင်။ ကောင်မလေး ကြည့်ရတာလဲ ၂၃ နှစ် ၂၄ နှစ်လောက်ရှိမည်အထင်နှင့်မို့။

"၂၃ နှစ်ကျော်ပြီ ... ဘုံ ... "

"၂၄ နှစ်ထဲမှာပေါ့"

"အင်း ... "

ဗျူး ရင်ထဲပေါ့သွားသည်။ အသက်ရွယ်တူမဟုတ်လျှင် တစ်ချို့က စကားသိပ်မပြောချင်ဘူး မဟုတ်လား။ သူမကတော့





ခြင်းလေးကို ဟိုရမ်းဒီရမ်းနှင့်။

"ဘုံထက် အသက်တော်တော်ကြီးတာပေါ့"

"ဟင် ... ကြီးသေးတယ်"

"ရှင်"

"သြော် ... အသက်ကြီးတယ် ဟုတ်လားလို့"

"အင်း ... ဘုံက ခုမှ ၂၁နှစ်ပဲ ရှိသေးတယ်"

"ပြည့် ... ပြည့်ပြီလားဟင်"

"ရှေ့လမှ ပြည့်မှာ ... "

"အင် ... "

ဘုံ့ကို ဘေးမှာထား၍ လမ်းလျှောက်လာရသည်ကိုကပင် နဂို သူ့စိတ်ရင်းထက် မြောက်ကြွ မြောက်ကြွ ဖြစ်နေသည်။ ဘုံ့လက်ထဲမှ နာရီကိုလှမ်းကြည့်တော့ ဖြနာရီခွဲကျော်ပေါ့။ ဒီချိန်ဆို ဖက်တီး လက်ဖက်ရည်ဆိုင် ဖွင့်လောက်ပြီ။

မြင်စမ်းပါ ... တစ်ယောက်ယောက်လောက် ကြွားချင်နေတာ ဒီက။ လမ်းထဲမှာ မကြည်ပြာနဲ့ကိုတိုးဆောင်တို့က အဆိုးဆုံး။ ကွဲရဲ့တာထက် ရည်းစားမရသေးသော ထိန်ဝင်းအောင်ကို သူတို့ထက် မစွံသဖြင့် ပြောနေခြင်းဖြစ်သည်။

လမ်းထိပ်တော့ ရောက်ပြီ။ အဲ ... ဖက်တီးဆိုင်မှာ ကိုတိုး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်က ငုတ်တုတ်။ လက်ဖက်ရည်ဆိုင်ဘေးက မုန့်ဟင်းခါးဆိုင်မှာ မကြည်ပြာ။

ခါတိုင်းဆို ဖက်တီးဆိုင်ရှေ့မှ ရဲရဲဝံ့ဝံ့ မလျှောက်နိုင်။ အကြွေးတောင်းမှာစိုးသဖြင့် ထိန်ဝင်းအောင်မှာ ဝရမ်းပြေးအလား ခေါင်းလည်မတတ် ဖက်တီးကိုကြည့်ရသည်။ အခုတော့ အကြွေးအားလုံးပြီးသွားပြီဖြစ်သဖြင့် ခေါင်းမော့ ရင်ကော့ကာ လျှောက်လာလိုက်သည်။

ဘုံနဲ့လျှောက်လာတာကို တွေ့စေချင်ပါသည်ဆိုကာမှ ဒင်းတို့က ကိုယ့်ဟာကိုယ် အရှုပ်လုပ် အဲ ... အလုပ်ရှုပ်နေကြသည်။ မထူးပါဘူးဆိုတဲ့ သဘောနဲ့။

"ဘုံ ... ကိုယ့်အသိတွေ နှုတ်ဆက်လိုက်ဦးမယ်"

"ဘုံနဲ့လည်း မိတ်ဆက်ပေးလေ"

"အာ ... ဟုတ်သား ... လာ ... "

ဘုံက သူ့နောက်မှ ပါလာသဖြင့် ပို၍ ပို၍ မြောက်ကြွသွားသည်။ အနားမရောက်ခင် ကိုတိုးဆောင်က မြင်သွားပုံရသည်။

"ဟ ... ထိန်ဝင်း ... လက်ဖက်ရည်သောက်ဦးကွ"

"မသောက်တော့ဘူးဗျာ"

"သောက်ပါကွ ... မင်းလိုအကြွေးမထားခဲ့ပါဘူး၊ ငါမှာ ပိုက်ဆံပါပါတယ်ကွ"

သောပြီ ... အဲဒီ ကိုတိုးဆောင်က နည်းနည်းလေးမှ အလိုက်ကန်းဆိုး အရိပ်သုံးပါးကို နားမလည်။

"ဟာဗျာ ... ကိုတိုးဆောင်ကလည်း ဒီမှာမိတ်ဆက်ပေးဖို့လာ ... ဘုံ ... "

"အဟော် ... သိမှသိပဲကိုး၊ ပြောပြောကာစပေါ့ ... မင်းတစ်ယောက်ထဲ ဂလေရိုက်လာတယ်ထင်လို့ ... အေးလေ ... ဒါကြောင့် ဒီနေ့ နေထွက်တာစောတာ ... "

"ဘာ ... ဘာပြော ... "

"မင်း အစောကြီးနိုးနေလို့လေ ... "

"ဟွန်း ... ဒါ ... ကျွန်တော်တို့ရပ်ကွက်ထဲ ပြောင်းလာတဲ့ ကောင်မလေးလေ ထက်ဝင့်ဘုံတဲ့ ... ဘုံ ဒါက ကိုယ်တို့လမ်းမှာ ရပ်ရေးရွာရေးဆို သူကရှေ့က ခေါင်းရှောင်၊ အဲ ... ဟုတ်ပါဘူး၊ ဦးဆောင်တာ ... သာရေးဆို သူက ရှေ့ကအရင်ပဲ"

"ဟုတ်တယ် ... သာသနာအကျိုးပြုတာပေါ့ ဟဲဟဲ"

"အင်း ... နာရေးဆိုလဲ သူက ရှေ့ကအရင်ပဲ"

"ဟုတ်ကဲ့ ... ဖဲဝိုင်းပြင်ရတာလေ ... အာ ဟော့ကောင်"

"အာ ... မှားလို့ မှားလို့ ကူညီဆောင်ရွက်ပေးတယ် ပြောတာပါ"







www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အတည်ပေါက်နှင့် ဖွဲ့နေတာဖြစ်သည်။ ထိန်ဝင်းအောင်က ရေနွေးကြမ်းကို ဖန်ခွက်ထဲထည့်ပြီး တစ်ငုံသောက်လိုက်သည်။ ပြီးမှ ...

"လမ်းထဲက မွှာရုံဆိုလဲ သူပဲ ..."

"ဟုတ်တယ် ညီမရဲ့"

"ဆွမ်းကျန်ဟင်းကျန် အုပ်နေတာလေ"

"ဟာ ... ဟော့ကောင် ..."

"အဲ ... ဟုတ်ပါဘူး၊ ဆွမ်းကွမ်း ဝေယျာဝစ္စ ရှေ့ဆောင်လမ်းပြလို့ ..."

ထိုအချိန်မှာပဲ ...

"ဟဲ့ ... ထိန်ဝင်း"

လှည့်ကြည့်စရာမလို မကြည့်ဘဲ အတတ်သိသည်။

မကြည်ပြာ ...

"စောစောစီးစီးပါလားဟဲ့ ..."

"အလုပ်မသွားသေးဘူးလား မကြည်ပြာ ..."

"စောသေးလို့ ... ဒါ ... ဟိုတယောက ပြောင်းလာတဲ့အိမ်က ထင်တယ် ..."

"ဟုတ်ကဲ့ အစ်မ ..."

အင်း ... သူသိသွားပြန်ပြီ၊ မိန်းမတွေက ယောက်ျားတွေ





ထက် စပ်စုတဲ့နေရာမှာတော့ တပန်းသာပြီး ခြေတစ်လှမ်းသွက်သည်။ သွက်လဲသွက်ချင်စရာပဲလေ။ ထိန်ဝင်းအောင်တို့ ယောက်ျားတွေကမှ စပ်စုလို့မှ မရတာ။ ယောက်ျားကြီးတန်မဲ့ စပ်စုလိုက်တာဟု အပြောမခံချင်သဖြင့်။

"ဒါ ... မကြည်ပြာတဲ့၊ မကြည်ပြာ ထက်ဝင့်ဘုံလို့ခေါ်တယ်"

"လမ်းတွေ့ရင် ခေါ်နော် ညီမ ..."

"ဟုတ် ..."

"ကဲ ... ဘုံ၊ ဈေးသွားမယ်"

"ဟုတ် ..."

ကျွန်တော့်စကားကြောင့် မကြည်ပြာနှင့်ကိုဘိုးဆောင်က ဘုံ့ကိုကြည့်နေကြသည်။ ကိုဘိုးဆောင်က ...

"ထိန်ဝင်း ..."

"ဗျာ"

"အခု ... ဈေးထဲသွားမလို့လား"

"အင်းလေဗျာ"

"မင်းက ဖက်တီးဆိုင်က လိုင်းပြောင်းပြီး ဈေးထဲရောက်သွားတာလား"

"ဟာဗျာ ... မဟုတ်ပါဘူး"

"ဒါနဲ့ ချိုလေးဆိုင်ရှေ့ကတော့ မဖြတ်မိစေနဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



" ... "

ထိန်ဝင်းအောင် ပွစိတိုက်ပြီး ထလာလိုက်သည်။ ကိုတိုးဆောင်နှင့် မကြည်ပြာတို့နှစ်ယောက်သာ ကျန်ခဲ့သည်။ သူ့အတင်းဆက်ပြောနေမှာတော့ သေချာသည်။

"ထိန်ဝင်းက တယ်ဟုတ်နေပါလားဟ ကြည်ပြာရေ"

"ခုမှ ပိုးတုန်းပါ ကိုတိုးကြီးရယ်"

"ဟာ ... "

"ဘာဖြစ်တာလဲ ကိုတိုးကြီး ... "

"လက်ဖက်ရည်တွေ မရှိတော့ဘူး၊ မသောက်ဘူး ... မသောက်ဘူးနဲ့ ကြည့်စမ်း ... ဒီရေနွေးခွက်ထဲ ဖါလက်ဖက်ရည်တွေ ငှဲ့သောက်သွားတယ်"

"ကိုတိုးကြီးက တွေ့ရင်တားပေါ့၊ ပြုံးသလောက် ကန်းတယ်"

"ဟ ... ငါလည်း ရေနွေးငှဲ့တယ်ထင်လို့ပေါ့"

"ကောင်းတယ် ... သွားပြီ ... "

"ချွေးသားလေး ... လူလည်ကျသွားတယ်"

" ... "

"ဟိုလေ ကိုထိန်ဝင်းအောင်"

"ခေါ်ရတာ မမောဘူးလား ဘုံ ... "





"အဲ ... ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"ထိန်ဝင်းလို့ပဲ ခေါ်ပေါ့"

"ဟင့်အင်း ဖေကြီးလီမ့်မယ် ... ကိုထိန်ဝင်းလို့ပဲ ခေါ်တော့မယ်"

ဖေကြီးမှာစိုးရင် နောက်က ထိန်ဝင်းဆိုတာဖြုတ်ပြီး ရှေ့က ကိုဆိုတာလေးပဲ ခေါ်ပါလားလို့ပြောလိုက်ချင်တာမှ ... ပွန်းပွန်း။

"ဘာပြောမလို့လဲ ဘုံ ... "

"ခုန ဟို ဦးလေးတိုးဆောင် ... "

"အစ်ကိုကြီးပါ ဘုံရဲ့ ... "

"သူ့အသက်က ဘယ်လောက်လဲ"

"၃၅ နှစ်"

"အဲဒါ ဦးလေးပေါ့"

"အိ"

ဟုတ်သား ... ဘုံနဲ့ကျတော့ ၁၉ နှစ်လောက်ကွာတာ။ ကျွန်တော်ကတော့ ၇နှစ်လောက်ပဲကွာတော့ အစ်ကိုကြီးပေါ့။

"အဲဒီ ဦးလေးကြီးပြောတဲ့ ချိုလေးဆိုင်က မဖြတ်နဲ့ဆိုတာ ဘာလဲဟင်"

"အဲဒီဆိုင်က ချိုလေးဆိုတာက ကိုယ့်သူငယ်ချင်းလေး၊ သူက ဆိုင်နားကဖြတ်တာနဲ့ သူ့အမေရောင်းတဲ့ မုန့်ဟင်းခါး အစေးထိုး



www.burmeseclassic.com

www.burmeseclassic.com



ကျေးလွန်းလို့”

“သြော် ...”

အမှန်တော့ ချိုလေးက ထိန်ဝင်းအောင်ကို တစ်ဖက်သတ် ကြိတ်ကြွေနေခြင်းကြောင့် ကျေးခြင်းဖြစ်သည်။ သူငယ်ချင်းတော့ သူငယ်ချင်းပါ။

ဘေကြီး၊ ချိုလေးနှင့် ထိန်ဝင်းအောင်က ငယ်ပေါင်းတွေပါ။ မျိုးသောက်နဲ့ တက္ကသိုလ်ရောက်မှ တွေ့ရင်း ခင်ကြသည်။ ဘေကြီးနှင့်ချိုလေးကတော့ ဆယ်တန်းမအောင်ခဲ့။

ချိုလေးက ထိန်ဝင်းအောင်ကို ကြိတ်ကြွေနေတယ်ဆိုလို့ ကောင်မလေးလို့တော့ မထင်လိုက်နဲ့။ အကောင်ကြီး အကောင်ကြီး။ သန်သန်မာမာထွား ထွားကျိုင်းကျိုင်းကို ပုဆိုးဒူးလောက် ပတ်ပြီး အမြဲရှုပ်လက်ရှည်နဲ့ ဆံပင်စည်းထားတဲ့ အကလောင်ကြီး အဲ ... အကောင်ကြီးပါ။

“ကိုထိန်ဝင်း”

“ဗျာ”

“အဆောင်းတန်းက ဘယ်မှာလဲ”

“အဲ ... ဟိုဘက်မှာလေ”





“မနေ့က မေမေနဲ့လာတော့ အဲဒီဘက်မလာဖြစ်လိုက်လို့”

“ဓလေလေး ... ဘုံ ဒီဘက်ကလာ ...”

“ဟင် ... ဒီကဖြတ်ရင် ရောက်နေပြီလေ”

“ဟို ... ချိုလေးဆိုင်က ဟိုမှာ ...”

“သြော် ...”

ဘုံ့လက်ကို ဖျတ်ခနဲ ဆွဲလိုက်ပြီး လှည့်လာလိုက်သည်။ လျှပ်စီးသဖြင့် ဘုံလဲ မငြင်းသာပုံပေါ်သည်။

ရင်တွေများ တလှပ်လှပ် ခုန်သည်မှာ ရှေ့မှ ငါးဗန်းထဲက ငါးခုန်သလောက်တော့ ဖျင်းသ နားတယ်ဟု ဆိုရမလောက်ပင်။

ဒါပေမဲ့ ... ခုန်နေတဲ့ ငါးခုကို ပိသလေးနဲ့ထုလိုက်သလိုပဲ ထိန်ဝင်းအောင်ရဲ့ တလှပ်လှပ်လေးကို ထုလိုက်သူက သူ့ရှေ့ ဘယ်ကြားကဘယ်လိုချောင်းပြီး ထွက်လာ မှန်းမသိတဲ့ ချိုလေးပါ။

“ထိန် ... ဘယ်လာတာလဲ”

“အဲ ... ဟို အဟီး ... ဈေးလေ ... ဈေးလာတာ”

ချိုလေးက ငယ်ငယ်ထဲက ထိန်ဝင်းအောင်ကို ထိန်ဟုခေါ်ပြီး ဘေကြီးခေါ် မျိုးအောင်ကို အောင်ဟုခေါ်သည်။ အသံမကြားရတာကြာသဖြင့် နှလုံးသည်းပွတ်ထိ ကျက်သီးဖြန်းဖြန်းထပြီး လက်မွေးပါထောင်သွားသည်။ နောက်မှ ဘုံကိုမြင်သွားသဖြင့် ...

“အဲဒါ ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သူငယ် ... သူငယ်ချင်းပါ ချိုလေးရာ"

"ဟွန့် ... သူငယ်ချင်းလဲ ပြောသေး လက်ကြီးကလည်း ကိုင်ထားသေး"

ချိုလေး စကားသံကြားမှ ဘုံက ကျွန်တော့်လက်ထဲမှ သူ့လက်လေးကို ရှုန်းထွက်လိုက်သည်။

"ပြီးမှ လာခဲ့မယ် ချိုလေးရာ ... လာ ... ဘုံ ..."

"ထိန် ... ထိန် ..."

တကယ်သေချင်စော်နံသွားသည်။ ရှက်လိုက်တာ ...

"ဟီးဟီး ..."

"ဘာရယ်တာလဲ ဘုံ ..."

"ဘာမှမဟုတ်ပါဘူး ..."

"အဲ ... အဲဒါ ကိုယ့်သူငယ်ချင်းပါ ..."

"ဘုံက ဘာပြောသေးလို့လဲ"

အမူအရာနဲ့ပြောတာက ပိုသိတယ်တဲ့။

အခန်း (၄)

"အန်ကယ်စိုး ... အန်ကယ်စိုး ..."

"ဘယ်သူလဲ ... အလှူ့စံလား၊ ကန်တော့ပါသေးရဲ့၊ အိမ်မှာ လူကြီးတွေမရှိဘူး"

"ထိန်ဝင်း ငါတိုးဆောင်ကွ ... မင်းအဖေရှိလား"

"မရှိဘူး ... နယ်ကအမျိုးတွေလာခေါ်လို့ ပါသွားပြီ"

"ဟာ ... ဗွဲ ပြဿနာ ..."

"ဘာဖြစ်လို့လဲ ..."

"ဒီမှာလေ ... ကထိန်ကနီးနေပြီ၊ အန်ကယ်စိုးကလည်း ငါ့ကို တန်းလန်းကြီးထားခဲ့တယ်"

"ဗျာ"

"အလှူခံဗိုက်စွတွေ ထားသွားတယ်လို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါများ ကိုတိုးဆောင်ပဲ ခေါင်းရှောင်ပြီး အဲ ... ဦးဆောင်ပြီး ကောက်လိုက်ပေါ့"

"မင်းကလဲ ... လမ်းလှူကြီးမပါဘဲ ကောက်တော့ ဘယ်သူက ယုံမှာလဲ"

"ဟုတ်ပါတယ် ကိုတိုးဆောင်က အားနေကစ်နေတော့"

"ဟော့ကောင် ... ဟော့ကောင် ... သာရေးနာရေး မရှိတုန်းဘဲ ကစ်တာပါကွာ"

"ဒါဖြင့်လဲ လမ်းလှူကြီးအစား တစ်ယောက်လောက်ဖြစ်ဖြစ် ရပ်မိရပ်ဖခေါ်ပေါ့"

"အေး ... မင်းလိုက်ခဲ့"

"ဂျာ ... အာဟာ မနောက်ပါနဲ့ ကိုတိုးဆောင်ကလည်း ကျွန်တော်က ဘယ်လိုလုပ် ... "

"ဟော့ကောင် ... လျှာမရှည်နဲ့ သွား ... မင်းဘောင်းဘီတိုကြီး ပုဆိုးနဲ့သွားလဲ ... လမ်းလှူကြီးမပါလဲ လမ်းလှူကြီးသားပါတယ်ကွာ ... ကောက်မယ်"

"ရက်စက်ပြီ ... ကိုတိုးဆောင်ကတော့ ဒီမှာအေးအေးနေစ်မလို့ဟာ"

"မြန်မြန်လုပ် ... စကားမများနဲ့ ... "





ကိုတိုးဆောင် ဆော်ဩမှုကြောင့် ပုဆိုးမြန်မြန်လဲရင်း ထွက်လာရာ ခြေဆင်း၍ ဝတ္ထုဖတ်နေသော အစ်မဖြစ်သူ ခြေထောက်ကို မမြင်မစမ်း ရှပ်ပျာ ရှပ်ပျာနှင့် တက်နင်းမိသည်။

"အား ... ကျိုးပါပြီ ထိန်ဝင်းရဲ့"

"ကန်တော့ ဝက်မ ... အဲ ... မောင် ကန်တော့ ကန်တော့"

"သေနာကျလေး ကိုယ့်အစ်မတစ်ယောက်လုံးကိုတောင် မမြင်တော့ဘူးလား"

"အေး ... ငါမျက်လုံး တိမ်ဖုံးနေပြီထင်တယ်၊ နင့်လို ဝက်ခန္ဓာကိုယ်ကိုတောင် မမြင်တော့ဘူး ဝက်မရယ် ... "

"ကဲဟယ် ... ဝက်ချင်ဦး"

"ဝိုး ... "

"ဒေါက် ... "

"အော်မင်းဖျ",

ပ+ဒ+တ တွဲချုပ် သိုင်းဝတ္ထုဖြင့် အပေါက်ကောင်းကြီး ပေါက်လိုက်ရာ အိမ်ရှေ့အဝတွင် ရပ်နေသော ကိုတိုးဆောင်၏ နဖူးသို့ ကွက်တိ ဒေါက်ခနဲပင်။ သူ့အမေက စတိုးဆိုင်ထဲမှ ထွက်လာပြီး ...

"ဘာဖြစ်နေကြတာလဲ ... ဟဲ့ တိုးဆောင် ... အပေါက်ဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ပျောက်လို့ ရှာနေတာလား"

"ဟာဂျာ ... အဒေါ်ကလည်း ဘာဖိနပ်ပျောက်ရမှာလဲ၊ ဟိုမှာ အဒေါ်သမီး ကျွန်တော့်ကို သိုင်းလောကရဲ့စိန်ခေါ်သံကြီးနဲ့ ကောက်ထုလိုက်တာ ... ရှေ့ ... ဒီမှာ စာအုပ် ... ဟေ့ကောင် ထိန်ဝင်း ... အဝတ်လဲပြီးရင် မွှာရုံကို လိုက်ခဲ့ ... သွားမယ် ... အား ကျွတ် ကျွတ် ..."

"ဟဲ့ ... အထဲမှာ ဘာဖြစ်နေကြတာလဲ"

"မေမေ့သမီးပေါ့ အားနေ တစ်ခုခုနဲ့ပေါက်ဖို့ပဲ ဆရာမလို့ မပြောရဘူး"

"နင် ဘာလို့ ဝက်မလို့ပြောလဲ ..."

"ဟ ... နင့်အရွယ်က ဝက်ဆိုဒ်ပဲဟာ ..."

"ထိန်ဝင်းနော် ဒီတစ်ခါ ဒီပန်းကန်ပြား လာမယ် ..."

"ပေါက်လေ ... ပေါက်လိုက်၊ ဟိုတစ်ခါ ငါထိတာ နင်နဲ့နီး နေလို့ သိလား ... ငါရှောင်ရင် လွတ်တယ်"

"ကဲ ကဲ ... တော်ကြပါတော့၊ ငါလာထိမယ် ... ထိန်ဝင်း တိုးဆောင် ခေါ်နေတယ်မဟုတ်လား ... သွား ..."

"ပေး ပိုက်ဆံ ..."

"ဘာပိုက်ဆံလဲ ..."





"ကထိန်ဖိုးလေ ..."

"ဟိုပိုက်ဆံသေတ္တာထဲမှာ ငါးထောင်ယူသွား၊ ပိုဘတ်မယ် မကြဲနဲ့ အဝီစိ တစ်ခါထဲ ရောက်သွားမယ်"

"သိပါတယ် မေမေရာ ..."

"ဟိုကောင် ဘေကြီး ... စာရင်းစာအုပ်ယူ ထိန်ဝင်းက ငွေကိုင်"

"ကိုတိုးဆောင်ကရော"

ထိန်ဝင်းအောင်ရော ဘေကြီးပါ ပြိုင်တူမေးမိသည်။

"မင်းတို့ထဲမှာ ငါကလူကြီး၊ ငါရှေ့က သွားနှင့်မယ်၊ ဦးဆောင် မယ်ပေါ့ကွာ"

"ဩော်"

ကိုတိုးဆောင်က ပြောပြီးပြီးချင်း ရှေ့မှ ကော့ကော့ ကော့ ကော့သွားပါတော့သည်။

တစ်အိမ်ဝင် တစ်အိမ်ဆင်းနှင့် သူတို့အုပ်စု ဘုံလေး အိမ်ရှေ့ ရောက်လာကြသည်။ ကိုတိုးဆောင်က ရှေ့မှနေ၍ ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ချင်တွေ အချိုမှုး"

"ဟင် ... အိမ်ရှင်မရှိဘူးတဲ့၊ လာ ... ဟိုဘက်အိမ်သွားရ အောင်"

"ဟာ ကိုတိုးဆောင်ရ ... ဘိုးသက်ရှည်က သူငယ်ပြန်နေ တာ"

ထိုအခါကျမှ ကိုတိုးဆောင်က ခြံကိုကျော်ကြည့်လိုက်ပြီ။

"သိဘူးလေကွာ ... ဂျေဂျေကလစ် ဝတ်ထားပြီး ဦးထုပ် ဆောင်းထားတော့ ငါက ကလေးထင်တာပေါ့"

ဘိုးသက်ရှည်က ဂေါ်လီလုံးများကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး ...

"အိမ်ချင်တွေ အချိုပါဘူးဆိုမှ အန်တီရေ ... အဲလှူခံလာနေ တယ် ဦးဦးရေ ... အလှူခံ ... "

မျက်စောင်းကြီးထိုးကာ အိမ်ထဲသို့ လှမ်းအော်နေသဖြင့် ဒေါ်အေးဘုံကြီး ထွက်လာသည်။

"အိမ်ထဲဝင်ကြပါရှင်"

"ဟုတ်ကဲ့"

ကိုတိုးဆောင်ကို ကျွန်တော် တိုးကာ ရှေ့မှဝင်လိုက်သည်။

"ထိုင်ပါဦး သမီးရေ ... အအေးဖျော်လာပါဦး"





"သားလည်း သောက်မယ်"

"အဖေ ... အဖေက အိမ်ပေါ်ထပ်ကိုတက် အပေါ်မှာ တိုတိုင်းကျော် ben 10 ကား ကြည့်နေတယ်"

"ဟာ ... ဟိုကောင် အပေါ်မှာလား။ ငါ့နဂါးနိုင်ဓား သူတွေ့ လို့မဖြစ်ဘူး"

နဂါးနိုင်ဓားတွေရော ben 10 တွေရော ဘာတွေမှန်းမသိ။

"ဟို အန်တီ ... လာရင်းကိစ္စက ကျွန်တော်တို့ရပ်ကွက်က ကထိန်မှာ ပဒေသာပင်သီးဖို့အတွက်ပါ ... ကိုယ့်ဘာသာကိုယ် ပစ္စည်းဖြစ်ဖြစ် ငွေပဲဖြစ်ဖြစ် သီးလို့ရပါတယ်၊ အခုက ကထိန်မှာ ကျွန်တော်တို့ မွှာရုံကလည်း ရပ်ကွက်လိုက်စုပြီး ပဒေသာပင် တစ်ခု ထည့်ချင်လို့ပါ၊ အဲဒါ သဒ္ဓါတတ်အား နည်းများမဆိုပါ"

"သြော် ... အေး ... "

"အအေးသောက်ကြပါဦးရှင်"

"ဟုတ်ကဲ့"

ဘုံက ထိန်ဝင်းအောင်ကို ပြုံးပြသဖြင့် သူ့ရင်ထဲ မသိမသာ ပိုး ထသွားပြန်သည်။

"သမီး ... သမီးဖေဖေကို သွားခေါ်လိုက် ... "

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးဘုံက မချိပြုံးလေး ပြုံးပြရင်း ...

"ပိုက်ဆံက သမီးလေးအဖေ ကိုင်တယ်လေ ... အဲဒါကြောင့် ..."

"ဟုတ်ကဲ့ ခင်ဗျ ..."

သိပ်မကြာပါ။ အဘိုးကြီးနည်းတူ ဘုံ့အဖေကလည်း ဂျေဂျေဘောင်းဘီအဝါကြီးနှင့် ဘောက်ခနဲ ဘောက်ခနဲ ဆင်းလာသည်။

"ဩော် ... အေး အေး ..."

ဘာမှတောင် မပြောရသေးဘဲ သူ့ဘာသာ အေးလိုက်ရင်း ဆိုဖာခုံပေါ် ထိုင်လိုက်သည်။ အတော်အေးတဲ့လူပါ တကယ်ကိုအေးတာပါ။

"လာရင်းက ..."

"ဟုတ်ကဲ့ ကထိန်အတွက်ပါ ဦး ..."

"ကိစ္စက ..."

"ဟို ... အလှူလာခံတာပါခင်ဗျာ ..."

"ကထိန်အတွက်ဆိုတော့ အခုလာတာက ..."

"ဟုတ် ... အလှူလာခံတာပါခင်ဗျ"

"ဩော် ... အေး ... အလှူခံတာဆိုတော့ ဘာအတွက်ပါလိမ့်"





"ကထိန်အတွက်ပါဗျ"

"ကထိန် ... ကထိန်ဆိုတော့ ခု ဦးတို့ဆီလာတာက ..."

"အလှူလာခံတာပါဆို ..."

"ဩော် ... အေး ... အေး လှူတာကလှူတာ ပြဿနာမရှိပါဘူး၊ ဒါနဲ့ ဘာအတွက် ..."

"ကထိန်ပါဆို"

"ကဲ ... ကိုတိုင်းကျော် ကလေးတွေပြောတာ ရှင်နားလည်ဘူးလား၊ ကထိန်အတွက် အလှူလာခံတာပါဆို ..."

"ဩော် ... အေး ... ကထိန်အတွက် အလှူလာခံတာတော့ ဟုတ်ပါပြီ၊ ဒါနဲ့ ငါက ဘာပွဲအတွက် ပိုက်ဆံထည့်ရမှာ"

"ကထိန်အတွက် ထည့်ရမှာ ..."

"ကထိန်အတွက်ကို သူတို့က ဘာလာလုပ်တာလဲ"

"အ ... လှူ ... လာ ... ခံတာ ... ကဲ ... သမီး ... သမီးအဖေ စိတ်ဖောက်နေပြီ ... သမီးပိုက်ဆံထဲကပဲ စိုက်ထားနှင့်တော့"

"သမီးမှာ မနက်ဈေးဖိုး သုံးထောင်ပဲရှိတယ် မေမေ"

"ဟာ ... ရပါတယ်၊ စေတနာရှိသလောက်ပါပဲ"

"ထည့်ချင်တာကတော့ ဒီထက်များများထည့်ပေးချင်ပါတယ်ကွယ် ... ညကျမှ ဒင်းဆီက ဗီရိုသော့တောင်းထားပြီး နိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မယ်"

"ဟာ ... ရပါတယ် အန်တီ ... ကျေးဇူးပါပဲ၊ ကျွန်တော်တို့ကို နာမည်လေး တစ်ဆိတ်လောက် ... "

"ဦးတိုင်းကျော်နဲ့ ဒေါ်အေးဘုံ မိသားစု ... "

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦးဗျာ"

"အေး ... အေး ... "

ထိန်ဝင်းအောင်က ဖိနပ်ချွတ်တွင် ဖိနပ်စီးရင်း အခန်းထဲဝင်သွားသော ဘုံ့ကိုကြည့်နေမိသည်။ ကိုတိုးဆောင်က ...

"ဟေ့ကောင် ဘာကြည့်နေတာလဲ ... "

"ဟို ... ဦးလေး အထဲမှာ ဘာများဖြစ်နေလဲလို့ ... "

"အောင်မာ ... လာ ... ကျုန်တဲ့အိမ်တွေ ကောက်ရဦးမယ်"

မည်သို့ပင်ဆိုစေ ဘုံက ကန့်လန့်ကာနောက်မှ မိုးကြည့်ရင်း အထဲဝင်သွားတာ မြင်လိုက်သဖြင့် ထိန်ဝင်းအောင် ကျေနပ်သွားသည်။

အခန်း (၅)

"ထွီ ... နေ့လိုက်တာကွာ"

မျောက်သိုးက သူ့ခွက်ကို တစ်ငုံမော့ပြီး ထွေးထုတ်လိုက်သည်။

"မင်း ... ဆားတွေထည့်ထားတာလား ထိန်ဝင်း ... "

"ဒါ ... ငါ့ခွက် မဟုတ်ဘူးလား"

"ခွီးပဲ ... သေချာကြည့်ပါလားကွ၊ ဒါ ... ငါ့ ပေါ့ဆိမ့်"

"အာ ... ဆောရီးကွာ၊ ငါ့ခွက်မှတ်လို့ ဆားနည်းနည်းထည့်လိုက်တာ"

ထိန်ဝင်းအောင်က ဘာအရသာနှင့်မှ မတူသော ရေနွေးလွဲ၍ ဆားနည်းနည်းခတ်သောက်တတ်သည်။ အခုလဲ ဘုံ့ဈေးအလာကို ဈေးထိပ်လက်ဖက်ရည်ဆိုင် (မျောက်သိုးတို့လမ်းထိပ်)တွင် ငမ်း



www.burmeseclassic.com

www.burmeseclassic.com



အဲ ... ငေးနေမိသဖြင့် ဆားကို ခွက်မှားထည့်လိုက်သည်။ ခါတိုင်း ဖက်တီးဆိုင်ဆို ထိန်ဝင်းအောင် မှာတာနဲ့ ဆားခပ်ပြီးသား ...

"မင်း ... ဝမ်းမသွားဘူးလား ထိန်ဝင်း ... "

"ဘာဆိုင်လို့လဲ ... "

"ဆားတွေ ထည့်သောက်တာ ဝမ်းပျက်မယ်နော်"

"မပျက်ပါဘူးကွာ ... ကျေတောင်ကျေသွားပြီ"

"အမ် ... ဘာကျေတာလဲ"

"လက်ဖက်ရည်တို့ ကော်ဖီတို့ဆိုတာ များများသောက်ရင် ဝှတ်ချမ်းတယ်လေ ... ဆားက ဝမ်းပျက်တယ်၊ အဲတော့ နှစ်ခုပေါင်း လိုက်တော့ ဝမ်းမှန်တာပေါ့"

"ဘာမှလဲမဆိုင်ဘူး ဝမ်းမှန်ချင်ရင်ပဲ လက်ဖက်ရည်ထဲ ဆား ခတ်သောက်ရမလို ဖြစ်နေပြီ ... "

"ငါက လေးလေးပင်ပင် အရသာကြိုက်လို့ ... "

"အေး ... ထားပါတော့၊ ဒါနဲ့ မင်းတို့လမ်းက ဟိုတစ်ခါ ကောင်မလေးလေ မိုက်တယ်နော် ... "

"ဘုံ့ကိုပြောတာလား"

"အေး ... "

"ငါ ပျိုးမလို့ ... "





"ဘယ်သူက လုမယ်ပြောလို့လဲ"

"ကြိုတင်ကာကွယ်ထားတာပေါ့ကွ၊ နောက် မင်းလေသံ က သိပ်စိတ်မချချင်စရာ"

"မင်းလဲ စွံမှပဲ ... ဘယ်နှယ့်ကွာ၊ အသက်ဖြင့် ဗလချိုင့် ရောက်တော့မယ်၊ မူးလို့ ရှူစရာမရှိဘူး"

"ဟ ... ရှူရအောင် နှာရှူဖူးမှမဟုတ်ဘဲ မင်းပြောမှပဲ"

"သဘောပြောတာပါကွာ ... လုပ်လေ ... အားပေးပါတယ်"

"စိတ်ချ ... ဒီနေ့ ပြောမှာ ... "

"လုပ်ကွာ အပြည့်အဝ အားပေးတယ် ... ငါနဲ့ဖြူဖြူလည်း နောက်နှစ်ပတ်လောက်နေရင် ယူဖြစ်မလား မပြောတတ်ဘူး"

"ဟ ... သဘောတူလိုက်ပြီလား ဖြူဖြူ့အိမ်က"

"မတူလည်း မရတော့ဘူး။ ခိုးပြေးဖို့ပဲ ရှိတော့တယ်၊ တွဲလာ တာပဲ ဆယ်တန်းထဲကကွာ ... ဒီချိန်မှ မယူရင် ငါနဲ့သူ ဘယ်ချိန်မှ ယူရတော့မလဲ"

"ဟဟ ... အေး ကောင်းတယ် ... ယူသာယူ"

"ဟိုဟာလေ ... ခိုင်မွန်မွန်စိုးတစ်ယောက်လည်း ပျောက် နေတယ်နော်"

" ... "



www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန်က သဘောလည်းကောင်းတယ်ကွ၊ ကဲန်တင်းထိုင်ရင် သူ့ပဲ ရှင်းနေကျ ... ကျောင်းသားဘဝတွေးမိရင် ပြန်တောင်ငယ်ချင်တယ်ကွာ ... "

" ... "

"ဟော့ကောင် ထိန်ဝင်း ... သေသွားပြီလား"

"ဒီမှာလေ ... မင်းအဖေ ငုတ်တုတ်ကြီး"

"ပြောလေကွာ ... မွန်မွန်နှာမည်ကြားတာနဲ့ပဲ ဆံပင်တွေ ဘာတွေဖြူချင်သွားလို့လား"

"ငါမေ့ထားတာကြာပြီပဲ ... မင်းက အစလာဖော်နေတယ်"

"ဩော် ... မဟုတ်ပါဘူး၊ မတွေ့တာကြာလို့ပါ၊ သူတို့အိမ်ပြောင်းသွားကတည်းက မတွေ့တော့တာ ... အဲဒီအိမ်ရောက်တဲ့ဆော်တွေကတော့ ဟဟား ... ထိန်ဝင်း မင်းနဲ့လွတ်ကို မလွတ်ဘူးနော်"

"ဟော့ကောင် အပျိုကြီးမပါဘူး၊ သူ့ဟာသူလိုက်ကပ်တာ"

"အေးပါ ... ပထမက မွန်မွန် ... ဟော မွန်မွန်တို့အိမ်ပြောင်းသွားတော့ မကြီးအိ ... မကြီးအိ ပြောင်းတော့ အခုဘုံ ... "

"ဘုံ့ကို တကယ်ချစ်တာကွ"

"မွန်မွန့်ကိုရော ... "





"တော်ပြီကွာ ... "

"ဟော့ကောင် ... ဟိုမှာ မင်း ဘုံလား ... "

"ဟာ ... ဟုတ်တယ်၊ မျောက်သိုး ရှင်းထားလိုက်ကွာ၊ ဈေးထတောင် ပြန်လာနေပြီ ... ဘယ်ချိန်ထဲက လွတ်သွားလဲမသိဘူး"

"ဘုံ"

"ဟယ် ... ကိုထိန်ဝင်း ဘယ်လာတာလဲ"

"ဘုံ့ကို စောင့်နေတာ ... "

"ဟင် ... အလျှုံခံကိစ္စလား၊ ဘုံ့မှာ ခုပိုက်ဆံအပိုမပါဘူး"

"အာ ... ဟုတ်ပါဘူး၊ မနေ့ကပိုက်ဆံကို လာတောင်းတာမဟုတ်ဘူး၊ တောင်းတာတော့ တောင်းဖို့ပဲ၊ ဒါပေမဲ့ ... ပိုက်ဆံမဟုတ်ဘူး"

"ဘာလဲဟင် ... ဘုံ့မှာ ကိုထိန်ဝင်း လိုချင်တာရှိလို့လား"

"ရှိနေလို့ပေါ့"

"အဲ ... အဲဒါ ဘာလဲဟင် ... "

"အသည်းနှလုံး ... "

"ရှင် ... ဘုံ ... ကြက်သည်းကြက်မြစ်ဝယ်တာ ကိုထိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသိလဲ … ဟို … အသည်းက တတွဲနှလုံးက … ”

“ဟို … ဟို … အဲဒီ ကြက်သည်းကြက်မြစ် မဟုတ်ဘူးဘုံရဲ၊ ရင်ထဲက ဘုံ့ရဲ့အသည်းနှလုံးကို တောင်းခံနေတာ … ”

“ရှင်”

ဘုံ့ကို ရည်းစားစကား ပြောနေတာလေ … ”

“ဟင် … ဟုတ်လား … အို … အစစ်ကြီးပဲ”

“အဲဒါ … အင်း … စဉ်းစားပေးနော် … ”

ဘုံက ချက်ချင်းခေါင်းညိတ်ပြသည်။

“ဟာ … တကယ်နော် … ”

“ကိုယ် အဖြေဘယ်တော့သိရမလဲဟင်”

“ဟ … ဟား … ငါကွ”

“ဟော့ကောင် … ပြန်လာပြန်ပြီလား။ လမ်းပေါ်မှာ အရှုးထ မနေနဲ့၊ အဖမ်းခံနေရဦးမယ်”

“ထဝ် … ကျက်သရေမရှိ မင်္ဂလာမရှိ မပြောနဲ့ … ”

“ဟာဟ … အခြေအနေ ဘယ်လိုလဲ၊ မင်းဘယ်ကပြန်လာ





လဲဆိုတာ ငါသိတယ်နော် … ”

“လန်းတယ်ကွ”

“အဖြေက ဘာလဲ … ”

“စဉ်းစားပေးမယ်တဲ့”

“ဘယ်တော့သိရမှာလဲ … ဒါလေးနဲ့များ မြူးနေရသေးတယ်”

“လက်တစ်ချောင်း ထောင်ပြတယ်ကွ … ဟဟား … ”

“အင် … လက်တစ်ချောင်းဆိုတာ ဘာလဲ၊ တစ်ရက်လား တစ်ပတ်လား တစ်လလား တစ်နှစ်လား … ”

“တိန် … အာ … ဟုတ်သား၊ ဝမ်းသာလုံးဆို့ပြီး မမေးခဲ့ရဘူး”

“ညံ့ပါကွာ … ”

အိမ်ရောက်ရောက်ချင်း ကျောင်းသွားတော့မည့် သူ့အစ်မကို မေမေ့အလစ်ချောင်းကာ …

“မောင်”

“ဘာလဲ”

“ဥပမာဟာ … နင့်ကို တစ်ခုပြောမယ်၊ အကယ်၍ လူတစ်ယောက်က နင့်ကို အဖြေတောင်းရင် နင် သူ့ကိုဘယ်တော့ပေးတော့



www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးမလဲ ... "

သူ့အစ်မက သူ့ကို စာအုပ်စီရင်း လှည့်ကြည့်သည်။

ပြီးမှ ...

"ဘာလာအရှုံးနေလဲ ထိန်ဝင်း"

"ဟာ ... ပြောစမ်းပါဆို ... သိချင်လို့ပါ"

"ဘာလဲ ... နင့်သူငယ်ချင်းတွေထဲက ငါ့ကိုကြိုက်တဲ့လူရှိလို့လား"

"ဝေးသေး ... ပြောစမ်းပါ ... "

"ဟဲ့ ... လွယ်လွယ်နဲ့ပေးလို့တော့ ဘယ်ဖြစ်မလဲ၊ တစ်နှစ်လောက်တော့ စောင့်နိုင်းမှာပေါ့"

"ဟာ ... "

"ဘာဖြစ်တာလဲ ... "

"နင် ... အဲဒါကြောင့်မို့ အပျိုကြီးဖြစ်နေတာ"

အခန်းထဲတွင် ပွစိတိုက်ရင်း သူ့အစ်မ ကျန်ခဲ့သည်။ သွားပြီ ဘုံများ တစ်နှစ်လောက်သာ စောင့်ခိုင်းလို့ကတော့ မေမေရေ ကယ်ပါဦး။ မေမေသားလေးတော့ ရင်ကျိုးပါပြီဟု အော်ရုံသာရှိတော့မည်။

"ဟော့ကောင် ... အဲဒါဆို ဒီတိုင်း ထိုင်မနေနဲ့လေ"





"ဟုတ်တယ် ... ဟုတ်တယ် ... "

ကိုတိုးဆောင် စကားကို ဘောကြီးက ထောက်ခံသည်။

"ဒါဖြင့် ကျွန်တော်က ဘာလုပ်ရမှာလဲ"

"စာလေးနဲ့ ထပ်ရေးပေးပြီး ပြောပေါ့၊ အဲလိုတော့ မရက်စက်ပါနဲ့ ဘာညာပေါ့ ... "

"မနေ့ကမှ ရည်းစားစကားလိုက်ပြောတာ ဒီနေ့ စာထပ်ပေးရမှာလား"

"မင်းမှ သေသေချာချာမမေးဘဲ၊ ကဲ ... တစ်နှစ်စောင့်ဆို စောင့်မှာလား"

"မစောင့်နိုင်ဘူး ... ရူးသွားမှာပေါ့"

"အေးပေါ့ ... အဲဒါ ဒီနေ့စာလေးနဲ့ ပိုက်ဆံထပ်ချေ။ အဲ ဟုတ်ပါဘူး ... ရောကုန်ပြီ ... ထပ်ပြောပေါ့ ... "

"ကျွန်တော် မရေးတတ်ဘူး၊ ကိုတိုးဆောင် ရေးပေးလေ"

"မင်းကတော့ကွာ ... "

"နော်လို့ ... လုပ်ပါဗျာ"

"ဟင်း ... စာရွက်နဲ့ဘောပင်ပေး ... "

"ဟုတ် ... ဖက်တီး စာရွက်နဲ့ဘောပင် ခဏလောက်"

"ထိန်ဝင်း ... ဒါလေးတော့ အပိုင်ဓယူသွားနဲ့နော်၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အကြေးမှတ်ဖို့ ဒါက ... ”

“သိပါတယ်ကွာ ... ခဏပါဟ ... ”

ကိုတိုးဆောင်က လျှာတပြင်ပြင်နှင့် အပီရေးနေတော့သည်။

“ကဲ ... ပြီးပြီ၊ ဒီတိုင်းသာပေးလိုက် ချက်ချင်းကိုအဖြေပြန်ပေးလိမ့်မယ်”

“အဟုတ်ကြီး ... သေချာလို့လား”

“ဟ ... သေချာတာပေါ့ဟ ... တိုးဆောင် ရေးတာပါကွ”

“အင်း ... ယုံရမှာ ပိုခက်သွားပြီ”

“ဟေ့ကောင် ထိန်ဝင်း ... မင်းကိုတိုးစကားတော့ ယုံလိုက်”

“အေးလေ ... ပြောလိုက်စမ်းပါ ဘဲကြီးရယ် ... ဒီကောင်ပြီးမှ နောင်တရမယ် ... ”

“ဒါဖြင့် ဟေ့ကောင်ဘဲကြီး ... ကိုတိုးဆောင် စကားမှန်ကြောင်း ဒီစာမှာ မင်း လက်မှတ်ထိုး ... ”

“အင် ... ဘာကိစ္စ လက်မှတ်ထိုးရမှာလဲ”

“ဟုတ်တယ်လေ ... မင်းထိုးမှ ငါယုံမယ် ... ”

“ပေးကွာ ... ပေး ... ထိုးရသေးတာပေါ့ကွာ”

“ဟဲဟဲ ... အဲလိုမှပေါ့”

“နေဦး ... ထိန်ဝင်း ... ဒီစာကို မင်းဘယ်လိုပေးမယ်လို့





စိတ်ကူးထားလို့လဲ”

“ဟင့်အင်း ... သိဘူးလေ”

“ငါပြောပြမယ် ... ဒီည ... ”

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

"ခြင် ကိုက်လိုက်တာဗျာ"

"ကိုက်လဲ သည်းခံကွာ ... ဒါအရေးကြီးတဲ့ အော်ပရေးရှင်း တစ်ခုကို ဆင်နွှဲနေတာလို့ သဘောထား"

"မနက်ဖြန်မှ ပေးလဲရတဲ့ဟာကို ... ကိုတိုးဆောင်ကလည်း တကယ့်အရစ် ... "

"ဟ ... ရည်းစားစကားပြောတာတို့ အကြွေးယူတာတို့ဆို တာ နောက်ကျရင် မကောင်းဘူး မြန်မြန်ပဲကောင်းတယ်၊ မတော် လို့ သူများကြားဝင်သွားရင် မင်းဘယ်နှယ့်လုပ်မလဲ၊ ကျန်ရစ်ဖြစ်မှာ"

"ဟုတ်တယ် ... ဟုတ်တယ် ... "

ဘုမသိ ဘမသိ ကိုတိုးဆောင် စကားကို ဘေကြီးက ထောက်ခံနေပြန်သည်။ အချိန်ကား ည(၁၁)နာရီ ရှိနေလေပြီ။ ဝရံ





တာတွင် ဘုံနှင့်သူ့အမေက စကားပြောကောင်းနေဆဲ။ အဘိုးကြီး နှစ်ယောက်ကတော့ အိပ်နေပြီထင်သည်။ ထိန်ဝင်းအောင်တို့ သုံး ယောက်ကတော့ ဘုံတို့အိမ်ဘေးမှ ဦးဂွစာ၏ခြံထဲ ခိုးဝင်ကာ ချုံထဲ တွင် ခေါင်းဆိုင်နေကြသည်။

"ခြင် တအားကိုက်တယ်ဗျာ မခံနိုင်တော့ဘူး"

"ဟေ့ကောင် ... မင်း ဒီလောက်လေးတောင် သည်းမခံနိုင် ဘူးလား"

"အဘွားကြီးကလည်း လေရှည်လိုက်တာ၊ ဘေကြီး မင်းဟာ ကရော သေချာလို့လား"

"သေချာပါတယ်ကွာ ... ဒီချိန်ဆို အဘွားကြီးက စကားပြော ပြီး အထဲဝင်တော့မှာ ... ဘုံတစ်ယောက်ထဲ ဝရံတာမှာ ကျန်နေခဲ့ မှာ"

"စိတ်က သိပ်တိုတာမဟုတ်ဘူး"

"မရှည်ဘူး လုပ်စမ်းပါ"

"ဟင်း ဟင်း ... ဟင်းနော် ... "

"ငါတုန်းကလည်း ပုစူးမကို ဒီနည်းနဲ့သုံးပြီး စာပေးတာကွ၊ မနက်ထဲကျရော ... "

"ရုပ်ကွက်ရှုံး ရောက်ရောလား"



www.burmeseclassic.com

www.burmeseclassic.com



"အိ ... ခွေးသား၊ ငါက ဘာလို့ရုပ်ကွက်ရုံးရောက်ရမှာလဲ၊ အမြဲပြန်ရတာပေါ့ကွ ... ပူစူးမ ငါ့ရင်ခွင်ထဲရောက်နေတာ မင်းမျက်မြင်ကိုယ်တွေ့ ... "

"ဟီးဟီး သိပါဘူး ... "

"ဟော ... သွားပြီ၊ သူ့အမေကြီး အိမ်ထဲဝင်သွားပြီ ... သွားလေ ... သွားတော့ ထိန်ဝင်း"

"ဘယ် ... ဘယ်လိုပေးရမှာ"

"ဝရံတာကို တွယ်တက်လေ ... အပေါ်ရောက်မှပေးပေါ့"

"တွယ်တက်လို့ လွယ်ပါ့မလားဗျ ... အဝေးကကြည့်တော့သာ နိမ့်တယ်ထင်ရတာ၊ ခု အနားကပ်ကြည့်မှ အီး တော်တော်မြင့်တာပဲ"

"ဟော့ကောင် မြင့်မှတက်မယ် နိမ့်မှတက်မယ် ရွေးမနေနဲ့ မင်း မနှစ်ကချောတိုင်တက်တာ ဆုတောင်ရသေးတာပဲ သွား"

"တူမလားဗျ ... ဟိုက လုံးလုံးကြီးကို အောက်ကပင့်ထားတဲ့လူတွေကလည်း ရှိသေး ... "

"ကဲ ... မထူးပါဘူးကွာ၊ လာ ဘောကြီး ... ငါ့ပေါ်တက်"

"ဟာ ... ဘူး ... ဘူး ... တက်ဘူး ... "

"ဟော့ကောင် လျှောက်တွေးမနေနဲ့၊ ငါ့ပခုံးပေါ်တက်၊ မင်း





ပခုံးပေါ်ကို ဒီကောင် ထိန်ဝင်း တက်လိမ့်မယ်"

ညှိသို့နှင့် ထိုသုံးယောက် တစ်ယောက်ပေါ်တစ်ယောက် ဆင့်ကာတက်တော့မှ အဆင်ပြေသွားသည်။

"ဘုံ"

"အမလေး ... ဘုရား အနိစ္စ ... မြုတ်ကျတော့မယ်"

"ရှူး ... မပြုတ်ကျပါဘူး၊ ကိုင်ထားတယ်"

"ဟင် ... ကိုထိန်ဝင်း ... ဘုံကယောင်တာပါ၊ ရှင်က ဘာတွေလိုက်ပြောနေတာလဲ"

ထိုအခိုက် ...

"သမီး ... ဘာဖြစ်တာလဲ"

"အဲ ... ဘာမှမဖြစ်ဘူး၊ မေမေ အိမ်မြှောင်လက်ပေါ်ကျလို့"

တစ်ဆက်တည်း ထိန်ဝင်းအောင်ကို ...

"ဘာလာလုပ်တာလဲဟင် ... "

"စာ ... စာလာပေးတာ၊ ဟော့ကောင် ဘောကြီး ငြိမ်ငြိမ်နေ ဒီမှာ ငါပြုတ်ကျမယ်"

"မြန်မြန်ပြောပါ ခွေးသားရဲ့ ... ငါကြားထဲက ညောင်းလှပြီ"

"ဘာစာလဲ"

"ရည်းစားစာလေ"

"ဟင် ... မနေ့က ပြောပြီးပြီ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က အစမ်း ... ဒီနေ့ အစိန် ... "

"တစ်မျိုးကြီးပဲ ... အဲလိုမျိုးတွေ ရှိသေးလို့လား"

ဘုံက ထိန်ဝင်းအောင်လက်ထဲမှ စာကိုယူကာ ဖတ်လိုက်သည်။ ဖတ်ဖတ်ချင်းပြုံးကာ ရှက်နေပုံရသည်။ စာလဲဆုံးရော မျက်နှာက သွေးရောင်ပြောင်းကာ ...

"ဟင် ... ဒါ ... ဒါ ... "

"ဘယ်လိုလဲ ... ဘယ်တော့အဖြေပေးမှာလဲ"

"ဒါ ... ဒါ ... ကိုထိန်ဝင်း ... ရှင် ကျွန်မကို ဘာထင်နေလို့လဲ"

"အဲဗျ ... ဘာဖြစ်လို့လဲ ဘုံရ ... "

"ရှင် ... တော်တော်ယုတ်မာတာပဲ ... ဒါ ... ဘာလုပ်တာလဲ"

"ဟာ ... ဘာ ... ဘာယုတ်မာလို့လဲ"

"ရော့ ... ရှင့်စာရှင်ပြန်ဖတ်ကြည့် ... "

"ဟာ ... ဘုံ ... "

ဘုံက စိတ်ဆိုးမာန်ဆိုးနှင့် အိမ်ထဲဝင်သွားသည်။

"ဟော့ကောင် ... ပြီးရင် ဆင်းတော့ကွာ ... ငါမခံနိုင်တော့ဘူး"





ထိုအခိုက်မှာပင် ...

"ကျွိ ... "

"ဟိုက် ... "

ရုတ်တရက် အိမ်ရှေ့တံခါးကိုဖွင့်လိုက်သူက ဦးတိုင်းကျော်။ ထိုတိုးဆောင်က အောက်ဆုံးမှာရပ်နေသဖြင့် ပက်ပင်းတိုးသွားသည်။

"ဟော့ကောင် ... ဘာလုပ်နေတာလဲ"

"အဲ ... အဟီး ... အန်ကယ် ... ဦးလေး ... "

ကိုတိုးဆောင်၏ပခုံးမှ ခြေထောက်တစ်စုံကြောင့် ဦးတိုင်းကျော်က အပေါ်သို့ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်သည်။

"ဟော့ကောင်တွေ ... မင်းတို့ ... "

"ဖျာ ... "

ဦးတိုင်းကျော်အသံကြောင့် သုံးယောက်လုံး ဖြုတ်စဖျင်းတောင်းနှင့် ပက်လက်လန်ကျကုန်တော့သည်။ ဦးတိုင်းကျော်က မျက်နှာများကို လက်နှိပ်ဓာတ်မီးနှင့်ထိုးရင်း ...

"ဟော့ကောင်တွေ မင်းတို့ဘယ်သူလဲ ... ဟိုတစ်နေ့က အလှူလာခဲ့တဲ့ကောင်တွေ မဟုတ်လား"

"အဲ ... ဟုတ်ကဲ့ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ... ဘာလာလုပ်တာလဲ"

"အဲနေ့က ဟိုလေ ... ပိုက်ဆံ ... ပိုက်ဆံကျန်တာ လာတောင်းတာပါ"

"ဘာကွ ... ပိုက်ဆံလာတောင်းရအောင်၊ ငါတို့ထည့်ချင်သလောက်ထည့်မှာပေါ့ကွ"

"အန်တီ ... အန်တီအေးဘုံက ထပ်ထည့်မယ်ဆိုလို့ပါ"

ကိုတိုးဆောင်က သွားကြီးဖြီးကာ ရှင်းပြနေသည်။ ထိန်ဝင်းအောင်တို့နှစ်ယောက်ကတော့ ပြောင်စပ်စပ်မျက်နှာပေးနှင့်ဝင်မပြော။ ဟုတ်တယ်လေ ... သူက ဦးဆောင်သူပဲ သူရှင်းပေါ့။

"ပိုက်ဆံလာတောင်းရင် အိမ်ရှေ့ပေါက်ကဝင်ပေါ့ ဘာလို့ဝရံတာပေါ် ခိုတက်နေတာပဲ"

"ဦးတို့အိပ်ပြီမှတ်လို့ ... "

"ဟော့ကောင်တွေ မင်းတို့ကြည့်ရတာ မရိုးဘူး၊ ရဲစခန်းကိုဖုန်းဆက်ရမယ် ... "

"ဟာ ... ဦးရာ အဲလိုတော့မလုပ်ပါနဲ့၊ ကျွန်တော်တို့ကမိကောင်းဖခင် သားသမီးတွေပါ၊ အကြွေးယူတတ်တာကလွဲရင်ကျန်တာ ဘာမှမလုပ်တတ်ပါဘူး"

"ဘာ မိကောင်းဖခင်သားသမီးလည်း မိကောင်းဖခင်သား





သမီးဆို မင်းတို့ဒီလိုလုပ်မလား။ ကဲ ... ပြော မင်းတို့ငါ့ခြံထဲ ဘာလာလုပ်တာလဲ ... "

"အဲ ... ဟို ... ဟိုဟာလေ"

"ဟိုဟာတွေ ဒီဟာတွေ လုပ်မနေနဲ့၊ စခန်းကျမှ ရှင်းမယ်ဒါပဲ ... "

"ကဲ ... အစ်မကြီး သူတို့တွေ ဝန်ခံကတိထိုးပြီးပြီဆိုတော့ ခေါ်သွားလို့ရပါပြီ"

"လာခဲ့ ... အိမ်ရောက်မှ နင်နဲ့ငါနဲ့တွေ့မယ် ထိန်ဝင်း"

"မေမေကလည်းဗျာ ... မဆူပါနဲ့တော့ မနေ့ကတစ်ညလုံးလဲ အချုပ်ထဲမှာ မအိပ်ရဘူး"

"မအိပ်ရတာ နင့်ကိစ္စလေ ... ခုကြည့်စမ်း ဘယ်လောက်ရှက်ဖို့ကောင်းလဲ"

" ... ... "

"နင်က ဘာကိစ္စ အဲဒီအိမ်ကိုသွားရတာလဲ"

"စာသွားပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာစာလဲ”

“ဟာဗျာ … မသိတော့ဘူး”

ထိန်ဝင်းအောင် အိမ်ရောက်သည်နှင့် ဘောင်းဘီအိတ်ထဲ ထည့်ခဲ့သောစာကို ပြန်ဖတ်ကြည့်မိသည်။

“ဘုံ့ကို ကိုယ်အရမ်းချစ်မိနေပြီ၊ ကိုယ့်ကိုအဖြေပေးပါကွာ၊ အကြာကြီးတော့ မရက်စက်လိုက်ပါနဲ့ … ကိုယ့်နှလုံးသားတွေ မခံစားနိုင်လို့ပါ … အဖြေကို အခုပေးပါနော် … ”

ဟ … ငါ့စာက ဟုတ်သား ဟာကိုဘာကြောင့်တာလဲ မဟုတ်မှလွဲရော သူလဲ သူ့အဖေလို စိတ်ထဖောက်တာထင်တယ်။ ထိန်ဝင်းအောင် စာကို အဆုံးသတ်ဖတ်မိမှ သူ့နဖူးသူ ပြန်ရိုက်မိတော့သည်။

အရမ်းချစ်မိနေတဲ့ ဘောကြီး။

“ဟာ … သွားပါပြီကွာ … ”

“ဟော့ကောင် … မင်း ဒါတော့ ငါ့ကိုအပြစ်လာမတင်နဲ့၊ မင်း လက်မှတ်ထိုးခိုင်းလို့ ငါထိုးရတာပဲ … ကိုယ့်ဘာသာကိုယ်သာတင်”





“ဟကောင်ရ ထိုးရင်လဲ လွတ်လွတ်ကျွတ်ကျွတ်နေရာမှာ ထိုးပါလား … ငါမှားတာပါ၊ ငါမှားတာပါကွာ … ကိုတိုးဆောင်ကောင်းကို ယုံမိရင် အကောင်းသား”

“ငါပြောသားပဲ … ခု နောင်တရပြီမဟုတ်လား”

“သွားပါပြီဗျာ … ကျွန်တော် ဘာဆက်လုပ်ရမလဲ”

“ငါ သွားရှင်းပြရမလား”

“ရှင်းတော့ ရှင်းပြနိုင်းချင်တယ်ဗျ၊ ဒါပေမဲ့ ထင်သလောက် မလွယ်ဘူးနော် … ရှင်းကာမှ ပိုရှုပ်မှာကြောက်တယ်”

“ဘယ်အရာကရော လွယ်လို့လဲ … မင်းရည်းစားထားချင်တဲ့ကိစ္စ၊ မင်းကိုယ်တိုင်ရှင်းလိုက်တာ အကောင်းဆုံးပဲ၊ မသကာ ဝါးလေးတစ်ဖက် ယောင်ရုံအပြင် မပိုဘူး”

“အရောက်ပို့ပြန်ပြီ ကိုတိုးကတော့ … စိတ်ရှုပ်ပါတယ်ဗျာ”

“ဘုံ”

“ဘာလဲ … ဘာလိုက်ရှုပ်ဦးမလို့လဲ ကိုထိန်ဝင်းအောင်”

“အာ … မဟုတ်ရပါဘူး ဘုံရယ် … ကိုယ်ရှင်းပြတာ နားထောင်ပါဦး၊ ရုပ်ရှင်ဝတ္ထုတွေထဲက အရှုံးမင်းသမီးတွေလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလာမပြောနဲ့လို့ ပြန်မပြောလိုက်ပါနဲ့"

ထိန်ဝင်းအောင် စကားကြောင့် ဘုံ့ခမျာ ပြောလဲပြောချင်။ ပြောရမှာလဲ အခက်တွေ့သွားပုံရသည်။ ထို့ကြောင့် ဘာမှပြန်မပြောတော့။

"အဲဒီစာကလေ ကိုတိုးဆောင် ရေးပေးတာပါ၊ အောက်မှာ ဘကြီးက ကိုယ့်အချစ်ကို သက်သေအနေနဲ့ လက်မှတ်ထိုးထားတာပါ"

"မယုံဘူး"

"မယုံရင် ကိုယ် ဘကြီးကိုခေါ်လာပြီး ရှင်းပြမယ်လေ"

"မလိုဘူး"

ဘုံ ... ကိုယ့်ကိုမချစ်လို့ အဲလိုပြောတာ မဟုတ်လား။

" ... "

ကိုယ် ဘုံ့ကို တကယ်ချစ်တာပါ၊ တကယ်မြတ်နိုးတာပါ။ တကယ်တွယ်တာတာပါ ... တကယ် ... ။

" ... "

"ရပါတယ်လေ ... ဘုံ့မှာ ကိုယ့်အတွက်အဖြေမရှိတော့လဲ ကိုယ် ... "

"ဘယ်သူပြောလို့လဲ ... "





"ဟင် ... ရှိ ... ရှိတယ်ပေါ့ ... "

"သွားပါ ... ခုမှ ... "

"ရင်တွေတုန်လိုက်တာ ဘုံရယ် ... "

"ဟွန်း ... သူများအဖြေပေးမယ့်အချိန်တော့ မလာဘဲနဲ့ သွားပါ"

"ဟင် ... ဘုံက လက်တစ်ချောင်းပဲထောင်ပြပြီးတော့"

"အေးလေ ... တစ်နာရီစောင့်လို့ ပြောတာကို ... "

"ဟောဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

ထိန်ဝင်းအောင်တို့ ချစ်သူဖြစ်တာ မြန်တယ်လို့တော့ ပြောရမလိုဖြစ်နေသည်။

ဒါတောင် ထိန်ဝင်းအောင် တုံးသဖြင့် ဒီနေ့မှ အဖြေပြန်ရခြင်း ဖြစ်သည်။ နို့မို့ဆို ပြောပြီးပြီးချင်း တောင်းရင်ရသည်။ ချက်ချင်း အဖြေပြန်ပေးသဖြင့် ဘုံလေးအချစ်ကို အထင်မသေးလိုက် ကြစေလိုပါ။

ဘုံက အစောကတည်းက ထိန်ဝင်းအောင်ကို စိတ်ဝင်စားနေလို့ပါတဲ့လေ။ သူမက ဘယ်သူ့ကိုမှ မပြောနဲ့ဆိုပြီး ထိန်ဝင်းအောင်ကို ပြောပြတာ ဖြစ်သည်။

ထိုသတင်းပေါက်ကြား၍မဖြစ်။ ထိပ်တန်းလျှို့ဝှက်ချက်ကြီး ဖြစ်သည်။





ထိန်ဝင်းအောင် ဆိုင်စောင့်နေတုန်း သူ့အစ်မက ကျောင်းကပြန်လာပြီး အိမ်ထဲမဝင်သေးဘဲ ဆိုင်ထဲဆွဲခြင်းချကာ ...

"ထိန်ဝင်း ... "

"ဗျာ"

"ငါ နင့်ကို မေးစရာရှိလို့ ... "

"ငါမသိဘူး ... အဲဒီလူကို ... "

"ဟဲ့ ... ငါ ဘာမှမမေးရသေးဘူးလေ"

"အေး ... အဲဒါတကယ် ငါမသိတာ"

"ခက်နေပြီ ... စကားအကောင်းပြောမလို့ပါဟဲ့"

"အင်း ... ပြော ... ရှောင်မရတော့လည်း နားထောင်ပေးရမှာပေါ့"

ထိန်ဝင်းအောင် ရေနွေးကြမ်းငှဲ့ပြီး လက်ဖက်ပန်းကန်နှင့် နှပ်နေတုန်း ...

"နင်နဲ့ဟို အိမ်က ကောင်မလေးနဲ့ကြိုက်နေတာဆို ... ဘုံဆိုလား ... "

"ဖူး ... ဖရုး ... "

"အမ်လေး"

သူ့အစ်မစကားကြောင့် ထိန်ဝင်းအောင် ပါးစပ်ထဲမှ လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်နှင့်ရေနွေးကြမ်းများ သူမမျက်နှာသို့ လွင့်စင်သွားသည်။

"ညစ်ပတ်လိုက်တာ ထိန်ဝင်းရယ် ... အော့ ရွံစရာကြီး၊ ငါ့မောင်လို့ပြောရမှာတောင် ရှက်တယ်"

"အမယ် ... သူကပဲပြောရတယ်ရှိသေး၊ ရှက်မဲ့ရှက် ကျွန်တော်ကသာ ရှက်ရမှာ၊ ဟုတ်တယ်လေ ... ကျောင်းတုန်းကဆို သူနှင့်ကျွန်တော့်ကို မောင်နှမဟုပြောလျှင် ဘယ်သူကမှ မယုံ၊ တစ်ယောက်က ဝက်ရုပ်၊ တစ်ယောက်က မျောက်ရုပ်နဲ့။ ကျွန်တော်က သူ့ထက်အချောကြီးချောသေး"

"နင်က ရှက်တယ်ပြောရအောင် ငါက ရေ(၇)ရက်မချိုးဘဲ ညစ်ပတ်ပြီး နံနေလို့လား"

"အဲလိုဖြစ်နေရင်လဲ မေလင်းမောင်တို့ ဆရာမ မလုပ်တော့ဘူး၊ အိမ်ထဲမှာပဲ ကုပ်နေပြီး တိုင်ဆောင့်သေလိုက်မယ်"

"ဩော် ... ကိုယ့်မောင်ကို အရမ်း အရမ်းအမွှမ်းတင်တယ်ပေါ့"

"ဟွဲ ... ငါမေးတာ နင်နဲ့ဟုတ်တယ်မဟုတ်လားလို့"

"အေး ... ဟုတ်တယ်ဆိုရင်ကော ဘာဖြစ်လဲ ..."

"နင့်မှာ ရည်းစားရှိရင် စောစောစီးစီး ပြောပါလား"

"နင်ကရော မေးလို့လား ... ခု ဘာဖြစ်နေလို့လဲ၊ ငါ့ကို





သိန်း ၁၀၀၀ နဲ့ လာတင်တောင်းမဲ့လူ ရှိနေလို့လား"

"ဖြစ်မှဖြစ်ရလေ ... နင့်လို အလေနတောလိုက်နေတဲ့ အကောင်ကို ဘယ်မိန်းမကမှ သိန်း ၁၀၀၀ မပြောနဲ့ ငွေ ၁ကျပ်နဲ့တောင် လာမလဲဘူး"

"အိ ... ရက်ရက်စက်စက် ပစ်ပစ်ခါခါ ချိုးချိုးဖဲ့ဖဲ့ပဲ"

"နယ်က ငါ့သူငယ်ချင်း ခင်ပန်းမွှေးနဲ့ကျွန်တဲ့လက နင့်ကို ဆက်ပေးထားတာလေ မှတ်မိလား ..."

"နင်ပြောတော့ ငါ့ကို သူက မကြိုက်ဘူးဆို"

"အေး ... အစက မကြိုက်ဘူးတဲ့၊ အခုမှ နင့်ပုံကိုကြည့်ရင်း ကြည့်ရင်းနဲ့ ..."

"ဘာဖြစ်လဲ စိတ်မထိန်းနိုင်ဖြစ်သွားရှာလို့လား"

"သူမှမယူရင် နင်ဒီတစ်သက် မိန်းမရမယ်မထင်လို့ အဲဒါ သနားပြီး ပြန်ကြိုက်မလို့တဲ့"

"အိ ..."

"ဒီရုပ်ကိုများ ယူမဲ့မိန်းမတွေ့ပုံလို့ ... ဟွန့် ... အပြင်မှာ တွေ့ဘူးပဲနဲ့များ ... ခတ်ပုံသာမစားတာ အပြင်မှာစားပြီးသား အဲ ... အပြင်မှာ လန်းပြီးသား သိတယ်မဟုတ်လား ... ခတ်ပုံမစားတဲ့သူတွေက အပြင်မှာချောတာကို" (မှတ်ချက်။ ။ စာရေးသူပဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းလိုပင် ခတ်ပုံမစားပါ … )

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ ငါနှစ်ယောက်လုံးကို မကျွေးနိုင်ဘူးနော်"

"ဘာ"

"ရှာမကျွေးနိုင်ဘူးလို့"

"နင့်ကိုရော ဘယ်သူက နှစ်ယောက်ယူခိုင်းနေလို့လဲ"

"သိဘူးလေ … နင်အခုပြောနေတာက ဖွတ်ကြီးလိုပဲ"

"အဲဒါ … ရှေ့လ သီတင်းကျွတ် ကျောင်းဆယ်ရက်ပိတ်ရင် မြစ်ကြီးနားကနေ ဒီကိုလာလည်မယ်တဲ့"

"ဟိုက် … "

"မဟိုက်နဲ့ သူလာရင် ငါမျက်နှာမပျက်ရအောင် နင့်ကိုရှင်းရှင်းထား"

"ဟ … ငါက ဘာရှင်းရမှာလဲ … ငါ့အရှုပ်မှမဟုတ်တာ"

"နင့်ကောင်မလေးကိုပေါ့ … ငါက အပီကို ဟစ်ထားတာနော် … နင်က ဘယ်လိုအေးကြောင်း ဘယ်လိုလိမ္မာကြောင်း ငါ့မှာ အဲလိုပြောပြီးကတည်းက ငါးပါးသီလယူရင် တစ်ပါးလျှော့ယူနေရတာ"

"ဘာဆိုင်လို့လဲ"





"ဟုတ်တယ်လေ … မှသာဝါဒကံကို အပီအပြင်ကျူးလွန်ထားမိတာပဲ"

"အိ … "

ထိန်ဝင်းအောင်အဖေ နယ်မှပြန်လာသည့်နေ့တွင် သူ့အတွက် အာဝါဒါးတစ်ခု သယ်လာပြန်သည်။

"ဟိုကောင် ထိန်ဝင်း … "

"ဗျာ … "

"ရှေ့လ မင်း ညောင်ဦးက သောင်းဖေအိမ်ကို သွားလည်ရမယ်"

"ဗျာ … ဘယ်ကသောင်းဖေလဲ … သားသူငယ်ချင်းထဲမှာ သောင်းဖေဆိုတာ မရှိပါဘူး။ ဘာလဲ … သားကို ညောင်ဦးက သောင်းဖေက သိနေလို့လား။ သားကတော့မသိဘူးနော်"

"အာ … ပြောချင်တာတွေ လျှောက်ပြောနေတော့တာပဲ၊ သောင်းဖေဆိုတာ မင်းဘကြီး လှစိတ်ရွာက သူ့သမီး သီတာနဲ့ မင်းတို့ စကားဆက်လာလို့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါ ငါ့မှာလဲ မင်းမပါလာတော့ စာအုပ်ကြားထဲ ညှပ်ပါလာတဲ့ မင်းပတ်စပို့ပုံပဲ ပေးခဲ့တယ်၊ တော်တော်သဘောကျနေပုံပဲ ... အဲဒါ လွှတ်လိုက်ပါဦးဆိုလို့ ..."

"ဟာဗျာ ..."

"အဖေကတော့ အိမ်ကလူတွေကိုမတိုင်ပင်ဘဲ လုပ်တော့မယ်၊ ဒီမှာ မောင့်သူငယ်ချင်းနဲ့ထိန်ဝင်းကို ချိတ်ထားပေးပြီးပြီ"

"ဟ ... နင်က အဖေလား၊ ငါကအဖေလား၊ ငါလုပ်မယ့်ကိစ္စ နင်တို့ကို အစီရင်ခံရဦးမှာလား"

"အဖေကတော့ အဖေပေါ့ အဖေရယ် ... ဒီမှာအမေကလည်း သမီးသူငယ်ချင်းတွေနဲ့ ဆက်ထားဆိုလို့ မောင်က ခက်ခက်ခဲခဲ ချိတ်ဆက်ထားရတာနော် ... အဖေ့သားလိုလူမျိုးကို သဘောကျဖို့ဆိုတာကလဲ လွယ်တာမှတ်လို့ ..."

"ဟ ... မစိန်သန်း ... မင်းက ဖအေလား၊ ငါကဖအေလား"

"ရှင့်မှာ ဒီစကားတစ်ခွန်းပဲတတ်လား၊ ရှင်က ယောက်ျားဖြစ်မှတော့ ဖအေပဲဖြစ်မှာပေါ့ မအေဖြစ်လာမလား၊ တိုတစ်ခါထဲကရှင့်ကို ကျွန်မ ကြို့မပြောဘူးလား ... ပြော ..."

"ပြောပြော မပြောပြောကွာ ... မင်းသားဘာသာ စိတ်ကြိုက်ရွေးလိမ့်မယ်"





"ဟိုက်ရား ... ကောင်းလှချည်လား ထိန်ဝင်းရာ၊ မင်း ကံ ဇာတာက ကြောက်ခမန်းလိလိ တက်နေပြီပေါ့"

"တက်လဲမတက်ချင်ပါဘူး ကိုတိုးဆောင်ရာ ... ဖြစ်နိုင်ရင် တစ်ကောင်တစ်ယောက်စီ ပေးလိုက်ချင်တယ်၊ ခင်ဗျားနဲ့ဘကြီး ကို"

"ဟကောင် ... မင်းပြောမှပဲ ..."

"အဲ ... မှားလို့ တစ်ယောက်စီပေးလို့ရရင် ပေးလိုက်ချင်တယ်လို့"

"ငါတို့ကလဲ ယူလို့ရရင် ယူချင်ပါတယ်ကွာ ... ယူလို့မရလို့သာ"

"အဲဒါပေါ့ဗျ ... အိမ်ကလူတွေကလည်း ခက်ပါတယ် ... ကျွန်တော့်ကိုများ ခုမှအသည်းအသန် မိန်းမပေးစားချင်နေကြတယ်"

"အေးလေ ... မင်းသာ မိန်းကလေးဆိုရင် အခက်"

"အဲဒါ အရေးမကြီးဘူး၊ ရွေ့လ သီတင်းကျွတ်ဆို တစ်ယောက်ကလာပြီး တစ်ယောက်ဆီ ကျွန်တော်ကသွားရမှာ"

"ဟ ... ကောင်းတယ်ကွာ ... နှစ်ယောက်လုံးမလာခင် ကျန်တဲ့တစ်ယောက်နဲ့တွဲပြေး ပျော်စရာကြီးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ … ဘုံ့ကိုတော့ ရောထွေးမဖြစ်ပါနဲ့ဗျာ၊ ကျွန်တော် တကယ်ချစ်တာပါ"

"မင်း ယောကျ်ားမဟုတ်လား … ရဲရဲကြီးသာ ရင်ဆိုင်လိုက်"

"ဘယ်လိုရင်ဆိုင်ရမှာလဲ"

"ရှေ့လ လာမှာက ကျောင်းဆရာမ မဟုတ်လား"

"အင်း … ဆရာမလေး အသက်က ကျွန်တော်နဲ့အတူတူ လောက်ပဲ"

"ဆရာမလေးဆိုတော့ ဆရာမလေးတွေက သိပ်စည်းကမ်း ကြီးတာကွ"

"ယုံပါဘူး"

"ဟ … လုပ်ပြန်ပြီလား၊ နောင်တ ထပ်ရချင်လို့လား"

"မဟုတ်ပါဘူး … အိမ်က ဝတ္တုတ်ပြမဆို စာဖတ်ပြီး စာအုပ် တွေကို ဖြလရမ်းထားတာ၊ ကျောင်းသွားခါနီးမှ ရှာပြီးယူသွားတာ"

"ဟော့ကောင် … အဲဒါက အိမ်မှာမို့လို့လေ … ကျောင်းမှာဆို ကလေးတွေရှေ့ အဲလိုလုပ်လို့ရမလားကွ၊ နောက်ပြီး သူများအိမ်မှာ ဆိုတော့ ပိုပြီး … "

"ဟုတ်ပါပြီ … အဲဒါနဲ့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ မင်းအစ်မကလည်း မင်းဘယ်လိုအေး





ကြောင်း ဘယ်လိုလိမ္မာကြောင်း ပြောထားတာဆိုတော့ သူမကြိုက် အောင် ဆန့်ကျင်ဘက်လုပ်ပြလိုက်ပါ"

"ဟာ … ဟုတ်ပြီ၊ တော်တယ်ဗျာ အာဘွား"

ထိန်ဝင်းအောင်က ကိုတိုးဆောင်ကို အာဘွားလှမ်းရှုလုး လိုက်သဖြင့် ဘကြီးက ပြုံးကြည့်နေသည်။

"ရွှေစရာကြီးကွာ … "

"အဲ … ဒါပေမဲ့ ရှိသေးတယ် … ကျန်နေတဲ့တစ်ခုကျတော့ ဆော … "

"ကျန်တဲ့တစ်ခုလည်း အဲလိုပဲပေါ့၊ ဒါပေမဲ့ … မင်း ညောင်ဦး ကိုတော့ သွားရလိမ့်မယ်"

"ကျွန်တော် တစ်ယောက်ထဲတော့ မသွားချင်ပါဘူးဗျာ၊ ကိုတိုးဆောင်နဲ့ဘကြီးပါ လိုက်ခဲ့"

"ဟ … ငါတို့က ဘာလိုက်လုပ်ရမှာလဲ"

"နှစ်ယောက်လုံးကို ဆရာတင်တယ်ဗျာ လိုက်ခဲ့ရမယ်"

"ပိုက်ဆံက မရှိနဲ့ကွာ"

"ကျွန်တော် စိုက်ပေးမယ်ဗျာ … ဘုံကလွဲရင် တခြားလူ သူလို့မဖြစ်ဘူး"

"ဒါဖြင့်လဲ အေးကွာ … ဟိုရောက်မှ ညဏ်နီညဏ်နက် ထုတ်

www.burmeseclassic.com



ကြသေးတာပေါ့"

"ဘုံ"

"ရှင် ... ကို"

"ရှင် ... အဲ ဟုတ်ပါဘူး ... ဗျာ"

"ဘုံ့ကို ဘယ်လောက်ထိချစ်လဲ"

"ဘုံစိတ်ထဲမှာ ဘုံ့ကို ကိုယ်ဘယ်လောက်ချစ်တယ်လို့မှတ်ထင်တားလဲ ... အဲဒီ ဘုံမှတ်ထင်ထားတာရဲ့ အဆပေါင်းများစွာများစွာ ... ဘုံ့ကို ကိုယ်ချစ်တယ်လို့ ရင်မှာ ထာဝရစွဲထားလိုက်"

"အမယ် ... ခုတော့လည်း ပြောတတ်လိုက်တာ"

"ချစ်တာကိုး ဘုံရဲ့ ..."

"တကယ်လို့ ဘုံ့ကို အိမ်ကသဘောတူတဲ့လူနဲ့ ယူရမယ်ဆိုရင် ... ကို ဘယ်လိုလုပ်မလဲ"

ထိုစကားက ထိန်ဝင်းအောင် ပြောရမယ့်စကားဖြစ်သည်။ အခုတော င် သူ့မွေးသဖခင်က ညောင်ဦးကို ကော်လွှတ်နေသည်။ သူမှာ အိမ်ကပ်နေပြန်တော့လည်း သူ့အစ်မက သဘောတော်စွတ်ကျနေပြန်သည်။



"ဖြေလေ ... ကို"

"ဘုံ့အိမ်ကို ကိုယ်နဲ့ချစ်သူတွေပါလို့ ပြောလိုက်ပေါ့"

"အဲလိုပြောလို့မှ သဘောမတူရင်ကော"

"ခိုးပြေးကြတာပေါ့"

"ဟင့်အင်း ... ခိုးရာတော့ မလိုက်ချင်ပါဘူး"

"ဘာလဲ ... ဘုံက ကိုယ့်ကိုပဲ အဆုံးရှုံးခံမယ်ပေါ့"

"သဘောတူလာတဲ့ထိ ပြောကြည့်မှာပေါ့၊ ခိုးပြေးတာကြီးတော့ မလုပ်ချင်ဘူး"

"အင်းပါ ... ကိုယ်လာတင်တောင်းနိုင်အောင် ကြိုးစားပါ့မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

"ဒါက ဒီလိုရှိတယ် ကိုတိုင်းကျော်ရဲ့"

"ပြောပါဦး ကိုစိုးငြိမ်းရ"

"အဲဒီကိစ္စမှာ သူ မလွန်ဘူး"

"ဟ ... သူလွန်တာပေါ့ ကိုစိုးငြိမ်းရ ... ကိုယ့်ဆရာကိုယ် အာခံပြီး ပြန်သတ်ဖို့ ကြိုးစားတာပဲ"

"မဟုတ်သေးဘူးလေ ကိုတိုင်းကျော်ရာ ... သူ့ဆရာဆိုပေမဲ့ လည်း သူ့တိတ်တခိုးလေးကို သူ့ဆရာက ရှင်းပစ်လိုက်တာကိုး"

"ဒါကတော့ သူ့တိတ်တခိုးလေးက ထွက်ပြေးတာကိုး"

အဲဒါကတော့ ထက်ဝင့်ဘုံရဲ့အဖေ ဦးတိုင်းကျော်နှင့်ထိန်ဝင်း အောင်ရဲ့အဖေ ဦးစိုးငြိမ်းတို့ လမ်းထိပ်မှ လန်ဒန် အရက်ဆိုင်တွင် အရက်သောက်ရင်း စကားစမြည်နေကြတာပါ။ အတူတူအရက်လာ





သောက်ခြင်း မဟုတ်ပါ။ သို့ပေမဲ့ တစ်ရပ်ကွက်သားချင်းဆိုတော့ အရင်ရောက်နေတဲ့ ဦးစိုးငြိမ်းကပဲ စတင်ခေါ်ခြင်းဖြစ်သည်။ အခုလဲ နည်းနည်း ရီဝေဝေဖြစ်နေသော ဦးစိုးငြိမ်းက ...

"ထွက်ပြေးလဲ ပြေးချင်စရာကိုးဗျ။ သူ့ဆရာက နှိပ်စက်တာ ကိုး"

ဦးတိုင်းကျော် တစ်ခွက်မော့လိုက်ပြီး ...

"ဟာ ... အဲဒါ နှိပ်စက်တာမဟုတ်ဘူးဗျ။ ဒါ စည်းကမ်းလေ၊ အဲဒီစည်းကမ်းကို ဒီကလေးမက လိုက်မှမလိုက်နာတာ"

"ခင်ဗျားကလည်း သူ့စည်းကမ်းကလည်း လိုက်နာချင်စရာ ကိုး ... အပြစ်မဲ့တဲ့လူကို ပြန်လုပ်ခိုင်းတာ ကောင်မလေးက ဘယ် လုပ်ရဲမလဲ ... ဘာပဲပြောပြော ခင်ဗျား ဆရာကြီးလည်း နောက်ဆုံး ကောင်လေးလက်ချက်နဲ့ ဂန့်ရတာပဲမဟုတ်လား ဟင်း ဟင်း ဟင်း"

"ဟ ... အဲဒါကတော့ ဒီကောင်လေးက အလစ်ကိုဝင်လုပ် တာကိုးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ... ကိုယ် ရွှေလဆို ညောင်ဦးကို သွားစရာရှိတယ်။ အိမ်က လွှတ်လို့သာ သွားရမှာမသွားချင်ဘူး"

"ဘာကိစ္စမို့လို့လဲဟင်"

"ဖေဖေ့ကိစ္စပါ ... ခိုင်းထားတာလေး တစ်ခုရှိလို့"

"ကို တစ်ယောက်ထဲ သွားမှာလား"

"ဟုတ်ဘူး ... ကိုတိုးဆောင်နဲ့ ဘကြီးကိုပါ ခေါ်သွားမှာ"

"လုပ်ပြန်ပြီလား ... ဒီနှစ်ယောက်နဲ့"

"ဘုံကလည်းကွာ ... ကိုယ်တစ်ယောက်ထဲ ဘုံစိတ်ချလို့လား"

"စိတ်တော့ ဘယ်ချမလဲ"

"အေးလေ ... အဲဒါကြောင့် သူတို့ကိုပါခေါ်သွားတာပေါ့"

"ဘာလဲ ... ကိုက အဲလောက်တောင် ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိဘူးလား"

"အယ် ... ဟုတ်ဖူးလေ ... ဘုံရယ် ... "

"အင်းပါ ... ကိုသဘောပါ။ ဒါဆို ဘုံ့မွေးနေ့ကို မမီတော့ဘူးပေါ့နော်"

"ဟာ ... အမီပြန်လာမှာပေါ့ ဘုံရဲ့ ... သိပ်မကြာပါဘူး တစ်ပတ်လောက်ပါပဲ ... "



"အင်း ... ဖုန်းဆက်နော်"

"ဆက်မှာပေါ့"

"ကဲ ... ဒါဆို ဘုံတို့ပြန်ကြရအောင် ရှစ်နာရီတောင်ခွဲနေပြီ"

"အင်း ... "

ထိန်ဝင်းအောင်က ဘုံ့လက်ကလေးကိုကိုင်ကာ သစ်ပင်အောက်မှ ထွက်လာခဲ့သည်။ လမ်းထိပ်တွင် သူတို့လူချင်းခွဲလိုက်ပြီး ထိန်ဝင်းအောင် ဖက်တီးလက်ဖက်ရည်ဆိုင် ဝင်မည်အလုပ် ဘကြီးက အူယားဖားရား ပြေးလာပြီး ...

"ထိန်ဝင်း ... ထိန်ဝင်း မင်းအဖေ ... မင်းအဖေ ... "

"ဘာဖြစ်လာတာလဲ ဘကြီး ... ငါ့အဖေ ညနေကတင် မွှောရုံဆိုပြီး ထွက်သွားတယ်"

"မဟုတ်ဘူး ... မင်းအစ်မ ... အမလေး မောလိုက်တာ မင်းအစ်မ ... "

"ငါ့အစ်မ ဘာဖြစ်လဲ ... စားပိုးနင့်ပြီး ဆေးရုံရောက်နေလို့လား"

"ဟာကွာ ... ကိုယ့်မိသားစုကိုယ် သိပ်ချစ်ပြမနေနဲ့၊ မောရတဲ့အထဲ ... "

"မင်းက ဘာမှန်းမှမသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေ ရန်ဖြစ်လို့ စခန်းရောက်နေတယ်၊ အဲဒါ မင်းအမေလိုက်သွားပြီ … မင်းအစ်မက မှာလိုက်လို့ စခန်းကိုလိုက်သွားပါတဲ့"

"ငါ့အဖေ …"

"အေး …"

"မင်း လူများမှားလာသလားကွာ"

"မှားစရာလား … မင်းအဖေများ ခေါင်းဖြတ်ပြီးသတ်သွားတောင် မှတ်မိတယ်"

"အိ …"

ထိန်ဝင်းအောင် ဘောကြီးနှင့် စခန်းသို့ ခပ်မြန်မြန်သွားလိုက်သည်။ စခန်းရောက်သည်နှင့် သူ မျက်လုံးပြူးထွက်ချင်သွားသည်။ ဦးတိုင်းကျော်ဘေးတွင် ဒေါ်အေးဘုံနှင့် ချစ်သောဘုံ။

"ခင်ဗျားတို့ဗျာ မကြီးမငယ်နဲ့ ကိုယ့်အသက်လဲ ကိုယ်ပြန်ကြည့်ကြဦး …"

"ဟာ … ဆရာကလဲ ဆရာပဲစဉ်းစားကြည့် … ဆရာတပည့်နှစ်ယောက်မှာ တပည့်က ဆရာကိုပြန်ဘတ်တာ ဒါတပည့်အလွန်လား ဆရာအလွန်လား"

"တပည့်အလွန်ပေါ့ …"





ဦးတိုင်းကျော်စကားကို စခန်းမှူး ဦးသက်ကျော်က ပြန်ဖြေသည်။ ဦးစိုးငြိမ်းကလည်း မခံပါ။

"ဒီလိုပါ စခန်းမှူး … အဲဒီဆရာနဲ့တပည့်မှာ ဆရာကတပည့်ကို နှိပ်စက်တာ ဆရာလွန်လား တပည့်လွန်လား"

"ဆရာလွန်တာပါ"

"မဟုတ်သေးဘူးလေ … အဲဒီဆရာက တပည့်ဆိုးလို့ ဆုံးမတာပဲ ဆရာဆိုးလား တပည့်ဆိုးလို့လား စခန်းမှူးကြီးရယ် …"

"အင်း … တပည့်ဆိုးလို့ပေါ့"

"ဒါက ဒီလိုရှိတယ် စခန်းမှူးရ … တပည့်ဆိုးတယ်ဆိုတာ သူ့ရဲ့ တိတ်တခိုးလေးကို အဲဒီဆရာက အပျောက်ရှင်းလိုက်လို့ဆိုးတာ၊ ကဲ … အဲဒါ ဆရာက ပိုဆိုးလား တပည့်ကပိုဆိုးလား"

"ဆရာကပိုဆိုး … အာ … ခင်ဗျားတို့ကလဲ ခင်ဗျားတို့လုပ်တာနဲ့ ကြာရင်ကျုပ်ပါ ခင်ဗျားတို့နှစ်ယောက်နဲ့ နောင်ဂျိန်ပလေး ရတော့မယ်၊ နေစမ်းပါဦး … ခင်ဗျားတို့ပြောနေတဲ့ ဆရာနဲ့တပည့်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ … လမ်းထဲက ကျူရှင်ပြတဲ့ ချစ်စမ်းမောင်ကို ပြောတာလား"

"ဟာ … မဟုတ်ပါဘူး … စခန်းမှူးကလဲ၊ အိမ်မှာ တီဗွီနဲ့ အောက်စက်မရှိဘူးထင်တယ် ဟင်း ဟင်း …"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ … ဘာလို့မရှိရမှာလဲ၊ မနေ့ကပဲ ပြန်ရွေး၊ အဲ … မနေ့ကပဲ ကိုရီးယားကားကြည့်နေတာ၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော်ပြောတဲ့ ဆရာတပည့်ဆိုတာ ဟို … ကိုရီးယား မင်းသား ရိန်းသရုပ်ဆောင်တဲ့ နင်ဂျာကားလေဗျာ သိပ်ကောင်းတာ"

❦

အိမ်ရောက်တော့ ထိန်ဝင်းအောင် အစ်မလဲ ဆိုင်သိမ်းနေလေပြီ။ သူ့မေမေကတော့ သူ့ဖေဖေကို စကားတစ်ခွန်းမှမပြော။ သူ့ဖေဖေကလည်း အမူးမပြေသေး။

"ဟဲ့ မစိန်သန်း … နင်က ငါ့ကိုစကားမပြောဘူးပေါ့လေ"

" … "

"ဩော် … နင်က အခုတော့ အဲလိုပေါ့ … အရင်က ပြောတုန်းကတော့ ကိုစိုးငြိမ်းရယ် ရှင့်အသံမှမကြားရရင် သေတော့မယ်ဆို"

"အဲဒါ မယူခင်ကလေ"

"အေး … ခု ယူပြီးသွားပြီလေ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ … အဲဒီတုန်းထဲက ကျွန်မ သေသွားရမှာ"





"အပိုတွေပြောမနေနဲ့ ငါဗိုက်ဆာတယ်"

"အဲဒါ … ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"ဩော် … အခုတော့ အလိုက်မသိတော့ဘူးပေါ့ ဟုတ်လား အရင်တုန်းက ဘာပြောလဲ ကိုစိုးငြိမ်းရယ် … ရှင် ဗိုက်ဆာရင် ကျွန်မက အဆင်သင့်ဆို"

"ခွီး ခွီး ခွီး"

"ဟေ့ကောင် ထိန်ဝင်း … ဘာရယ်တာလဲ၊ ထမင်းစားပြီး သားလို့ပြောတာ"

"သားက ဘာပြောရသေးလို့လဲ"

"ဟွန်း … အဲဒါကြောင့် ညောင်ဦးက ငါ့အစ်ကိုက ပြောတာ မိန်းမတွေများ ကောင်းကိုမကောင်းဘူးတဲ့"

"ဘယ်ကောင်းမလဲ … ရှင့်အစ်ကိုက ကြိုက်မယ့်လူမရှိလို့ လူပျိုကြီးဖြစ်နေတာလေ … ရှင်တောင် ကျွန်မယူလိုက်လို့ ကံကောင်းတယ်မှတ်"

"ဟက်ဟား … အော်တောင်ရယ်ပစ်လိုက်ချင်သေး … ငါ ငယ်ငယ်က ကြိုက်မယ့်လူများပုံလို့"

"မုဆိုးမတွေ တစ်လင်ကွာတွေလား … "

"ဟေ့ … ဟေ့ မစော်ကားနဲ့ ဟွန်း … အဲဒါပဲ ငါသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



သောင်းဖေကတော့ မိန်းမကြောက်တဲ့သူပီပီ ဝန်ခံတယ်၊ သူငယ်ချင်းရေတဲ့ မင်းမိန်းမကို တတ်နိုင်သမျှ အလိုလိုက်ပါတဲ့ သူတို့ကို အလိုမလိုက်ရင် သူတို့က ညစာအငတ်ထားတတ်တယ်တဲ့ … ရှုငါ ငတ်ပြီ … ငါ ဒီည ငတ်ပြီ သောင်းဖေရေ သောင်းဖေရဲ့ …”

“မောင် … ဒီမှာ ညည်းဖအေ သူတော်ကောင်းကြီးအတွက် ထမင်းခူးပေးလိုက်စမ်းပါ …”

“မစားဘူး … မရူးနဲ့ဟေ့ မစားဘူး …”

“မစားနေပေါ့ … ထိန်ဝင်း အိမ်တံခါးပိတ် … ငါအိပ်ပြီ”

“ဟုတ် မေမေ … ချက်ချင်းပိတ်ပြီ”

သူမေမေ အခန်းတံခါးကို ဒုန်းခနဲပိတ်ကာ အထဲမှ ချက်ချသံကိုထင်ထင်ရှားရှား ကြားလိုက်ရသည်။ သူ့ဖေဖေက သူ့အနားသို့ လာကာ …

“တွေ့လား သား … မိန်းမတွေများ သူတို့ပဲမူရင်ကောင်းတယ် … အဖေ မူလိုက်တာ လှည့်တောင်မကြည့်ဘူး”





“ရှူး ဒိုင်း ဒိုင်း ဒိုင်း …”

“သမီး အဘိုးကို အိမ်ပေါ်ခေါ်သွားစမ်း … ဒီမှာ စကားပြောနေတယ်”

ဘုံက ဘိုးသက်ရှည်ကို အိမ်ပေါ်သို့ တွဲခေါ်သွားသည်။ မျက်နှာတော့ သိပ်မကောင်းလှ။

“ဖေဖေ့ကိုယ်စား ကျွန်တော် လာတောင်းပန်တာပါ အန်တီ”

“ရပါတယ် မောင်ထိန်ဝင်းအောင်ရယ် … အိမ်ကဟာကြီးကလည်း အဲလိုပဲ စိတ်ကလွတ်ရင် ပေါက်တတ်ကရ လုပ်တတ်တယ်”

“ဦးရော … ကျွန်တော် တစ်ခါထဲ တောင်းပန်ချင်လို့ပါ”

“အဟမ်း … အဟမ်း …”

ဦးတိုင်းကျော်က အခန်းထဲမှ ချောင်းဟန့်ပြီး ထွက်လာသည်။ လက်ထဲတွင် တံမြက်စည်း (အမွေးမရှိသောအရိုးကြီး)ကို ကိုင်လျက် ခေါင်းတွင် ထွေးခံခွက်ကြီး စွပ်ထားသည်။

“ကိုတိုင်းကျော် ဒါက ဘယ်လိုဖြစ်လာတာလဲ”

“လမ်းလျှောက်ထွက်မလို့လေ …”

“ဘာ … ကိုယ့်ပုံစံ ကိုယ်မှန်ထဲ ကြည့်ပြီးပြီလား”

“ငါက ဘာဖြစ်နေလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



ထိန်ဝင်းအောင် ရယ်ချင်စိတ်ကို ထိန်းထားရသည်။ ဦးတိုင်းကျော်က ဗီရိုမှမှန်ကို ပြေးကြည့်ပြီး ...

"အဲဗျ ... ဦးထုပ်မှတ်လို့ ကောက်ဆောင်းလာတာ ခွဲးမှပဲ"

"ဘယ်မှထွက်လျှောက်မနေနဲ့ ... သူပဲ မရှက်တဲ့အတိုင်း၊ အဲဒါသာကြည့်တော့ မောင်ထိန်ဝင်းအောင်ရေ ... "

အဘိုးကြီးက ထွေးခံခွက်နှင့်တံမြက်စည်းရိုးကို ဗီရိုကြားထဲ ကောက်ထည့်လိုက်ပြီး ထိန်ဝင်းအောင်ဘေးမှာ စွတ်ခနဲ ဝင်ထိုင်လိုက်သည်။ ပြီးမှ ...

"မင်း စိုးငြိမ်းသား မှတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ဦး ... "

"အေး ... မင်းအဖေကိုပြောလိုက်ကွာ၊ ငါမနေ့က သူပြောတဲ့ နင်ဂျာကားကို ပါဝါရိန်းဂျားကားနဲ့မှားပြီးပြောနေတာ အိမ်ပြန်ရောက်မှသိတယ် ... ဆောရီးလို့ ... နည်းနည်း မသိမသာ မဆိုစလောက်လေးလွဲသွားတယ်လို့ ... "

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

"ခွဲးပဲကွာ ... ဒါရိုက်တာက တူတူပဲလားမှမသိတာ၊ ဇာတ်လမ်းက ဗြော်တော်ဆင်နေတာ ... ငါအမှတ်မှားသွားတာ ... ခုတောင် ပြောနေရင်း ဇာတ်သိမ်းမေ့သွားပြန်ပြီ၊ သွားကြည့်လိုက်ဦး





မယ်ကွာ"

သူဟာသူပြောပြီး သူ့ဘာသာသူထကာ အပေါ်ထပ်သို့တက်သွားသည်။

"ဒါဆို ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး အန်ကယ် ... "

"အေးကွယ် ... "

ထိန်ဝင်းအောင် ခြံရှေ့ရောက်မှ အိမ်ပေါ်ထပ်သို့ မော့ကြည့်လိုက်သည်။ ဘုံက ဝရံတာမှကြည့်နေသဖြင့် သူရယ်ပြလိုက်သည်။ ဘုံက လှလှပပပြန်ပြုံးပြသည်။ ဟုတ်ကဲ့ ဒီလောက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ထိန်ဝင်းအောင်နှင့်ဘုံ အပြင်လျှောက်မလည်တာ နှစ်ပတ်ခန့်ရှိသွားပြီ။ ထိန်ဝင်းအောင် ဆိုင်စောင့်နေရသဖြင့် ဖြစ်သည်။ သူ့ဖေဖေနဲ့ရန်ဖြစ်ပြီး သူ့မေမေကာ ပခုက္ကူမှ အမျိုးအိမ်သွားနေသောကြောင့်ဖြစ်သည်။ ဒီကြားထဲ မျောက်သိုးကလည်း သူ့မင်္ဂလာဆောင်လာဖိတ်သွားသေးသည်။ သူ ဖိတ်စာကိုဖတ်နေတုန်း ဖြူနီးဆို ဆိုင်ရှေ့တွင် တက္ကစီတစ်စီး ထိုးရပ်လာသည်။

"ဒီမှာရှင် ..."

"ဗျာ"

သူ့ကို လှမ်းခေါ်သဖြင့် ဆိုင်ရှေ့သို့ ထွက်လိုက်သည်။

"ဟိုဟာ ဒီအိမ်က ထိန်ဝင်းအောင်တို့အိမ်လား"

ကားပေါ်မှ မိန်းကလေးကို တော်တော်ရင်းရင်းနှီးနှီး မြင်ဖူး





နေသည်။ တော်တော့ကို ရင်းနှီးနေသည်။ မှတ်တော့ မမှတ်မိ။

"ဟုတ်ပါတယ်"

"ဟုတ်တယ်တဲ့ ဦး ... ဒီမှာပဲ ဆင်းလိုက်တော့မယ်"

"အေး ... အေး ..."

ကားပေါ်မှ လက်ဆွဲအိတ်အထုတ်များကို ဆိုင်ရှေ့သို့ချသည်။

သူကတောင် ဝိုင်းလုပ်ပေးလိုက်သေး ...

"ထိန်ဝင်းအောင် ရှိလား ..."

"အိမ်ထဲမှာ ... အဲ ... ကျွန်တော်ပဲဗျ"

"ရှင်"

"ထိန်ဝင်းအောင်က ကျွန်တော်ပဲ"

"တကယ် ... ထိန်ဝင်း၊ နင် ငါ့ကို မမှတ်မိတော့ဘူးလား"

"ဘူလဲ ... ခင်ဗျားက ..."

သူမက မဖြေသေးဘဲ ဆိုင်ကိုကြည့်ပြီး ...

"တော်တော်ပြောင်းလဲသွားတယ်နော် ..."

သူမက ဆိုင်ထဲသို့ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။ ထိန်ဝင်းအောင်က ဘုံများရှိလေမလားဟု မကြည့်ရဲကြည့်ရဲနှင့်ဘုံ့အိမ်ကို မျက်စောင်းထိုးကြည့်လိုက်သည်။ တော်ပါသေးရဲ့ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မရှိဘူးလား"

"အင်း … ဖေဖေက လမ်းထိပ်မှာ၊ မေမေက ပခုက္ကူကိုသွားတယ် မောင် … အဲ မမက ကျောင်းသွားတယ်"

"ဩော် … မမတောင် ဆရာမဖြစ်နေပြီပေါ့။ ဦးကလမ်းထိပ်မှာ ဘာသွားလုပ်တာလဲ"

"ဗျာ … ဟို ဖေဖေက လမ်းလူကြီးလေ"

"ဟင် … လမ်းလူကြီးတောင် ဖြစ်နေပြီလား၊ ဒါဆိုအတော်ပဲ ညှိစာရင်း တိုင်စရာမလိုတော့ဘူး"

"တိန် … ဟိုဟာလေ … "

"ရေလေးတိုက်ပါလား၊ ဒီအိမ်ကို ရှာရတာမောလို့"

"ဩော် … ဟုတ် … "

ထိန်ဝင်းအောင် ရေခဲသေတ္တာထဲမှ ရေဗူးကိုထုတ်ရင်း စဉ်းစားသည်။ မခင်ပန်းမွှေးဆိုလဲ မမနဲ့သူငယ်ချင်းပဲ။ သူက မမလို့ထင်ခေါ်မလား နောက်ပြီး … သူ မလာလို့ဘဲ ညောင်ဦးက ကိုသောင်းဖေသမီး သီတာဆိုတာများ လိုက်လာတာလား။ ပုံစံကတော့ တောပုံမပေါက်ဘူး။ လန်သမျှ ရန်ကုန်သူ အရှုံးပေးရမယ်။ ဒါမှ မဟုတ် … သူ့ကိုများ တစ်ဖက်သတ် ကြိုက်နေလို့ ဇာတ်လမ်းလာထွင်တာလား။ ဘာပဲဖြစ်ဖြစ် တီးခေါက်ကြည့်ရမှာပဲလေဟု တွေး





ကာ …

"ဒီအိတ်တွေက ဘာတွေလဲ"

"အား … ခုမှပဲ အမောပြေတော့တယ် … အင်း … အဲဒီဟာတွေက ဦးတို့စားဖို့ ထိုးမုန့်နဲ့လမုန့်တွေ … "

"ထိုးမုန့် … "

"အင်း … မန္တလေးက ဝယ်လာတာလေ"

"မန္တလေးက … "

"အင်း … ဒါနဲ့ ဒီလမ်းထဲမှာ ပြောင်းသွားတဲ့အိမ်တွေဘာတွေ ရှိသေးလား"

"အင်း … ရှိတယ် တော်တော်များများပဲ … "

သူမ ထိုသို့ပြောမှ တစ်စုံတစ်ခုကို သိသလိုလိုရှိသွားသည်။ သို့သော် မသေချာသေး …

"ဟိုလေ … "

"အင်း … "

"ဒီက ကို ကျွန်တော် ခုထိစဉ်းစားမရဘူး … ဘယ်သူလဲဟင်"

"ဟယ် … ထိန်ဝင်း၊ နင်က လူပါပြောင်းရုံမဟုတ်ဘူး စိတ်ပါ နောက်သွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အိ … ဟာဗျာ သိမှမသိဘဲကိုး"

"ခစ်ခစ်ခစ် … စတာပါ ငါဘယ်သူလဲ ခန့်မှန်းကြည့်လေ"

"မခင်ပန်းမွှေးလား"

"နိုး"

"မသိတာ"

"မဟုတ်"

ထိန်ဝင်းအောင် နည်းနည်းတော့ ခေါင်းစားသွားသည်။ သူမက …

"နင့်ချစ်သူတွေလား သူတို့က … "

"ဟာ … ဟုတ်ပါဘူးဗျာ၊ အိမ်ကိုလာလည်ကြမယ်လို့ ပြောထားကြလို့ … "

"ကုန်ပြီလား စဉ်းစားရသလောက် … "

"အင်း … "

သူမက ပြောမည်အလုပ် ဆိုင်သို့ ဘကြီး ယောင်ပေပေနှင့် ရောက်လာသည်။

"ထိန်ဝင်း … "

"ဘကြီး လာကွာ … "

"ဟယ် … ဘကြီး မသေသေးဘူးနော် … "





ဟော … သူသိသွားပြန်ပြီ။ ဘကြီးက သူမကိုမြင်တာနဲ့ တစ်အစ်သိသည်။

"ဟာ … ဟဲ့ နင်ဘယ်လိုလုပ် ဒီရောက်နေတာလဲ၊ ငါမှာ နင် လင်ရလို့ပဲ မုဆိုးမ ဖြစ်နေပြီလားလို့"

"သေနာ လင်ရမှတော့ မုဆိုးမဖြစ်မလား"

သူတို့ပြောပုံဆိုပုံက တော်တော့ကို ရင်းနှီးပုံရသည်။

"နင် ဘယ်မှာနေတာလဲ"

"မန္တလေးမှာ"

"ဒီကို ဘာလာလုပ်တာလဲ"

"ငါ နင်တို့ကို အရမ်းသတိရလို့ လာကြည့်တာ တော်တော်ကို ပြောင်းလဲသွားတယ်နော်"

"အေးဟာ … အချိန်တွေကိုလည်း ပြန်တွက်ကြည့်ဦးလေ"

"နင်ရော မိန်းမ မရသေးဘူးလား"

"မယူတာ … မယူတာ"

"မပိုက်ရော"

"ကလေးတောင် သုံးယောက်ရနေပြီ"

"ဟယ် … တကယ် တွေ့ချင်လိုက်တာ"

"သွားလေ … အိမ်မှာ ခုရှိတယ်၊ ဒီတည့်တည့်အိမ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ် ... သွားလိုက်ဦးမယ်"

သူမက ပြောပြောဆိုဆိုနှင့် ဖိနပ်ကောက်စီးကာ ဘကြီး အိမ်သို့ ပြေးသွားသည်။

"တော်တော်လှလာတာပဲ"

"ဟုတ်ကောင်း ဘကြီး"

"သူ ဘယ်အချိန်က ရောက်တာလဲ"

"မနေ့ကမှ ... "

"ဘယ်သူမှမရှိဘူးလား မင်းတစ်ယောက်ထဲလား ... "

"အေး ... ဒါနဲ့ သူက ဘယ်သူလဲ ... ငါသိသလိုလိုနဲ့စဉ်းစား မရဘူးဖြစ်နေတယ်"

"ဟင် ... မင်း တကယ်မသိဘူးလား"

"ဟင့်အင်း ... "

"မသိဘဲ ဘာလို့စကားတွေပြောနေတာလဲ"

"ငါလဲ စဉ်းစားတာပဲ စဉ်းစားလို့မရဘူး၊ ငါ့ကိုပြောစမ်းပါ။ သူ ဘယ်သူလဲ ... "

"အင်း ... ဒီကိစ္စ ဘုံသာသိရင် မင်းဘဝတော့ မတွေးရဲစရာပဲ"

"ဟာ ... အေး ... ဘုံတော့မသိစေနဲ့၊ သူက ငါ့အိမ်မှာတည်း





မယ်ပြောနေတယ်"

"ဘယ်သူမှန်းမသိဘဲ မင်းကလက်ခံမလို့လား"

"အေးလေ ... အဲဒါကြောင့် မင်းကိုမေးနေတာပေါ့"

ထိုအခိုက် ...

"ကို ... "

"ဟင် ... ဘုံ ... "

"ဘုံ ... ကိစ္စ ... ကိစ္စရှိလို့လား ... လာလေ"

"အင်း ... မုန့်လာဝယ်တာ"

"ယူသွားလေ ... ဘုံ ပိုက်ဆံမပေးနဲ့"

"ဟွန်း ... ပေးရမှာပေါ့။ ဘုံ့ဆိုင်မှမဟုတ်တာ"

"ကိုယ့်ဆိုင်ကလည်း ဘုံ့ဆိုင်ပဲပေါ့"

ထိန်ဝင်းအောင် ဘကြီးကို လက်ကုတ်လိုက်သဖြင့် ဘကြီးက နားလည်စွာ ထွက်သွားသည်။

"ကိုယ့်ဆိုင်ဆိုပေမယ့် ကို့ကို ဘုံမှမပိုင်သေးတာ"

"တစ်နေ့တော့ ပိုင်မှာပေါ့"

"တကယ်လား"

"အင်း ... ကိုလဲ ဘုံ့ကိုလွမ်းနေတာ ဝရံတာလေးတောင် ထွက်မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထွက်လာသားပဲ ... သူ့ဟာသူ ဝတ္တုကြီးပဲ ဖတ်နေပြီး တော့"

"အပေါ် ... ဟုတ်လား ... "

"သွားတော့မယ် ... ဒီမှာ ပိုက်ဆံ"

"ဟော့ ... ပိုက်ဆံပြန်ယူ ... မရဘူး"

"ယူပါဘူး၊ တော်ကြာ မယူခင်ကထဲက ဘုံစားတာနဲ့ အရင်း ပြုတ်နေဦးမယ်"

"အရင်းကပဲပြုတ်ပြုတ် အဖျားကပဲပြုတ်ပြုတ်၊ ဒါဆို အာဘွားပေးခဲ့ ... အဲဒါဆို ပိုက်ဆံယူမယ်"

"ဖေဖေ ထွက်ကြည့်နေတယ်၊ သွားပြီ ... "

ထိန်ဝင်းအောင်ပါးကို လိမ်ဆွဲကာ ထွက်သွားသဖြင့် သူ ဖြုံး ဖြုံးကြီးကျန်ခဲ့သည်။ ဘုံ့အိမ်ကိုလှမ်းကြည့်တော့ ဘုံ့အဖေကြီးက လက်နောက်ပစ်လို့ ။

သိပ်မကြာပါ ... ဖလပ် ဖလပ်နဲ့ ဘေကြီးအိမ်မှ ပြန်ရောက် လာသည်။

"ဟူး ... မောလိုက်တာ ... ထိန်ဝင်း ငါဘယ်သူလဲ သိပြီ လား"

သူ ခေါင်းခါမိသလား မသိလိုက်ပါ။ သူမ တိုးတိုးကပ်ပြော





လိုက်သော နာမည်ကြောင့် ထိန်ဝင်းအောင်တစ်ယောက် ခေါင်း နပန်း ကြီးသွားတော့သည်။

www.burmeseclassic.com

အခန်း (၁၀)

"အရစ်ရှည်လိုက်တဲ့ကောင် … ခွေးသား မျောက်သိုး။ အဲဒီ မျောက်မသား မျောက်သိုး လာပလေ့စေဦး၊ ဦးဖွန်းဖုတ်ကနေဆွဲ ပြီး ခါပစ်ဦးမယ် … တောက် … "

"ဘယ်သူ့ကို တောက်ခေါက်နေတာလဲ"

"ဟာ … မောင် နင်ပြန်လာတာနဲ့အတော်ပဲ ဆိုင်ခဏကြည့် ထားစမ်းပါ၊ ငါ မျောက်သိုးဆီ သွားမလို့"

"ဟဲ့ … ထိန်ဝင်း … "

ထိန်ဝင်းအောင် ဖိနပ်ကို ကမန်းကတန်းစီးကာ ပြေးထွက် လာလိုက်သည်မှာ မျောက်သိုးအိမ်ရှေ့ရောက်မှ အရှိန်သပ်တော့ သည်။

"ဟေ့ကောင် ထိန်ဝင်း … အူယားဖားယားနဲ့ ဘာဖြစ်လာ





တာလဲ၊ မင်းကွာ … ကမ္ဘာပျက်မှာကြောက်လို့ အသည်းအသန် ပြေးလာတဲ့ ယုန်သူငယ်လေးကျနေတာပဲ … အေးဆေးပေါ့ကွာ၊ ဂေါ်လာဆောင်က သဘက်ခါမှနော် … အဲနေ့ကျမှ အမီလာခဲ့"

ဆဲမည်ပြင်သည့် ပါးစပ်ကို ဘရိတ်အနည်းငယ် အုပ်လိုက်ရ သည်။

"ဖြူဖြူလဲ ရှိနေတာကိုး"

"အေးကွ … မင်း ကိစ္စရှိလို့လား"

"ဆိုပါတော့ … မျောက်သိုး ငါမင်းနဲ့စကားပြောချင်တယ်"

မျောက်သိုးက ထိန်ဝင်းအောင်နှင့်ဖြူဖြူသန့်ကို တစ်လှည့် စီကြည့်ပြီး …

"အေး … နောက်ဖေးကိုလာလေ၊ အိမ်မှာ အမေတို့မရှိဘူး"

ထိန်ဝင်းအောင် နောက်ဖေးရောက်သည်နှင့် သူတို့အိမ် နောက်ဖေးရေအိုးစင်မှ ရေတစ်ခွက်ကို အားရပါးရ ခပ်သောက် လိုက်သည်။

"ဘာဖြစ်နေတာလဲကွာ … မင်းကြည့်ရတာ စိတ်မသက် သာလိုက်တာ"

"အိမ်မှာ … "

"အေး … ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန်ရောက်နေတယ် ... အဲဒါ မင်း ... မင်းကြောင့် မဟုတ်လား"

"ဟော ... "

မျောက်သိုးက ဖြူဖြူသန့်ကို ပြောပြလိုက်သဖြင့် ဖြူဖြူသန့်က ...

"ပြီးခဲ့တာတွေလည်း ပြီးပြီပဲ ထိန်ဝင်းရယ် ... အညိုးမကြီးစမ်းပါနဲ့၊ ငါတို့မင်္ဂလာဆောင်ကို ငါကိုယ်တိုင် ဖုန်းဆက်ပြီးဖိတ်လိုက်တာပါ"

"ဒါဖြင့် နင်နဲ့သူနဲ့က အဆက်အသွယ်ရှိတယ်ပေါ့"

"အေး ... အဆက်သွယ်ရတာ သိပ်တော့မကြာသေးဘူး တလောက ငါ့အစ်ကိုဝမ်းကွဲ မန္တလေးရောက်တော့ မွန်မွန်နဲ့သွားဆုံတယ်၊ အဲဒါ လိပ်စာနဲ့ဖုန်းနံပါတ် ပေးလိုက်လို့ ... "

"ထားပါ ... အဲဒါ ငါ့အိမ်မှာတည်းတာလဲ မြသနာမရှိပါဘူး မမ သူငယ်ချင်းဆိုပြီး ငါ့ချစ်သူကိုပြောရင်ရတယ် ... ဒါပေမဲ့ သူ့ဘက်က ငါ့လိုမရိုးသားဘဲ တခြားစိတ်မျိုးနဲ့ဆိုရင်တော့ ဖြူဖြူအရှင်းဆုံး ပြောရရင် ငါလက်မခံနိုင်ဘူး ... ခုချိန်မှာ ငါ့ဘဝကို အသစ်ပြန်စနေ





ဘုန်း ... ထပ်ပြီး အပွန်းပဲ့မခံနိုင်ဘူး ... "

"ထိန်ဝင်း ဒါတော့ နင်အရမ်းတရားလွန်သွားပြီ၊ မွန်မွန့်မှာ ဘာအပြစ်ရှိလို့လဲ ... ငါတို့တွေက ကျောင်းထဲက သူငယ်ချင်းတွေ နော် ... အေး ... နင်နဲ့မွန်မွန်နဲ့က ငယ်ပေါင်းတွေ ငါတို့ကမှ ဘတ္တသိုလ်ရောက်မှ ခင်ရတာ ... နင် ဒီလိုလုပ်တာ မရက်စက်လွန်းဘူးလား"

"တော်တော့ ဖြူဖြူ ... ထိန်ဝင်းကိုချည်း ဖိပြောမနေနဲ့၊ ဒီတိစ္ဆ ကိုလဲသိနေတယ်၊ ထိန်ဝင်းမှာလည်း အလွန်မရှိဘူး ဖြူဖြူ မွန်မွန်ကိုယ်တိုင် ထိန်ဝင်းကို ဖြတ်သွားတာ ပြစ်ထားခဲ့တာ"

"ကိုကလည်း မွန်မွန်ဘာလို့အဲလိုလုပ်ရလဲ ကိုသိလား ... ဘဲ့ ... ထိန်ဝင်း နင်ရောသိလား"

"ဘာအတွက် ဖြတ်ရမှာလဲ နင်ပြောမယ်၊ သူနဲ့ငါနဲ့ ဘာသာတွေဘူးလို့ ပြောမလို့ မဟုတ်လား"

"ဟုတ်တယ်လေ ... ဒါကလွဲရင် ဘာရှိသေးလို့လဲ"

"ဖြူဖြူ ... နင်မသိသေးတဲ့အကြောင်းတွေ ငါနဲ့မွန်မွန့်ကြားမှာ နမ်းတထောက်စာလောက် ကျန်နေသေးတယ် ... မျောက်သိုးငင်းပဲ ဖြူဖြူ့ကိုပြောပြလိုက်တော့ ငါသွားပြီ"

ထိန်ဝင်းအောင် အိမ်ရောက်သည့်အချိန် ဆိုင်ထဲတွင် သူ့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်မွန်မွန်တို့ ထမင်းစားနေကြသည်။

"ထိန်ဝင်း ... ထမင်းတစ်ခါထဲ လာစားလေ"

သူ့အစ်မက ခေါ်ရှာပါသည်။

"မစားသေးဘူးဟာ ... "

သူ အိမ်ပေါ်သို့တက်ကာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ချ လိုက်ပြီး ဆိုင်ထဲမှ အသံများကို နားစွင့်နေမိသည်။

"သမီးက နု မျောက်သိုးမင်္ဂလာဆောင်ကိုလာတာပေါ့"

"ဟုတ်တယ် ဦး ... "

"မန္တလေးမှာနေရတာ အဆင်ပြေလား"

"ဟုတ် ... "

"သမီးဖေဖေရော ... "

"ဖေဖေ ဆုံးတာ သုံးနှစ်ရှိပြီ ဦး ... "

"ဆုံးသွားပြီလား ... ဒါဖြင့် သမီး ခုဘယ်သူနဲ့နေလဲ"

"ဦးလေးနဲ့နေတယ်လေ"

ခိုင်မွန်မွန်စိုးမှာ ငယ်ငယ်ထဲက အမေ မရှိပါ။ သူ့အဖေက ခရစ်ယာန်တစ်ယောက်ဖြစ်သည်။ ဘာသာမတူခြင်းကြောင့် ထိန်ဝင်းအောင်နှင့် သူမကြား စိတ်သောက ရောက်ခဲ့ရဖူးသည်။

ဒါတွေလဲ ပြီးခဲ့ပြီမို့ ထိန်ဝင်းအောင် ဆက်မတွေးတော့ဘဲ





အခန်းထဲဝင်ကာ အိပ်လိုက်သည်။

ထိန်ဝင်းအောင်က မျောက်သိုးမင်္ဂလာဆောင်ကို ဘုံနှင့်အတူ သွားရန် စိတ်ကူးထားသည်။ သူ့စိတ်ထဲမှ ဖြစ်ပါ့မလားဟုတော့ တွေးမိသည်။

မျောက်သိုးက လမ်းထဲမှ ထိန်ဝင်းအောင်တစ် ယောက်ထဲ ဖိတ်ထားတာတော့မဟုတ်။ ထိန်ဝင်းအောင်မှတစ်ဆင့် ဘုံကို ဖိတ် ထားပြီး ... သူနှင့်ခင်သည့် လမ်းထဲမှ အော်ဝီကျယ်ကြီးများအဖွဲ့ (ခေတ်သစ်စလောင်း)ဟု ကင်ပွန်းတပ်ခြင်းခံရသော စပ်စုမများ တချို့ကိုလဲ ဖိတ်ထားသေးသည်ဟုပြောသည်။

ထို့ကြောင့် ထိန်ဝင်းအောင် ဘုံနှင့်အတူ ခန်းမထဲလက်တွဲ ကာ ဝင်ချင်ပေသည့်တိုင်အောင် သူ့အိမ်သို့ သတင်းပြန်မရောက် အောင် ထိန်းရမည်။ (မှတ်ချက်။ ။ ကောင်မလေးအိမ်ကသိလျှင် ပြဿနာ မရှိပါ။ သူ့အိမ်က သိသွားမှ ဖြုန်းဆို တွေ့ရာမိန်းမနှင့် ကောက်ပေးစားတတ်သည်။ သူ့ဖေဖေ ဦးစိုးငြိမ်းကြောင့် ဖြစ်သည်)

ဆိုင်လဲ မထိုင် ချင်သဖြင့် သူ့ဖေဖေ နောက်ဖေးဝင်ချိန်တွင် လက်ဖက်ရည်ဆိုင်သို့ ထိန်ဝင်းအောင် ထပြေးလာခဲ့တော့သည်။

ကိုတိုးဆောင်နှင့် ဘောကြီးကတော့ အဆင်သင့် ရှိနေပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်လို့ချည်လား ထိန်ဝင်းရဲ့"

"ဟုတ်တယ် ကိုတိုးဆောင်ရာ ... မေမေ့ဇာခုတ္တူဘက်သွားတာနဲ့ ဆိုင်စောင့်မဲ့လူက မရှိတော့ဘူး၊ ခုတလော ဘုံနဲ့တောင် အပြင်မသွားရဘူး"

"ဒါနဲ့ ... ဟိုကောင်မလေးက ဒီဘာလာလုပ်တာလဲ ... မိမွန် မဟုတ်လား"

"မျောက်သိုးလေ ... ဟိုဘက်လမ်းက ကျွန်တော့်သူငယ်ချင်း မင်္ဂလာဆောင်တာလေ"

"သူနဲ့လဲ သူငယ်ချင်းပဲလား"

"မျောက်သိုး ကောင်မလေးနဲ့သူငယ်ချင်း၊ မျောက်သိုးက သူ့ကောင်မလေးနဲ့ ဆယ်တန်းထဲကခင်တာ"

"မင်းတို့ဟာကလည်း ရှုပ်နေတာပဲ ... နည်းနည်း ဇာတ်ထုပ်လေး ဘာလေး ဖြေပါဦး"

"ဒီလိုဗျာ ... ကျွန်တော်နဲ့မွန်မွန် တက္ကသိုလ် အတူတူတက်တော့ မွန်မွန်လဲ မိန်းကလေးသူငယ်ချင်းအသစ်ရ ကျွန်တော်လဲ သူငယ်ချင်းအသစ်ရ၊ အဲဒီမှာ ကျွန်တော်က မျောက်သိုးနဲ့ခင်တော့ မွန်မွန်ကလည်း သူ့သူငယ်ချင်းဖြူဖြူနဲ့ မိတ်ဆက်ပေးမယ်ပေါ့ ... ဖြစ်ချင်တော့ မျောက်သိုးနဲ့ဖြူဖြူက ဆယ်တန်းတုန်းထဲက တစ်





ယောက်နဲ့တစ်ယောက် သိနေတယ် ... အဲဒါပဲ ..."

"သြော် ... ခု ယူသွားပြီပေါ့"

"မနက်ဖြန် မင်္ဂလာဆောင်မှာ ... ဘုံ့ကိုလဲ ဖိတ်ထားသေးတယ်"

"အေး ... ဒါဖြင့် နှစ်ယောက်သားအတူတူသွားကြပေါ့ကွာ"

"အား ... မဖြစ်ဘူး ... လမ်းထဲက ဒေါ်ကြည့် တူမတွေကိုလည်း ဒီကောင် ဖိတ်ထားသေးတယ်ပြောတယ်"

"ဒါဆိုရင်တော့ မလွယ်လှဘူး၊ ကောင်မလေးအိမ်ကပြန် သတင်းကြားသွားကာမှ"

"သူ့ဘက်က ကြားတာ ကိစ္စမရှိဘူး"

"ဟ ... ဘာလို့လဲ"

"သူ့အမေက ကျွန်တော်နဲ့သဘောတူပြီးသား ကျွန်တော်က သာ အိမ်ကိုဖွင့်မပြောရသေးတာ"

"ဟော့ကောင်ရ ... မသကာဆို မင်းအိမ်ကိုအရင်ပြောရမှာပေါ့"

"ပြောလိုက်ကာမှ ဖေဖေ့စိတ်ကို ကိုတိုးဆောင် သိမှာပါ၊ သူ့စကား နားမထောင်ရကောင်းလားဆိုပြီး အိမ်မှာသောင်တင်နေတဲ့ မွန်မွန်နဲ့ပေးစားလိုက်မှ ရင်တွေကွဲကုန်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လဲ မင်္ဂလာဆောင်မှာ မသိသလို နေကြပေါ့"

"ဘိုက တူတူသွားဖို့ ကျွန်တော့်ကို ပြောထားတာဗျ"

"မင်းကတော့ ခက်နေပြီ … ဟော့ကောင်ရာ … ဘာပဲဖြစ်ဖြစ် ကိုယ်က နည်းနည်းကြိုးစားကြည့်လိုက် … မသကာ မင်းအိမ်ကသိသွားလို့ မိန်းမပေးစားလဲ … မင်း ရင်းစရာမလိုတော့ ကြေပါတယ်ကွာ … ငြင်းမနေနဲ့ ယူပြီး ကွာလိုက် ပြီးမှ မင်းရဲ့ဘိုကိုယူပေါ့"

"ဟာဗျာ … ဒီလူကြီးကလည်း ကျွန်တော်သာ HIV စင်တာကဆို ခင်ဗျားကို အရင်ဖမ်းတယ်"

"ဟ … ဘာဆိုင်လို့တုန်း"

"တစ်လင်တစ်မယားစနစ်ကို မကျင့်သုံးလို့"

"အောင်မာ … မင်းကစဲပြောရတာယ်ရှိသေး၊ ဒါဆို ဒီခွေးသားသောကြီးကို အရင်ဖမ်း"

"ဟာဗျာ … ကျွန်တော်နဲ့ဘာဆိုင်လို့လဲ"

"ဟီးဟီး … သိဘူးလေ ဆိုင်လားလို့၊ မင်းရုပ်ကြည့်ရတာ ဆိုင်နေသလိုလိုပဲ"

"သန့်သန့်လေးဗျ … အဖြူထည်ကြီးသက်သက် … "

"မင်းက အဖြူထည်ဆို ငါကရော မဖြူလို့လား။ ညစ်ပတ်နေတယ်ပေါ့"





"ကဲပါဗျာ … ဒီမှာညစ်ရတဲ့အထဲ … ခင်ဗျားတို့ကတစ်မျိုး"

"စိတ်ညစ်မနေနဲ့ … မင်းအဖေ မိန်းမပေးစားမယ်ဆိုရင် ပခုက္ကူမှာ မင်းအမေရောက်နေတယ်မဟုတ်လား … အဲဒီကိုသွားနေလိုက် … "

"သွားနေတော့ ဒီမှာ ဘိုကတစ်ယောက်ထဲ လွမ်းကျန်နေခဲ့မှာပေါ့"

"ကိစ္စမရှိပါဘူးကွ … ငါတို့ရှိတာပဲ"

"ဘာဗျ"

"ဩော် … ငါတို့ကြည့်ထားပေးမှာပေါ့လို့၊ မင်းကလည်း စိတ်ကလည်းရှည်ပ့ါ ဟွန့် … "

သိပ်မကြာပါ။ ဘိုတစ်ယောက် ဈေးဆွဲခြင်းလေးကိုင်ကာ ထွက်လာသဖြင့် ထိန်ဝင်းအောင် ဈေးထဲအတူတူလိုက်သွားသည်။ အပြန်လမ်းထိပ်တွင် …

"ဘို … ကို လက်ဖက်ရည်ဆိုင်ထဲ ခဏဝင်ဦးမယ် သွားနှင့်နော် … "

"အင်း … "

"ထိန်ဝင်း"

ထိန်ဝင်းအောင်ကို လက်ဖက်ရည်ဆိုင်ဘေးရှိ မုန့်ဟင်းခါး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှ မွန်မွန်က လှမ်းခေါ်လိုက်သဖြင့် သူ ဘုံကို မလုံတလုံဖြင့် လှမ်းကြည့်လိုက်ရသည်။ ဘုံကလည်း နာမည်ခေါ်သံကြားသဖြင့် ပြန်လှည့်ကြည့်သည်။

ထိန်ဝင်းအောင်က ဟန်မပျက် ရယ်ပြလိုက်နိုင်သဖြင့် ဘုံက ပြန်ပြုံးပြကာ ထွက်သွားသည်။

"ထိန်ဝင်း ... အဲဒါ ဘယ်သူလဲ ..."

ထိန်ဝင်းအောင်က မွန်မွန့်အမေးကိုမဖြေဘဲ လက်ဖက်ရည်ဆိုင်ထဲမှ ကိုတိုးဆောင်းဘေးတွင် ခုံဆွဲထိုင်လိုက်သည်။ မွန်မွန်က မုန့်ဟင်းခါးပန်းကန်ကို ကိုင်ကာ သူ့ဘေးတွင် ခုံဆွဲထိုင်ပြန်သည်။

"ငါမေးနေတယ်လေ ... သူက ဘယ်သူလဲလို့"

နင်က ဘာလုပ်မလို့လဲ ... မိန်းကလေးဖြစ်ပြီး အဲလောက်စပ်စုတာ ငါမကြိုက်ဘူး။

"ငါ သိချင်လို့ပေါ့ဟဲ့"

"ငါ့ရည်းစား ... အဲ ... မဟုတ်ဘူး၊ အဲဒါ ငါ့ချစ်သူ"

"ဟဟ ... အရှုပ်နေတာပဲ၊ ရည်းစားကလည်း ချစ်သူ ချစ်သူကလည်းရည်းစားပဲပေါ့ ..."

"မတူဘူး မွန်မွန် ... ငါက ဘုံနဲ့လက်ထပ်ပြီးသွားလည်းပဲ သူ့ကို ငါ့ချစ်သူလို့ပဲ ငါခေါ်မှာ ... ငါချစ်တဲ့သူမို့လို့ အဲလိုခေါ်တာ"





"ဩော် ... မှတ်သားစရာပဲ၊ ဒါဖြင့် နင့်မှာရည်းစားဘယ်နှစ်ယောက် ချစ်သူ ဘယ်နှစ်ယောက်ရှိလဲ ..."

မွန်မွန်က ပြောင်စပ်စပ်ရုပ်ဖြင့် ထိန်ဝင်းအောင်ကိုကြည့်ကာ မေးသည်။

"မသေမချင်း မှတ်ထား ... ငါ့မှာရည်းစားတစ်ထောင်ရှိလဲ ငါချစ်တာတစ်ယောက်ထဲ၊ အေး ... အဲဒါကလည်း ငါ့ချစ်သူ ဘုံတစ်ယောက်ထဲပဲ ..."

"ကဲကဲ ... တော်ကြပါတော့ကွာ၊ ကြာရင် ရန်ဖြစ်တော့မယ်၊ မိမွန် ... နင်လည်းတော်တော့၊ ဒီကောင်က သူ့ချစ်သူကို ငါတို့စရင်တောင် ကြိုက်တာမဟုတ်ဘူး ... ခဏလာလည်တာပဲ၊ ရန်မပွားနဲ့ သူငယ်ချင်းတွေပဲဟာ ..."

ကိုတိုးဆောင် ဝင်ပြောလိုက်သဖြင့် မွန်မွန်က စိတ်လျှော့ကာ အရင်ထပြန်သွားသည်။ ထိန်ဝင်းအောင်ကတော့ မပြန်ချင်သေးပါ။ တကယ်တော့ ... သူစကားကို တစ်ဖက်သတ် အပေါ်စီးယူကာပြောလိုက်ခြင်းဖြစ်သည်။

တစ်ချိန်ကတော့ ထိန်ဝင်းအောင်ဆိုတဲ့ သူ့ရဲ့ အချစ်ဆုံးက ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

"ထိန်ဝင်း ... အစောကြီးပါလား"

"အေး ... ဒီနေ့ ပရယ်တီကယ်ရှိလို့ မျောက်သိုးရေ"

"နောက်မှာ ... ဖြူဖြူနဲ့လာနေတယ်"

ထိန်ဝင်းအောင် ထိုင်နေသည့် ကဲန်တင်းထဲသို့ ဖြူဖြူနှင့် မျောက်သိုးတို့ ဝင်လာသည်။ မျောက်သိုးက ထိန်ဝင်းအောင်ကိုတွေ့မှ ...

"ထိန်ဝင်း ... ခဏ ငါစကားပြောချင်လို့ ... "

"ဒီမှာပြောပါလားကွာ"

"အရေးကြီးတယ် ... မွန်မွန်ရေး ... "

"မွန်မွန် အတန်းသွားတက်တယ်"

"သြော် ... ဖြူဖြူ မွန်မွန်လာရင် ဒီမှာပဲခေါ်ထားလိုက်"





"အင်း"

ထိန်ဝင်းအောင်ကို ကဲန်တင်းအပြင်သို့ ခေါ်ထုတ်လိုက်ပြီး ...

"ငါကိုတော့ စိတ်မဆိုးဖို့ ကြိုပြောချင်တယ် ထိန်ဝင်းရာ"

"ဘာကိုလဲ ... ဘာပြောမှာမို့လဲ"

"မွန်မွန်နဲ့မင်းကိုလဲ ငါတို့လိုပဲ ချစ်ချစ်ခင်ခင်ရှိနေစေချင်တယ် ဒါပေမဲ့ ... ငါ မင်းကိုလဲခင်တယ် ထိန်ဝင်း ... "

"မျောက်သိုး ... မင်းအခု ငါ့ကိုခင်တဲ့အကြောင်းတွေပြောနေတာနဲ့တင် တိုင်ပတ်နေပြီ ... ငါသိတယ်လေ ... ငါလည်း မင်းကိုခင်တယ်လေ"

"မဟုတ်ဘူး ထိန်ဝင်း ... မွန်မွန့်အကြောင်းပြောမလို့ အဲဒါ"

"ကဲပါ ... ပြောသာပြောပါကွာ ... ဘာပြောမလို့လဲ"

"မွန်မွန် ... ခုနောက်တစ်ယောက်နဲ့ တွဲနေတယ် ထိန်ဝင်း"

"ဟောကောင် မျောက်သိုး ... လာနောက်မနေနဲ့၊ မွန်မွန် သိရင် မင်းကို အသေသတ်လိမ့်မယ်၊ နောက်ပြီး ... ဒါ နောက်စရာ မဟုတ်ဘူးနော်"

ထိန်ဝင်းအောင်က သူ့ကို ခပ်ဟာဟာရယ်ရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ထိန်ဝင်း … သူတွဲတဲ့ဘဲက ငါ့သူငယ်ချင်းပဲ"

သူ မျောက်သိုးကို သေချာကြည့်နေမိသည်။ ဘာမှတော့ ပြန်မပြောဖြစ်ခဲ့။ မျောက်သိုးက ဆက်ပြီး …

"ငါနဲ့မွန်မွန်နဲ့ အဲနေ့က စကော့ဈေးမှာတွေ့တော့ မထင်မှတ်ဘဲ ငါ့သူငယ်ချင်း ဇေယျာနဲ့ မိတ်ဆက်ပေးလိုက်မိတာ … ထိန်ဝင်း ငါသူတို့ကို အောင်သွယ်တာမဟုတ်ဘူးနော် … ရိုးရိုးသားသားပဲ ကြုံကြိုက်လို့ မိတ်ဆက်ပေးလိုက်တဲ့ သဘောပဲ"

"အေးပါ … မင်းအပြစ်လို့မပြောပါဘူး။ သူလည်း စိတ်ကစားတာနေမှာပေါ့"

"ငါ့ကို ဇေယျာကပြောတယ်၊ သူတို့ဆက်ဆံရေးက သာမန်တော့ မဟုတ်ဘူးတဲ့ … ဟို သေချာတော့ ငါလည်းမသိဘူး မေးကြည့်မှပဲသိမှာဆိုပေမယ့် … ပြောရရင် ငါ ဒီထက်ပိုပြီး မသိချင်တော့ဘူး သူငယ်ချင်း … "

"ဟုတ်ပါပြီကွာ … မွန်မွန် ကဲန်တင်းမှာရောက်နေရင် ငါ့ဆီလွှတ်လိုက်ကွာ … ငါ ဒီနေရာကပဲ စောင့်နေတော့မယ်"

ကျောင်းရှေ့ အုတ်ခုံလေးတွင် မွန်မွန့်ကို ထိုင်စောင့်နေမိသည်။ တစ်နေ့က ပန်းခြံထဲမှာတောင် သူ့ကို သူမ ဘယ်လောက်





ချစ်ကြောင်း ပြောနေသေးသည်။ သူမအိမ်ကလည်း ပြောင်းတော့မည်ဆိုတာပါ မျက်ရည်လေးဝိုင်းကာ ပြောသဖြင့် သူကတောင် နှစ်သိမ့်ပေးလိုက်ရသေးသည်။

မျောက်သိုးစကားကို သူ့နားနဲ့ကိုယ်တိုင် မကြားရမချင်း မယုံချင်သေး။

"ထိန်ဝင်း"

"ဩော် … မွန်မွန်၊ နင် အားလား"

"နောက်တစ်ချိန်ဆို ပရယ်တီကယ်လေ … "

ဒီနေ့တော့ ဖျက်လိုက်ဟာ၊ ငါလဲဖျက်မှာ၊ နင့်ကို လေးလေးနက်နက် ပြောစရာစကားတွေရှိလို့ … "

"အေး … ပြောလေ … "

"အင်းလျား သွားရအောင်"

"အင်းလျား … အဝေးကြီးဟာ"

"ဒီနေ့ အမှတ်တရ ဖြစ်ချင်လို့ပါ"

"အမှတ်တရ"

"လာဟာ … ပြောနေကြာတယ် … "

ထိန်ဝင်းအောင်က မွန်မွန့်လက်ကိုဆွဲကာ ကားပေါ်တက်လိုက်သည်။ နောက်ဆုံးခုံတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြည့်နေသည်။

"ထိန်ဝင်း နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေလို့လဲ"

"အမှတ်ရဆိုတာ ဘာကိုပြောတာလဲ"

"အကြောင်းရင်းက နှစ်ချက်ပဲရှိတယ်၊ တစ်အချက်က ရှေ့အပတ်စာမေးပွဲပြီးရင် နင်ရော ငါရော ကျောင်းပြီးပြီ၊ နောက်ပြီး စာမေးပွဲပြီးတာနဲ့ နင်တို့အိမ်ပြောင်းတော့မှာ မဟုတ်လား ... အဲဒါကြောင့် ..."

"ဒါဖြင့် ... နောက်တစ်ချက်ကရော ..."

"နင်နဲ့ငါနဲ့ ခွဲရတော့မှာလေ မွန်မွန် ..."

"ထိန်ဝင်းရယ် ... ငါလဲတတ်နိုင်ရင် မပြောင်းချင်ပါဘူး"

"မွန်မွန် နင် သရုပ်ဆောင်တော်တော်ကောင်းတယ်နော်၊ နောက်ဆုံး ငါက နင့်အတွက် လူကြမ်းကြီးလိုပဲ အဆုံးသတ်မှာ မဟုတ်လား၊ ငါ နင့်ကို ဘယ်လောက်ထိချစ်လဲ နင်သိပါတယ်၊ မျောက်သိုး လိမ်နေတာပဲဖြစ်ပါစေလို့ ငါဆုတောင်းတယ်၊ ငါ့မှာ ဘာများ ချို့ယွင်းချက်ရှိနေလို့လဲ၊ ဘာသာချင်းမတူလို့ ငါတို့နှစ်ယောက် ဘယ်လိုသစ္စာဆိုခဲ့လဲ နင်မေ့သွားပြီလား၊ ဘာပဲဖြစ်ဖြစ် လက်ထပ်မယ်လို့ ပြောခဲ့တဲ့ ငါကပဲ မှားသွားလား မသိတော့ဘူး





မွန်မွန် ... မသိချင်တော့ဘူး၊ ဒီနေ့က မင်းနဲ့ငါရဲ့ တစ်သက်တာခွဲခွာမှု အမှတ်တရပဲ၊ အရမ်းချစ်ခဲ့တဲ့ အချစ်ဦးကို အင်းလျားမှာ လမ်းခွဲစကား ပြောရတာတော့ ရင်မှာခံစားရလွန်းပါရဲ့"

"ထိန်ဝင်း ... နင် ငါ့ကိုဘာပြောမလို့လဲ၊ နင့်စကားက ဒီလောက်ပဲတော့ မဖြစ်လောက်ဘူး"

"အေးဆေးပေါ့ ... ငါ ဆေးလိပ်သောက်လိုက်ဦးမယ်"

"ထိန်ဝင်း ... ဆေးလိပ်သောက်တာ ငါမကြိုက်ဘူးလို့ပြောထားတယ်လေ"

"ဟုတ်လား ... ငါကတော့ နင်ကြိုက်တာလုပ် ငါမကြိုက်တာ မရှိဘူးလို့များ ပြောခဲ့မိလား မွန်မွန် ..."

"အဲဒါ ... ဘာစကားလဲ ထိန်ဝင်း"

"နင် ခြေလှမ်းတွေ ရှုပ်နေတာငါသိတယ် ... အဲဒီအတွက် ဖြေရှင်းချက်လဲ ပေးမနေနဲ့တော့၊ နင့်ဖြေရှင်းချက်ကြားရမှာ ငါ့နားတွေ ရှက်တယ် ... ဘာတဲ့ မိုးမမြင် လေမမြင်လား ..."

"ထိန်ဝင်း ..."

"ဘာလဲ ... မဟုတ်ဘူးလို့ငြင်းမလို့လား ... မငြင်းနိုင်တာ ကိုငြင်းမနေပါနဲ့တော့၊ မောပါတယ်"

" ... "

"အေးပေါ့ ... သူက ငါ့ထက်သာတယ်မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားခဲ့တာမှန်တယ်၊ ဒါပေမဲ့ ... ငါ နင့်ကိုတကယ်ချစ်တာ ထိန်ဝင်း ... "

"ဪ ... တကယ်ချစ်တာလား မသိပါဘူး၊ ဒါဆို ဟိုကောင်ကတော့ ကျိစယ်ခံရတာပေါ့နော်၊ ငါနဲ့အတူနေချင်တယ်ဆို ... အဲဒီကောင်နဲ့နေပြီးမှ အတူနေချင်တာလား၊ နင်ဘယ်လိုမိန်းမမျိုးလဲ မွန်မွန် ... ငါတော့နားမလည်ချင်တော့ဘူး၊ နင့်လို မိန်းမမျိုးကို အသည်းပေါက်မတတ် ချစ်နေခဲ့တာ၊ ငါ့အတွက် အသည်းနာတာပဲ အဖတ်တင်တယ် ... အရာမထင်ဘူး ... နင်တော်တော်ပဲ ... "

"တော်တော့ ထိန်ဝင်း ... ငါမှားတယ်လို့ နင့်ကိုပြောပြီးပြီပဲ"

"ဟ ... အဲလိုကြီး မှားပြီးမှ မှားပါတယ်လို့ပြောလိုက်ရင် ပြီးပြီတဲ့လား။ ဒီလိုကိစ္စမျိုးက အဲလိုမျိုးမှားပါတယ်လို့ ပြောရုံနဲ့ပြီးသွားမယ့်ကိစ္စမျိုးလား ... "

"ဒါဖြင့် ငါက ဘယ်လိုလုပ်ပေးရမှာလဲ၊ နင်မခံစားနိုင်လဲ လမ်းခွဲလိုက်ပေါ့ ... ငါ့ကို မေ့လိုက်ရုံပဲရှိတော့တယ် ... "

"မွန်မွန် ... မင်းပါးစပ်က ဒီလိုစကားမျိုးတွေ ထွက်လာရဲသေးတယ်နော် အံ့ရော ... အံ့ရော ... ဟား ... ငါအမှားကြီးမှားသွားပြီပဲ၊ နင် ငါနဲ့သူငယ်ချင်းတောင် မဖြစ်ထိုက်တော့ဘူး၊ အေးလေ ငါကလည်း ယောက်ျားလေးပါ ... မာနရှိပါတယ်၊ လမ်းခွဲဆိုတော့





သဲ ခွဲရုံပေါ့ ... နင့်ကို ငါ့ရဲ့ရင်ထဲကတင်မက ငါ့ရဲ့မှတ်ဉာဏ်ထဲကပါ ထာဝရ ဖျောက်ဖျက်ပြစ်လိုက်မယ်"

ထိန်ဝင်းအောင် ဘယ်ဘက်လက်သူကြွယ်တွင် မွန်မွန်နှင့် ဆင်တူဝတ်ထားသည့် ပလက်တီနမ် လက်စွပ်ကိုချွတ်ကာ ရေထဲသို့ ပစ်ချလိုက်သည်။

နှမြောလဲ ရေထဲဆင်းသာကောက်တော့။ နှမြောမဲ့ပုံတော့ မပေါ်ပါ။ နှမြောစရာမှမလိုဘဲ ... အဲဒါ ထိန်ဝင်းအောင် ကျောင်းမုန့်ဖိုးထဲမှဖယ်ပြီး ဝယ်ထားတဲ့ဆင်တူလက်စွပ်မို့လို့ပါ။

လေတွေကတော့ ဆတ်စလူးပြေးလွှားနေသည်။ ရေတွေကသည်း ငြိမ့်ငြိမ့်လေး လှုပ်ရှားနေသေး။

မွန်မွန်ကလည်း သူမလက်စွပ်ကိုချွတ်ကာ ထိန်ဝင်းအောင် ရင်ဘတ်ပေါ်ပစ်ပေါက်ပြီး အရင်ထွက်သွားသဖြင့် သူသာလျှင် အဖော်မဲ့ကာ လက်စွပ်လေးကို ကြည့်နေမိသည်။

သိပ်မကြာလိုက်ပါ။ မွန်မွန်ဝတ်ခဲ့သည့် လက်စွပ်လေးကို သူလိုမဖြစ်အောင် သူ့အဖော်နောက်သို့ တွန်းပို့ပေးလိုက်သည်။

ပြီးပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ထိန်ဝင်းအောင် ဂျင်းဘောင်းဘီရှည်နှင့် ရှပ်လက်ရှည် အကွက်ကို ဝတ်လိုက်သည်။ သူ့အခန်းထဲ ဝင်လာတာက သူ့အစ်မ

"ထိန်ဝင်း မြန်မြန်လုပ် ..."

"နေပါဦးဟ နင်ကလည်း စားဖို့ဆို ထိပ်ဆုံးကပဲ ... မင်္ဂလာဆောင်ကဖြင့် ခုမှစတုန်း ..."

"ဟဲ့ ... ကိုယ်က စောစောသွားပြီး စောစောပြန်ရမှာ ဖေဖေက လမ်းထိပ်မှာ ကိစ္စရှိလို့ သွားရမှာ ..."

"ဟွန်း ..."

"ဒါဖြင့် ငါနဲ့မွှန်မွှန် အရင်သွားနှင့်မယ်"

"အေး ... သွားနှင့် သွားနှင့် ..."

သူ့အစ်မကို ထိုင်တောင်ရှိုးချင်သွားသည်။ နှိမ့်ဆို မွှန်မွှန်က သူနှင့်သွားမည်လုပ်နေမှာ စိုးရသည်။ အစ်မအသံမှ မဆုံးသေး –

"မမ ... မွှန် မပြီးသေးဘူး၊ မမ သွားနှင့်ပါလား"

"ဟယ်တော် ... ဒုက္ခပဲ နင်တို့ကလဲ ..."

သူမ မပြီးသေးဘူးဆိုသဖြင့် သူ ပြီးရတော့သည်။

"အစ်မ ငါ အရင်သွားနှင့်မယ်"

"ငါလဲ လိုက်မယ်လေ"

"နင်လိုက်တော့ အိမ်တံခါး ဘယ်သူပိတ်မှာလဲ"





"အေးဟာ ... ကဲ ... သွားပါ၊ ငါပဲ စောင့်နေပါ့မယ်"

"အေး ... ဗိုက်ဆာရင်လဲ မုန့်သာဝါးနှင့်တော့ ..."

ထိန်ဝင်းအောင် ကတ္တီပါဖိနပ်ကို အနည်းငယ် ဖုန်ခါလိုက်ပြီး အကျီဆွဲချလိုက်သည်။ ဆံပင်ကတော့ ကြည့်စရာမလို ကိုင်စရာမလိုဘဲ ထောင်နေမှန်းသိသည်။

ဘုံ့အိမ်ရှေ့အရောက် ဘုံနှင့်မကြည်ပြာတို့က လက်ဖွဲ့ကိုယ်စီနှင့် ထွက်လာသည်။ ဘုံလေးက သူတစ်ခါမှ မမြင်ဘူးသည့် ထမီလေးကို ယဉ်ယဉ်လေးဝတ်ထားပြီး ဆံပင်ကို စည်းထားသည်။

သူနှင့်သာ အတူတွဲလျှောက်လိုက်လျှင် ဘယ်သူ့ကို ကြည့်လို့ကြည့်ရမှန်းမသိအောင်ပင် အရမ်း အရမ်းလိုက်ဖက်ညီနေမှာကို မြင်ယောင်မိသော်လည်း မကြည်ပြာရှိသဖြင့် စိတ်ကူးလေးကို အသာဖယ်လိုက်ပြီး ...

"မကြည်ပြာ ... ရုံးမသွားဘူးလား"

"မသွားဘူးဟဲ့ ... မသွားဆို ဟိုဘက်လမ်းက ကောင်လေး မင်္ဂလာဆောင်ရှိတယ်လေ ..."

"အဲဒါ ... ကျွန်တော့်သူငယ်ချင်း ..."

"ဟုတ်လား ... ကောင်းတာပေါ့၊ နင်ရော ဘယ်တော့စားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လား ... အဟီး၊ ဘယ်နေ့စားချင်လဲ ပြော"

"အမယ် ... တယ်ဟုတ်နေပါလား"

မကြည်ပြာက ဘုံကို ရယ်ရင်းပြောသည်။ ဘုံက မျက်နှာလေးကိုငုံ့ကာ ပြုံးနေသည်။

မျောက်သိုး မင်္ဂလာဆောင်ကို Park Royal တွင်လုပ်သည်။ သူ့အလှည့်တွင်လည်း ထိုသို့ပြုလုပ်မည်ဖြစ်ကြောင်းကို ဘုံ့အား ပြောပြချင်နေပြီ။

သို့သော် ... မကြည်ပြာက ကားမှာတာတောင် ဘုံ့လက်ကို မဖြုတ်။

"မကြည်ပြာ ... ကျွန်တော် ငှားမယ်"

"တော်ပါသေးရဲ့ ... ပြောမှပြောမလားလို့ ... "

"ပိုက်ဆံတော့ တစ်ယောက်တစ်ဝက်နော် ... "

"နှစ်ယောက်တစ်ဝက်ပါ ... "

"ဘာ ... နှစ်ယောက်တစ်ဝက်လဲ ... ဘုံ့ကို ကျွန်တော်ပေးစရာ ပိုက်ဆံရှိသေးတယ် ... သူ့အစား ကျွန်တော်ပေးမှာ ... "

"ငါ့အစားပါ တစ်လက်စတည်း ပေးလိုက်ပါလား ထိန်ဝင်းရယ် ... "

"ဟာဗျာ ... ခင်ဗျားကတောင် ကျွန်တော့်ကိုပေးရဦးမှာ"





ဘုံ့ကိုကြည့်ကာ ထိန်ဝင်းအောင် ပြောလိုက်သည်။ ဘုံက ခေါင်းတစ်ချက်ညိတ်ပြသဖြင့် သူ ဆက်မပြောဖြစ်တော့။

"ကဲဗျာ ... ကျွန်တော်ပဲပေးမယ် ... "

"အဲလိုလုပ်ပါ ... ငါ့မောင် ဒီရှေ့ အစစအရာရာအဆင်ပြေဦးမှာ"

"ဒါပေမဲ့ ... တစ်ခုတော့ပြောမယ်၊ ခင်ဗျားရှေ့မှာထိုင်ရမယ်နော် ... "

"ဟဲ့ ... ငါက ဘာလို့ရှေ့မှာထိုင်ရမှာလဲ၊ မိန်းကလေးချင်း"

"ဒါဖြင့် ပိုက်ဆံပေးလေ ... အစ်မကြိုက်တဲ့နေရာထိုင်ပေါ့"

"ဟွန်း ... ပြီးရော ပြီးရော ... "

သူ အနိုင်ကျင့်လိုက်သဖြင့် ဘုံက သူ့ကိုမျက်စောင်းကြီးထိုးလိုက်သည်။

မင်္ဂလာဆောင်ကို အတူလက်တွဲကာ (မွန်မွန်နှင့် ဘယ်သူမှ မရှိတုန်း) ဝင်ချင်သည်။ ParkRoyal ရောက်သည်နှင့်လက်ဖွဲ့များကို ဘုံနှင့်မကြည်ပြာက ပေးလိုက်သည်။

"မကြည်ပြာ"

"ဟေ ... "

"အရင်သွားနှင့် ... ကျွန်တော့်သူငယ်ချင်း ဒီမှာရှိလို့ သွား

www.burmeseclassic.com



နှုတ်ဆက်လိုက်ဦးမယ်”

“ဩော် ... အေး ... လာ ညီမ ... ”

ထိန်ဝင်းအောင် ဘုံ့ကို မျက်စိမှိတ်ပြလိုက်သည်။ သူတို့နှစ်ယောက်အထဲဝင်ပြီး သိပ်မကြာပါ မွန်မွန်နှင့်အစ်မတို့ ဝင်လာသည်။ သူကလည်း ရှေ့သာငမ်းနေသဖြင့် နောက်မှရောက်လာတာ မမြင်လိုက်။ မွန်မွန်ကလည်း သူ့ကိုတွေ့တွေ့ချင်း ...

“ထိန်ဝင်း ... အထဲမဝင်သေးဘူးလား”

“အဲ ... ငှါဟာငါ ဝင်ချင်ဝင်မယ် မဝင်ချင်မဝင်ဘူး”

“ပြီးတာပဲ”

“အစောကြီးထဲက ပြီးတာ”

မွန်မွန်က ထိန်ဝင်းအောင်ကို မျက်စောင်းထိုးကာ အလှည့်ဘုံကလည်း မကြည်ပြာအလစ်အဘွက်မှာ တိုက်မိကြတော့သည်။

“အမလေး”

“အမေ့”

လဲကျမသလို ဖြစ်သွားသော မွန်မွန့်ကို ဘုံက လှမ်းထိန်းလိုက်သည်။ ထိန်ဝင်းအောင်ကတော့ မျက်နှာကို လက်နှင့်သာအုပ်ထားလိုက်တော့သည်။

“မမ ... ဆောရီးနော် ... ”





“ရတယ် ညီမ ... မမလည်း မမြင်လို့နော် ... ”

“ဟုတ်”

မွန်မွန်နှင့်ဘုံ ဘာပြောနေမှန်း ထိန်ဝင်းအောင် မကြားရ။ ခဏအကြာမှ ဘုံက ပြေးလာသည်။

“မကြည်ပြာက ဘုံ့ကို အလစ်မပေးလို့”

“အင်း ... လာ ... ”

“ဘယ်သွားမလို့လဲ ... ခန်းမက ဒီမှာလေ”

“မဟုတ်ဘူး ... သုံးထပ်မှာ မျောက်သိုးတို့ပြင်နေကြတုန်း ဘုံ့ကိုပြစရာရှိလို့ ... ”

ထိန်ဝင်းအောင် ဘုံ့လက်ကိုဆွဲကာ ဓာတ်လှေကားထဲဝင်လိုက်သည်။ မွန်မွန် ကြည့်နေတာကို သူမသိလိုက်။

တံခါးခေါက်လိုက်သဖြင့် တံခါးကို အထဲမှဖွင့်လိုက်သည်။

“ဟာ ... ဟော့ကောင် ထိန်ဝင်း ... လာ ... ”

“မင်းတို့လဲ ရောက်နေတာကိုး”

“အေး”

“လာ ... ဘုံ”

အခန်းထဲတွင် ထိန်ဝင်းအောင်တို့ တက္ကသိုလ်တက်တုန်းက ဗရုတ်ကျခဲ့ကြသည့် ပိုင်ထူးတို့အဖွဲ့က အရင်ရောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်သိုးက ထိုင်လိုက် ထလိုက်နှင့် ဂဏှာမငြိမ်ဖြစ်နေသည်။ ဖြူဖြူ့ကို အလှပြင်ပေးနေသည့် အခြောက်များလဲရှိသည်။

"ဘုံ"

"ဟင် ... ပြောလေ ကို ... "

"ကိုတို့အလှည့်ကျရင်လဲ အဲလိုပဲနော်"

"အင်း"

ဖြူဖြူက မှန်ထဲမှ ထိန့်ဝင်းအောင်ကိုကြည့်နေပြီး ဘုံနှင့်မျက်လုံးချင်းဆုံမှ ရယ်ပြလိုက်သည်။

"မိတ်ဆက်ပေးဦးလေ ထိန်ဝင်း ... "

"သြော် ... အေး ... ဒါ ငှါချစ်သူ ထက်ဝင့်ဘုံလို့ခေါ်တယ်၊ ဘုံ ... ဒါ မျောက်သိုးဇနီးလောင်း ဖြူဖြူသန့်တဲ့ ... "

"ဟုတ် ... မမ ကွန်ကရက်ကျူလေးရှင်းပါ"

"Thank ညီမ ... "

"ထိန်ဝင်း ... မွန်မွန်ရော ... "

"ရောက်နေပြီ အောက်မှာ ... "

"ဟုတ်လား ... ဒီခေါ်လိုက်လေ၊ ကို ... မွန်မွန့်ကို ဖုန်းဆက်ပြီး ခေါ်လိုက်လေ ... "

"မင်း ခေါ်လိုက်လေ ဖြူဖြူ ... ကိုယ် မွန်မွန့်ဖုန်းနံပါတ်





မသိဘူး"

"ထိန်ဝင်း ... နင်သိလား"

"မသိဘူး ... ဘယ်လိုသိမှာလဲဟ"

"ကျွတ် ... ဖြူဖြူ ဖုန်းရှာပေး"

"ကို့အိတ်ထဲမှာလား မသိဘူး"

မျောက်သိုးက စလင်းဘတ်အိတ်ထဲမှ ဖြူဖြူဖုန်းကို ယူပေးလိုက်သည်။

"ဟယ်လို မွန်မွန် ... ဖြူတို့ သုံးထပ်က ၃၀၆မှာ"

"အင်း ... ခုလာခဲ့ ... အိုကေ"

ဖြူဖြူက ဖုန်းကိုပိတ်လိုက်ပြီး မှန်ထဲမှ ထိန်ဝင်းအောင်ကို ကြည့်ကာ ဘုံ့ဘက်သို့ မသိမသာ မျက်ရိပ်ပြပြီး ...

"မွန်မွန်နဲ့တွေ့ခဲ့လား"

"တွေ့တယ်"

လိုရင်းတိုရှင်း ပြောရင်း ဖြူဖြူကို သူ အံကြိတ်ပြလိုက်သည်။ ထိန်ဝင်းအောင်က ဘုံ့ကို ပိုင်ထွေးတို့နှင့် မိတ်ဆက်ပေးလိုက်သည်။ မွန်မွန် ဝင်လာသည်နှင့် ပိုင်ထွေးက ...

"ဟယ်လို မွန်လေး ... မတွေ့တာ တော်တော်ကြာ ... "

"ပိုင်ထွေး ... နင်လဲ ရှိသေးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါက နှင် သေပြီထင်လို့"

"မသာလေး ... နှင်သေရမှာ၊ အခုခေတ်ပေါ် ရောဂါဆန်း တွေနဲ့လေ"

မွန်မွန်က ပိုင်ထူးနှင့်ပြောနေရင်းက ဘုံ့ကိုလှမ်းကြည့်သည်။ ပိုင်ထူးက ...

"သြော် မွန်မွန် ... ဒါ ဒီကောင့်ကောင်မလေး ထက်ဝင့်ဘုံ တဲ့"

ဘုံက ခေါင်းညိတ်ပြသည်။ ထိန်ဝင်းအောင်ကတော့ မျောက်သိုးကိုသာ ကြည့်နေမိသည်။

"ညီမ ... ဒါ အစ်ကိုတို့သူငယ်ချင်း နိုင်မွန်မွန်စိုး ... ဒီကောင် ထိန်ဝင်းတို့လမ်းထဲမှာ အတူတူနေကြတာ၊ ခု ... သူက ပြောင်းသွား လို့ မတွေ့ကြရတော့တာ ... ခုမှပြန်ဆုံတာ ... "

"ဟုတ် ... "

ထိန်ဝင်းအောင်က ခပ်တည်တည်ပင် ဘုံ့ကိုကြည့်ပြီး ...

"ဘုံ ... ပြောစရာရှိရင် ဒီမှာ ကို့ကိုအဝသာပြောထားနော် အောက်ရောက်ရင် မကြည်ပြာက သိတယ်မဟုတ်လား"

"အင်း ... ဒါဆိုတစ်ခုပြောချင်တယ်"

"ပြော ... ဘာပြောမှာလဲ"





"ဟိုဟာလေ ... ဒီအစ်မက လမ်းထဲမှာနေသွားတာဆိုတော့ ဘယ်အိမ်ကလဲ ... "

"ဘုံတို့နေတဲ့အိမ်မှာ အရင်က စဦးဆုံးနေသွားတာ"

"သြော် ... ကိုနဲ့သူငယ်ချင်းလား"

"အင်း ... ဆိုပါတော့"

"ဘာလို့စကားမပြောကြတာလဲ"

"ရန်ဖြစ်ထားလို့ ... "

"ဟုတ်လား ... ဘာလိုရန်ဖြစ်တာလဲလို့ ဆက်မမေးတော့ ဘူးနော်"

သူ ဘုံကိုလိမ်လိုက်မိသည်။ ဖြစ်ပြီးသား ကိစ္စတစ်ခုအတွက် ဖြစ်နေတဲ့အရာများကို မပျက်စီးစေလိုပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ထိန်ဝင်း ... ပြန်လာတာ မြန်လှချည်လား"

"အေး ... နင်က တစ်ယောက်ထဲပါလား"

"မွန်မွန့်ကိုထားခဲ့ပြီး ပြန်လာတာ၊ ဆိုင်လဲဖွင့်ရမှာမို့"

"အေး ... ကောင်းတယ်၊ ကျောင်းလဲသွားမနေနဲ့တော့"

"ငါ ခွင့်တိုင်ထားတယ်"

"နင့်ကို မွန်မွန် ဘယ်နေ့ပြန်မယ်ဆိုတာ ပြောလဲ"

"မနက်ဖြန် ပြန်မယ်လို့ ပြောတာပဲ"

"ကောင်းတယ် ... မြန်မြန်ပြန်လေ ကောင်းလေပဲ"

"ကောင်းမနေနဲ့ ခင်ပန်းမွှေးလဲ လာမှာမဟုတ်တော့ဘူး"

"ဟင် ... ဘာလို့လဲဟ ... "

"သူ့ရည်းစားဟောင်း စစ်မိုလ်ပြန်ရောက်နေလို့တဲ့"





"ကောင်းတာပေါ့ ... ကောင်းတယ် ... ကောင်းတယ် ဟဟား"

"ဘာဖြစ်တာလဲ ... မိန်းမ မယူရတော့လို့ ပေါက်သွားတာလား"

"ပျော်သွားတာ"

"ပျော်မနေနဲ့ ... မွန်မွန်နဲ့ပဲယူလိုက်ပါလား၊ သူ့အဖေလဲ ဆုံးသွားပြီ ... သူလဲ ဘာသာပြောင်းလိုက်ပြီဆိုတော့ အားလုံးနီးပါး အဆင်ပြေသွားပြီပဲ၊၊"

"တော်စမ်းပါဟာ ... "

"ဖြစ်သွားရပြန်ပြီ ... ဟိုတုန်းက ယူမှာစိုးလို့ အိမ်ကဖြတ်တာတောင် ဘာသာခြားလဲ ယူမှာပဲဆို ... "

"ကဲ ... ဝက်မရှယ် ငါမောလာတာ ရင်ဝကို ခြေထောက်နဲ့ ဆောင့်မကန်ပါနဲ့လား ... "

"အောင်မာ ... အောင်မာ ... ပြောပုံကိုက ငါကပဲ ရေကြို ခပ်ထားပြီး အမောဖြေတိုက်ရမလိုလို"

"မတိုက်လဲနေပါ နင် ပါးစပ်လေးပိတ်ထားရင်ပဲ အမောပြေပြီ"

"အစ်မ ... နေကြာစေ့တစ်ထုတ်"



www.burmeseclassic.com

www.burmeseclassic.com



အသံကြားကြားချင်း လှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်း ဘုံပါ ကြားများကြားသွားမလားဟု စိတ်ထဲထင့်သွားသည်။ သူ ပြုံးပြတာတောင် မျက်စောင်းကြီးထိုးလို့ … သွားပြန်ပြီ … ဘုံ လှည့်ထွက်သွားမှ …

"ဝက် … မ"

"ဘာလဲ"

"နင် စကားပြောရင် ရှေ့မကြည့် နောက်မကြည့်နဲ့"

"ဟဲ့ … ငါလဲ ဘယ်တွေ့မလဲ … နောက်ဇေ့မှာမျက်ဇေ့ ပါတာမှ မဟုတ်ဘဲ … "

"ပါပါ မပါပါ နောက်တစ်ခါ အဲဒီမိန်းမအကြောင်း ပါးစပ်မဖွာနဲ့"

"ကြားသွားတော့ ဘာဖြစ်နေလို့လဲ နင်နဲ့ပြီးနေပြီဟာကို"

"မမ … "

"ဩော် … အေး မွန်မွန် ပြန်လာပြီလား"

"ဟုတ် … "

ဝင်လာပြန်ပြီ တစ်ယောက်။ ထိန်ဝင်းအောင် ဘုံ့အိမ်ကို လှမ်းကြည့်လိုက်သည်။ မျက်လုံးစိမ်းကြီးနှင့် ကြည့်နေသော ဘုံ့ကို တွေ့လိုက်ရသဖြင့် သူ လန့်သွားသည်။ အိမ်ထဲသို့ပြေးကာ ဝင်သွားသဖြင့် သူ့အစ်မက …





"ထိန်ဝင်းတစ်ကောင် ဘာဖြစ်လာမှန်းကို မသိဘူး"

"ဘာဖြစ်လို့လဲ မမ … "

"မသိပါဘူး … ဂေါက်တောက်တောက်နဲ့ … "

ထိုအချိန်မှာပင် …

"အစ်မ … ထိန်ဝင်းရော … "

"အိမ်ထဲမှာ ဘောကြီးရေ … "

"ဟဲ့ မွန်မွန် … နင် ဘယ်နေ့ပြန်မှာလဲ"

"တစ်သက်လုံးနေမှာ … မပြန်တော့ဘူး"

မွန်မွန့်စကားကြောင့် ထိန်ဝင်းအောင်တစ်ယောက် ရေသောက်နေရင်းက သီးသွားတော့သည်။

"အဟွတ် … အဟွတ် … "

"ဟေ့ကောင်ရ … ဖြည်းဖြည်းသောက်ပါ၊ ကိုယ့်အိမ်ကရေများ လုသောက်နေသေး … လက်ဖက်ရည်ဆိုင် လိုက်ဦးမလား"

"ဟင့်အင်း"

"ဘာလဲ … ဒီမှာ ငွေပိုက်ဆံ ပါပါတယ်ကွ"

"မဟုတ်ပါဘူး … ငါ အခုပဲ မင်္ဂလာဆောင်ကပြန်လာတာ"

ထိန်ဝင်းအောင်က ဘောကြီးကို အကျဉ်းချုံး ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဘေကြီးက ဆရာကြီးယောင်ယောင် ဘာကြီးယောင်ယောင် ဖြင့် သူ့ကိုကြည့်ကာ ...

"မဟုတ်မှတ်လွဲရော မွန်မွန် မင်းကိုများ ..."

"ဟော့ကောင် ... ဟော့ကောင် ... မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ... ရည်းစားဦးဆိုတာ ကိုယ့်ရဲ့ ပထမဆုံးအချစ်ကို ပေးခဲ့ရတာပဲမဟုတ်လား၊ အချိန်မရွေး ပြန်ဆက် နိုင်တာပဲ"

"အဲဒီအထဲမှာ ငါမပါဘူး ဘေကြီး ..."

"ကဲ ... ခု ... ဘုံက ကြားသွားပြီလားမသိဘူး"

"ကြားတာက ပြန်ရှင်းပြလို့ရတယ်၊ ခု ... သူ ဒီမှာ အိပ်တာ သာ သိသွားလို့ကတော့ ငါ့မှာ ဘယ်လိုမျက်နှာနဲ့ ရှင်းပြရမှာလဲ"

"ဟာကွာ ... မင်းအိမ်မှာတည်းတာပဲ မင်းတစ်ယောက်ထဲ ရှိတဲ့အိမ်မှာ နှစ်ယောက်ထဲတည်းတာ့မှမဟုတ်တာ ... မင်းအဖေနဲ့ မင်းအစ်မလဲ ရှိသေးတာပဲ"

"အေး ... အဲဒါကြောင့် ဘုံက ငါနဲ့မွန်မွန်နဲ့ကို အိမ်ကသဘော တူလို့ လက်ခံထားတယ်လို့ ထင်သွားမှာစိုးတာပေါ့"

"ကဲ ... ဒါဖြင့် အခု ဘာလုပ်မလဲ"

"မသိတော့ဘူး ... သူ မနက်ဖြန်ပြန်ဖို့ပဲ အရေးကြီးတာ"





"မပြန်ရင်ရော"

"မပြန်ရင် ငါ မင်းအိမ်မှာ လိုက်အိပ်မယ်ကွာ"

"ကောင်းမလားကွ ... သူရောက်လာမှ ငါ့အိမ်လိုက်အိပ် တော့ ... မွန်မွန် စိတ်မကောင်းဖြစ်သွားမှာပေါ့"

"မသိဘူးကွာ ... မသိတော့ဘူး။ လာ ... လက်ဖက်ရည်ဆိုင် ပဲ သွားရအောင်"

"ပြောသားပဲ ... "

"အစ်မ ... ငါ ဘေကြီးနဲ့ ခဏ ... သိလား"

"ထမင်းစားမှာလား"

"ပြန်စားချင်လဲ စားမယ် ... နင်တို့ရော ... "

"ပြန်လဲစားမနေနဲ့ ... ငါတို့လဲ ဝယ်စားမှာ၊ ဖေဖေ ဘာမှ ချက်ထားဘူး"

"မေမေ့ဆီ ဖုန်းလေးဘာလေးလဲ ဆက်ဦး ... အားနေ သူ ားအကြောင်းချည်းပဲ ပြောမနေနဲ့ ... ကိုယ့်အိမ်အကြောင်းလေး ဘာလေးပဲ စိတ်ဝင်စားဦး"

"သိပါတယ် ... နင်မရှည်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်တယ်ကွာ ... ထိန်ဝင်းတို့ကတော့ ... "

"ဘာပိုင်တာလဲ"

"မင်းအစ်မကိုလေ အိမ်မှာများ မပိုက်ပါးစပ်ကြီးပဲ ငါ့မှာ မနည်းလွတ်အောင် ရှောင်နေရတာ"

"တူမလေးကွ ... ငါက ငယ်နိုင်လေ ... "

"မင်းအစ်မက မွန်မွန်နဲ့ သဘောတူနေတယ်တဲ့လား"

"မသိပါဘူး ... ဟုတ်မှာပေါ့ ... "

"ငါကတော့ ဘယ်သူ့ဘက်ကမှ မပါချင်ဘူး၊ ပွဲကြည့်ပရိသတ်ပဲ လုပ်တော့မယ် ... "

"ကြုံတုန်း ... ဘုံ့အိမ် ဝင်ရအောင်ကွာ"

"ဟော့ကောင် ... ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ ... ဘုံက ငါချော့ရင် ရမှာပါ"

"ဘုံ့ကိုပြောတာမဟုတ်ဘူး၊ သူ့အဖေကြီးကိုပြောတာ"

"အေးဆေး ... အေးဆေး ... "

ထိန်ဝင်းအောင်နှင့်ဘောကြီး ဘုံ့အိမ်သို့ ဝင်လိုက်သည်။ ခြံထဲတွင် ရေလောင်းနေသော ဒေါ်အေးဘုံက သူ့သမီးနှင့်ထိန်ဝင်းအောင် ကြိုက်နေမှန်း သိသည်။

"အန်တီ ... ဘုံရှိလား"





"သြော် ... အေး ... အထဲမှာရှိတယ် ... "

"ဟုတ် ... "

"လှမ်းခေါ်လိုက် ... သား ... "

"ဟော့ကောင် ... သားတော်င် ဖြစ်သွားပြီလား"

"ရှူး ... မင်းလှမ်းခေါ်လိုက် ... "

"ဘုံရေ ... "

"ရှင် ... ဘယ်သူလဲ"

ဘုံက အိမ်ပေါ်ထပ်မှ ဆင်းလာသည်။ ထိန်ဝင်းအောင်ကို မြင်သည်နှင့် ...

"ဘာကိစ္စရှိလို့လဲ ... မြန်မာကားတွေထဲကလို ကိုယ်ရှင်းပြပါရစေလို့ ပြောမလို့လား ... ရတယ် မလိုဘူး ... သွားလိုက်တော့"

"ဟာကွာ ... ဘုံကလဲ ... "

"ဘာ ဘုံကလဲ ... တိုးတိုးပြော ဖေဖေ အိပ်နေတယ်"

"အိပ် အိပ် ... ဘုံ့ကို လာရှင်းပြရမှာပဲ"

"ဘယ်သူက လာရှင်းခိုင်းလို့လဲ"

"မသိဘူး ... ခုလိုက်ခဲ့ ... "

"အိုး ... ဘယ်ကိုလိုက်ရမှာလဲ၊ ဒီမှာ အဘိုးကိုထမင်းကျွေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘေကြီး ကျွေးလိမ့်မယ် … လာ … "

"မေမေ … အိမ်ရှေ့မှာရှိတယ်လေ … "

"နောက်ဖေးက ပတ်သွားမယ်၊ လာ … ဘေကြီး စိတ်ချမယ် နော်"

"အဟင့် … အေးပါ … အေးပါကွာ … ဟွန့် … "

ထိန်ဝင်းအောင်နှင့်ဘုံတို့ အိမ်နောက်ဘက် ချုံကြားထဲမှ အနောက်လမ်းသို့ ထွက်လာလိုက်သည်။

"လက်ကို လွှတ်ဦးလေ"

"မလွှတ်ပါဘူး"

"ထွက်ပြေးမှာကျနေတာပဲ … "

ထိန်ဝင်းအောင်က အနောက်လမ်းကတစ်ဆင် ထိုင်နေကျ သစ်ပင်အောက်သို့ ဘုံ့ကိုခေါ်သွားသည်။ ဘုံက လက်ကလေးကို ရုန်းကာ ပါလာသည်။

"ကဲ … လွှတ်ပါ … ပြော … ဘာပြောမှာလဲ"

"ကိုယ်နဲ့ … "

"မပြောနဲ့ … သိပြီးပြီ"

"ဘာသိတာလဲ"

"မမွှန်နဲ့ ကိုနဲ့က အရင်တုန်းကချစ်သူတွေဆိုတာ ဘုံသိပြီး





ပြီ"

"ဟင် … ခုနက ကိုနဲ့အစ်မနဲ့ ပြောနေတာ ကြားလို့လား"

"အဲဒါလဲ ကြားတယ် … ဒါပေမဲ့ ဟိုတစ်နေ့ထဲက မမွှန် ကိုယ်တိုင်ပြောတာ … "

"ဘာ … ဘာပြောလို့လဲ … "

"သူက ဘုံ့ကို ကို့ချစ်သူမှန်း သိပုံမပေါ်ဘူး၊ ဘုံ မုန့်လာဝယ်တော့ ဆိုင်မှာ သူနဲ့တန်းတိုးတာ … "

"ခုရော သိသွားပြီလား"

"ဒီနေ့ မိတ်ဆက်ပေးမှသိတာထင်တယ်"

"ကိုယ်နဲ့က ပြီးသွားပြီ ဘုံ … ကိုယ့်ဘက်က ခုရိုးရိုးသားသား ပဲ၊ ကိုယ် ဘုံ့ကိုပဲချစ်တာ … ဘုံ သိပါတယ်နော်"

"ဒါပေမဲ့ … "

"အင်း … ဘာဖြစ်လဲ"

" … "

"ပြောလေ ဘုံ … ဘုံစိတ်ထဲရှိတာ ပြောပါ"

"သူနဲ့ ကိုနဲ့က … "

"အင်း … ဘာဖြစ်လဲ … "

"ဟိုလေ … အတူတူ … Living together ဆို … "



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ... သူပြောတာ ယုံလား"

" ... "

"ကိုမေးတာ ဖြေပါ ဘုံ ... သူ့ကိုယုံလား၊ ကို့ကိုယုံလား သူ့ကိုယုံတယ်ဆို ဘုံကိုယ်တိုင် ကို့ကို ပါးရိုက်လိုက်ပါ ... "

"ဘုံက ယုံတယ်မယုံဘူးဆိုတာထက် ဟုတ်လား မဟုတ်ဘူး လားလို့ သိချင်ရုံသက်သက်ပါ ... "

"ဥပမာ ... ဟုတ်ခဲ့ရင်ကော ... "

"ဟုတ်ခဲ့ရင်တော့ သူကပိုင်ရှင်ပဲ ... သူ့ကိုပြန်ပေးရမှာပေါ့ ကို ... "

"ဟာကွာ ... ကို ဘုံ့ကိုချစ်တာ ခဏတာအတွက် မဟုတ် ဘူးနော် ... တစ်ဘဝစာအတွက်"

"ကို မငြင်းပုံရရင် ... ဟုတ်ခဲ့တာပေါ့နော်"

" ... ဘုံ ... "

"ဘုံ ကို့ကိုမမုန်းပါဘူး ဘာလို့ဆို ဘုံလဲ ကို့ကိုချစ်တာပဲ၊ တစ်ခုတော့ စိတ်မကောင်းဖြစ်မိတယ် ... ကို့ကို ပိုင်ရှင်လက်ထဲ ပြန်ထည့်ပေးရမှာကိုပဲ အဲဒီစောကြီးထဲက ဘုံမွေးလာဖို့ကောင်းတယ်၊ ကိုနဲ့ဘုံနဲ့ (၇)နှစ်လောက် ကွာတာကိုလဲ ဘုံသိပြီးသားပါ ... ဘုံ တော့ မမမွန်အပေါ်မှာ အဆိုးကြီးဆိုးခဲ့မိပြီထင်တယ် ... "





"မဟုတ်ဘူး ဘုံ ... ကိုယ်ပြောပြမယ် ... သူနဲ့ကိုယ်နဲ့ အတူ နေခဲ့ဖူးတာ ကိုယ်ဝန်ခံပါတယ် ... ဒါပေမဲ့ ... သူ့ပိုင်ရှင်က ကိုယ် မဟုတ်ဘူး ဘုံ ... သူ ကိုယ်နဲ့တွဲနေရင်းမှာ တခြားကောင် တစ် ကောင်နဲ့ ကြားဖြတ်တွဲလို့ ပြတ်သွားကြတာ ... အဲဒီထဲက ကိုက သူနဲ့ဘာမှမဆိုင်တော့ဘူး ... ကို့ကို ယုံပါ ကလေးရယ် ... "

သူ ဘုံ့ကိုဖက်လိုက်သည်။ သူ့ရင်ခွင်ထဲတွင် တရှုံ့ရှုံ့ငိုနေ သော ဘုံ့ကို သူမည်သို့ နှစ်သိမ့်ပေးရမှန်း မစဉ်းစားတတ်တော့။ အတိတ်က အရိပ်လိုလိုက်နေတာ သူ ရှန်းမရအောင်ပါဘဲ။ တစ်ချိန် က မှားခဲ့တဲ့အမှားတွေက ခုချိန်မှာ ပြန်ပေါ်လာမယ်လို့ မထင်ထား ခဲ့မိတာ သူ့အတွက် အမှားကြီးတစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

"ထိန်ဝင်း"

"ဟာ … နင် … ငါ့အခန်းထဲ ဘာဝင်လုပ်တာလဲ မွန်မွန်"

"နင်ကလည်း ငါဝင်လာတာပဲ သရဲကျနေတာပဲ"

"သရဲဆိုရင် ဘုရားစာရွတ်ပြလိုက်မယ် … နင်က သရဲထက် အန္တရာယ်ပိုများတယ်"

"ဟင်း ဟင်း … နင်ကလဲ … ငါက စကားပြောမလို့ပါ"

"နင် မနက်ဖြန် ပြန်မှာမဟုတ်လား … ငါ့မှာ ပြောစရာ စကားမရှိဘူး"

"ပြန်တာတော့ ပြန်မှာဟ … "

မွန်မွန်က ခုတင်ပေါ်သို့ တက်ထိုင်လိုက်သဖြင့် ထိန်ဝင်း အောင် ဆတ်ခနဲ ထထိုင်လိုက်သည်။





"နင် … သွားတော့ မွန်မွန် … ဖေဖေ သိရင် ငါအသတ်ခံရ လိမ့်မယ်"

"ဘယ်သူမှမရှိဘူး … အန်ကယ် လမ်းထိပ်သွားတာကြာလို့ အစ်မ လိုက်သွားတယ် … ခု နင်နဲ့ငါနဲ့ နှစ်ယောက်ထဲရယ် … "

"နင် ဘာပြောမှာလဲ … ပြောပြီးသွားတော့"

"ငါ နင့်ကို ချစ်နေတုန်းပဲ"

"ဘာ … ဘာ … "

"ငါ နင်နဲ့ပြတ်ပြီးတော့မှ တော်တော်များများ ထားလိုက်သေးတယ် … ဒါပေမဲ့ နင့်ကို မေ့မရခဲ့ဘူး"

"တော်ပါတော့ မွန်မွန် … နင့်ကိုငါကြောက်လွန်းလို့ပါ၊ အရင်က ဖြစ်ခဲ့တာတွေက ငါအတင်းအကျပ်လုပ်လို့မှ မဟုတ်ဘဲ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာ … "

"ထိန်ဝင်း … နင်တော်တော် အသည်းမာတဲ့လူပဲနော်"

"အသည်းမာတာမဟုတ်ဘူး။ အသည်းကရှိကိုမရှိတော့တာ"

"ဘာလဲ … ဘုံဆိုတဲ့တစ်ယောက်ကို ပေးလိုက်ရလို့လား၊ အဲဒီမိန်းမကလည်း ငါဒီလောက်ပြောထားတာတောင် နောက် မဆုတ်ဘူး၊ သူများယောက်ျားကို လိုက်လုနေသလိုပဲ … အရှက်မရှိ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ... "

"ထိန် ... ဝင်း ... "

ထိန်ဝင်းအောင် မွန်မွန့်ပါးကို ရိုက်လိုက်မိသည်။ မွန်မွန်က မျက်လုံးစိမ်းကြီးနဲ့ သူ့ကို အတင်းကြည့်နေသည်။

"ဘုံက မင်းလိုမဟုတ်ဘူး ... သူက လုံးဝသန့်စင်တယ်၊ မင်းထက်ပိုရက်တတ်တယ် ... မင်းနဲ့ဘာမှမဆိုင်ဘူး"

အိမ်ရှေ့မှ အသံကြားသဖြင့် မွန်မွန် သူ့အခန်းထဲမှထွက်သွားသည်။ သူမသွားမှ ထိန်ဝင်းအောင် ခုတင်ပေါ် လှဲချလိုက်သည်။

ဒီနေ့ မွန်မွန်က အဝေးပြေးမှ ကားနှင့်ပြန်မည်ဟု သူ့အစ်မ ပြောတာကြားရသည်။ ထိန်ဝင်းအောင် လိုက်တော့မပို့ချင်ပါ။ သူ့ အစ်မကလည်း ကျောင်းသွားလေပြီ။ သူ့ဖေဖေကတော့ ထုံးစံတိုင်း အိမ်မှာမရှိ။ သူ ထိုင်စောင့်နေတုန်း ...

"ထိန်ဝင်း ... "

" ... "

"ငါသွားတော့မယ် ... ငါမသွားခင် နင့်ရင်ထဲကပါတဲ့စကား





တစ်ခွန်းလောက် ပြောပေးပါလား ... ကြားချင်လို့ပါ"

သူ ... မွန်မွန့်ကိုကြည့်တော့ မျက်နှာလေးက ဓိုးရွက်လောက်သာသာ ...

" ... "

"ပြောပါ ထိန်ဝင်း ... နောက်ဆုံးအကြိမ်တောင်းဆိုတာပါ။ နင့်ရင်ထဲကပါတဲ့ စကားတစ်ခွန်း ကြားချင်တယ် ... "

"နင့်ကို ငါမေ့ထားတာကြာပြီ မွန်မွန် ... နင်နဲ့ငါနဲ့တစ်ချိန်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အဲဒီအချိန်တုန်းက နင် ရှန်းထွက်သွားတာပဲ၊ ဒီတစ်ခါတော့ ငါရှန်းထွက်တာပါ ... ကျေရောပေါ့ ... လိမ်လိမ်မာမာနေတော့ဟာ"

"ကျေးဇူးပဲ ထိန်ဝင်း ... အန်ကယ်နဲ့အစ်မကိုလည်း နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါ ... "

ထိန်ဝင်းအောင် ခေါင်းညိတ်ပြလိုက်မှ သူမ လှည့်ထွက်သွားတော့သည်။

"သြော် ... မေ့လို့ ... "

သူမက မေ့လို့ဆိုပြီး ပြန်လှည့်လာပြန်သည်။

"ဘာလဲ မွန်မွန် ... "

စလင်းဘတ်အိတ်ထဲမှ ဘူးလေးကို ထုတ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဖြူဖြူတို့ မင်္ဂလာတောင်ကို အစက လက်ဖွဲ့မလို့ကွဲ၊ ဒါပေမဲ့ ... သူတို့မင်္ဂလာတောင်ကို ငါလာခဲ့ပြီပဲ၊ နင်နဲ့နင့်ချစ်သူ မင်္ဂလာဆောင်ကျရင် ငါ ရှိချင်မှရှိမှာလေ ... အဲဒါကြောင့် ဒီဆစ်တူ လက်စွပ်လေးကို နင်နဲ့နင့်ချစ်သူအတွက် လက်ဖွဲ့အဖြစ်ပေးခဲ့ပါရစေ ရော ... "

ထိန်ဝင်းအောင် သူမပေးသော ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။ အရင်က သူနဲ့သူမတို့ ဝတ်ခဲ့သည့် ဆင်တူလက်စွပ်ပုံစံတူဖြစ်သည်။ ထိန်ဝင်းအောင် အသက်မပါစွာပြုံးရင်း ...

"ကျေးဇူးပဲမွန်မွန် ... နင် လက်ဖွဲ့ရကျိုးနပ်မှာပါ"

"ငါသွားပြီ ... ဘိုင်ဘိုင်"

မွန်မွန် ပြန်သွားသည်နှင့် ဆိုင်ထဲ ဂျွမ်းသုံးပတ်လောက် ထိုးလို့ရရင် ထိုးလိုက်ချင်သည်အထိ ထိန်ဝင်းအောင် ရင်ထဲ ပျော်သွားသည်။

"ပြုံးစိစိနဲ့ ဘာဖြစ်နေတာလဲ ထိန်ဝင်း"

"ဟာ ... ကိုတိုးဆောင် ဘယ်လဲ ... "

"မင်းဆီလာတာ ... အိမ်မှာနေရတာ ပျင်းတယ်ကွာ"

"အဲဒါ ဘာဘူးလေးလဲ ... "

"ဒါလား ... လက်စွပ်လေ၊ ဘုံနဲ့ဆင်တူဝတ်ဖို့"





"မိမွန်ရော"

"ပြန်သွားပြီ"

"ဘယ်တုန်းကလဲ"

"ခုနကပဲ"

"သြော် ... အဲဒါကြောင့် မင်းက ပြုံးစိစိဖြစ်နေတာလား"

"ဒါပေါ့ဗျ ... ဘယ်လောက်စိတ်ချမ်းသာဖို့ကောင်းလဲ"

"အင်းပေါ့ ... မင်းလိုကောင်မျိုးက ဆယ့်နှစ်ရာသီ စိတ်ချမ်းသာနေတာပဲဟာ ... မချစ်ခင်ကလည်း စိတ်ချမ်းသာ၊ ချစ်နေရရင်လည်း စိတ်ချမ်းသာနဲ့ ... "

ထိုအခိုက်မှာပဲ ...

"ဟဲ့ကောင် ထိန်ဝင်း ... "

"ဟာ ... မေမေ ... "

ထိန်ဝင်းအောင်ရဲ့ မွေးသမိခင်ကြီးပါ။ တိုးလို့တန်းလန်း အထုပ်များနှင့် ...

"ဖေဖေက လမ်းထိပ်မှာ မေမေ ... "

"တွေ့တယ် ... နောက်မှာ အိတ်ဆွဲပြီး ပါလာတယ်"

"အင် ... အံ့သြစရာပဲလို့တောင် အော်ပေးရမယ်ထင်တယ်"

ထိန်ဝင်းအောင် အိမ်ရှေ့မှထွက်ကြည့်တော့ သူ့ မေမေယူ



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ အဝတ်စားထုပ်ကြီးကိုဆွဲလို့ မျက်နှာက သကြားလုံးကို ဖျားရည်သုတ်ထားသလို မျက်နှာနှင့် သူ့အဖေကို ပြုံးဖြီးဖြီးကြီး မြင်လိုက်ရသည်။ မတော်ရသေးသော ယောက္ခမကြီးအိမ်ရှေ့အရောက်တွင် ဦးတိုင်းကျော်က ...

"ဘယ်ကပြန်လာတာလဲ ကိုစိုးငြိမ်းရ"

"ဟဲဟဲ ... မိန်းမလေ မိန်းမ ... ပခုက္ကူကပြန်လာလို့"

"ကောင်းတယ်ဗျာ ... အိမ်က မိန်းမကတော့ အဲလိုရှော်ပင်ထွက်တာ ဝါသနာမပါဘူးဗျ ... ပိုက်ဆံအကုန်သက်သာတာပေါ့ဗျာ"

"အာ ... ဘယ်ကလာ ပခုက္ကူကို ရှော်ပင်ထွက်ရမှာလဲ ကျွန်တော်နဲ့ စကားများပြီး အိမ်ပေါ်က ဆင်းသွားတာလေ"

"ဟော ... ဟုတ်လား ... အဟက်ဟက် ... သိပါဘူးဗျာ"

"သွားပြီဗျာ ... "

"အင်း ... အင်း ... "

"အေးဘုံရေ ... အေးဘုံ"

"ဘာလဲ ကိုတိုင်းကျော် ... ဒီမှာ ဟင်းချက်တုန်း ... "





"ငါ့ကို ဟိုဒင်း ... လေ ... ဟိုဟာ ... ထိုးပေးပါလား"

"ဘာလဲ ... ရှင်ကလေ ထိုင်တော့ ဘုရားစင်ရှေ့မှာ လည်ဝင်းက စိတ်ပုတီးမှ အားမနာ ဘာတွေပြောမှန်းမသိဘူး"

"ဟာ ... ပါးစပ်ဖျားလေးတင်မေ့နေလို့ ... ခွီးမှပဲ ... ဟိုဟာလေ ... ဂဏန်း ဂဏန်း ... "

"ဘာလဲ ... ဂဏန်းက ရှင့်ဘယ်နားကို ညှပ်ထားလို့လဲ"

"မဟုတ်ပါဘူး ... ဟိုလေကွာ ... မိုးကြော်ငြာတာလေ၊ မိုး ... မိုး ... "

"ဘယ်ကမိုးလဲ ... "

"ခပ်ချောချော မိုးလေးလေ ... "

"ဘယ်က ကောင်မလဲ ကေတီဗွီက ရှင့်ရဲ့ဇာတ်လမ်းတွေ ယောင်တွေလား"

"အာ ... ဟုတ်ပါဘူး"

"ဖေဖေပြောနေတာ မိုးဟေကိုကို ပြောနေတာ မေမေရေ"

"အေး ... ငါ့သမီးပြောတာ ဟုတ်တယ်။ အဲဒီမိုးလေး ကြော်ငြာတာကွာ ... "

"ဘာကြော်ငြာတာလဲ လိပ်ခေါင်းပျောက်ဆေး ကြော်ငြာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... မဟုတ်ပါဘူး၊ ကျွတ် ... သမီး သိလား"

"သူ့ကြော်ငြာတွေက အများကြီးပဲ ဖေဖေရဲ့ ... "

"သူ့ပုံနဲ့လေကွာ ... "

"ကဲ ... ဘာလဲ ကိုတိုင်းကျော်ရယ်"

"အားလုံးတက်ကြွ ငှါထော်လာဂျီ xxx ငှါကို မိန်းကလေးများက သိပ်မကြည် xxx ငှါနာမည်က တောဂေါ်လီ"

"အေး ... အဲဒါ ... အဲဒါ ... "

အိမ်ရှေ့သို့ ထီသည်ရောက်လာကာမှ ဦးတိုင်းကျော်တစ်ယောက် ထခုန်ကာ လက်ညှိုးထိုးပြတော့သည်။ ဒေါ်အေးဘုံထွက်ကြည့်သည်။ ဦးတိုင်းကျော် ပြောသလိုပါပဲ ထီးလှည်းကြီးမှာ မိုးပောကိုက လှဲလို့ (ပိုစတာကပ်ထားခြင်း ဖြစ်သည်။)

"အဲဒါ ထီလေ ကိုတိုင်းကျော်ရဲ့ ... ထီပေါ့"

"အေး ... အဲဒါ ပါးစပ်ဖျားလေးတင် မေ့နေလို့"

"ထီထိုးတာပဲ ... ကိုယ့်ဘာသာကိုယ်ထိုးပါလား"

"ငါထိုးရင် ယတြာကျေမှာစိုးလို့ မင်းသွားထိုးပေးစမ်းပါ"

"ပြော ... ဘာဂဏန်းလဲ ... "

"လယ်ဂဏန်းသားက ပိုချိုမလားလို့"

"ဘာတွေပြောနေတာလဲ ... ရှင့်ကို ဘာဂဏန်းထိုးမလဲလို့





မေးတာ"

"သြော် ... အေး ... ကြိုက်တာသာ ထိုးလာခဲ့ကွာ"

"ဟွန့် ... "

"မင်းကလဲ နေနိုင်တယ်နော် ... တကထဲ မပြောချင်ဘူးကြာလိုက်တာ"

"ရှင်လဲနေနိုင်တယ် မဟုတ်လား ... ကျွန်မ သားနဲ့သမီးကို စိတ်မချလို့သာပြန်လာတာ ... ဟွန့် ... "

"အောင်မာ ... မင်းအမျိုးတွေက မင်းကိုကြာကြာမထားနိုင်လို့ မဟုတ်ဘူးလား"

"ဘာရှင့် ... ကျွန်မအမျိုးက ရှင့်အမျိုးထက်သာတယ် ... သာတယ် ... "

"ဘာသာတာလဲ ... ကုတ်စေးနေရာမှာသာတာလား"

"ဒီမှာ ကိုစိုးငြိမ်း ... ရှင်က ကျွန်မကို ပြန်သွားရအောင်လုပ်နေတာလား"

"မင်းကို ဘယ်သူက သွားခိုင်းနေလို့လဲ မင်းဘာသာမင်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းတာလေ”

“ကဲပါ ဖေဖေရယ် … မေမေက အခုပဲပြန်လာတာ မစပါနဲ့”

“အေး … ငါစနေတယ်ပဲ ထားပါတော့”

“ဟွန့် … ”

“ဟိုလေ ဖေဖေနဲ့မေမေ … ”

“အေး … ပြော … ”

“သား တစ်ခုပြောချင်တယ်”

“ဘာလဲ”

“သား မိန်းမယူတော့မယ် … ”

“ဟေ”

“ဟေ”

သူ့ဖေဖေရော မေမေပါ ပြိုင်တူ ‘ဟေ’ပြီ။ ပါးစပ်ဟသွားသည်။ ခဏနေမှ သူ့ဖေဖေက …

“ဘာလဲ သောင်းဖေ … သမီးကို မမြင်ဘူးသေးဘဲ ချစ်သွားလို့လား”

“မဟုတ်ပါဘူး ဖေဖေရာ”

“ကဲရှင် မဟုတ်ဘူးတဲ့၊ ဒါဖြင့် မောင့်သူငယ်ချင်းနဲ့လား”

“မဟုတ်ဘူး”





“ဟမ် … ဒါလဲမဟုတ်ဘူးလား၊ ဒါဖြင့် ဘယ်သူလဲ”

“ဟို ဒီလမ်းထဲက ဘုံပါ … ”

“ဘုံ … ဘုံဆိုတာ ဘယ်သူလဲ”

“ဦးတိုင်းကျော်ရဲ့ သမီးပါ … ”

“ကိုတိုင်းကျော်သမီးလား”

“ဟုတ် … ”

“မင်းက တကယ်ချစ်လို့လား”

“ချစ်လို့ယူမယ်ပြောတာပေါ့ ဖေဖေရဲ့ … ”

“အရင်တုန်းကလည်း ဒီလိုပဲ … နောက်တော့လည်း ပွဲပြီးမီးသေ”

“မတူဘူး ဖေဖေ … အရင်ကအကြောင်းတွေ ပြန်မစပါနဲ့ထား”

“အောင်မာ … ပြောပုံက … နေတိုးစတိုင်နဲ့ … ”

“ဒီတစ်ခါ ကျွန်တော် တကယ်ယူမှာပါ မေမေ … ”

“အေးလေ … ဒါဖြင့်လဲ ယူပေါ့”

“လိုက်တောင်းပေးနော် … ”

“လိုက်တောင်းပေးရမယ် … ”

“ရှင်ကလည်း ဒါတော့ ကျွန်မတို့က လုပ်ပေးရမှာပေါ့ …



www.burmeseclassic.com

www.burmeseclassic.com



မိဘဝတ္တရားပဲ ...”

“ဟာ ... ငါတို့ငနန်းက အမေပြောတော့ မင်းအိမ်က ငါတို့အိမ်ကို လာတာဆို ...”

“အဲဒီတုန်းက ရှင် ကျွန်မကို နိုးပြေးသွားတာကိုး ... အဲဒါကြောင့် ကျွန်မအိမ်က ရှင့်အိမ်ကို လိုက်လာတာပေါ့ ...”

“ဒါဖြင့်လဲ ထိန်ဝင်းရာ ... မင်းခိုးပြေးလိုက်၊ အဲဒါမှ ကိုတိုင်ကျော် ငါ့ဆီလာရမှာ ...”

“ဟာ ... ဖေဖေကလည်း ...”

“အေးလေ ... ရှင်က ဘာဖြစ်တာလဲ၊ မဟုတ်ကဟုတ်က မြှောက်ပေးနေတယ်”

“ဟ ... ငါက လမ်းလူကြီးလေ ... ဘာကိစ္စပဲဖြစ်ဖြစ် သူတို့တွေက ငါ့ဆီပဲလာနေကျလေ၊ အခုလဲ သူတို့ပဲလာကြပေါ့ ငါကသွားစရာလား ...”

“သေလိုက်ပါတော့ဗျာ ...”

“ဘုံ ... မနက်ဖြန် ဘုံ့ကို ကိုယ်လာတောင်းမယ်သိလား”

“ဟင် ... အဲဒါဆိုရင် ကိုတော့ တစ်လွဲတွေဖြစ်ကုန်တော့မှာပဲ”



“ဘာလို့လဲ”

“ဖေဖေက မေမေနဲ့ရန်ဖြစ်တိုင်း ပြောနေကျစကားရှိတယ်”

“ဘာပြောလို့လဲ”

“မင်း တော်တော်စကားများတဲ့မိန်းမပဲတဲ့၊ လာတောင်းတဲ့လူရှိရင် မင်းကိုပေးလိုက်ချင်တယ်တဲ့”

“အာ ... ကိုယ်က ဘုံ့ကိုလာတောင်းမှာလေ”

“အေးလေ ... အခန့်မသင့်လို့ ဘုံ့ကိုမပေးဘဲ မေမေ့ကိုပေးလိုက်ရင် ဘယ်လိုလုပ်မလဲ ...”

“အာ ... ပေးစရာလား၊ သူငတ်သွားမှာပေါ့”

“ဘာ ... ဘာ ... ဘာပြောတာ”

“သြော် ... ချက်ပြုတ်ကျွေးမဲ့လူမရှိတော့ ငတ်သွားမှာပေါ့လို့”

“ဟွန့် ... စကားကို အဲလိုရှင်းရှင်းပြော”

“ကဲပါ ဘုံရယ် ... ဒီည ကြိုပြောထားလိုက်နော် အိမ်ကို”

“ဘယ်ချိန်လာမှာလဲ ...”

“မနက် ၁၀ နာရီလောက် လာခဲ့မယ် ...”

“အင်း”

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကျရင် ပေးစရာလည်းရှိတယ်"

"ဘာလဲဟင်"

"မပြောပါဘူး ... ခုနေပြောထားရင် အရသာပေါ့သွားမယ်"

"ကိုနော် ... မပြောဘူးပေါ့"

"သိချင်ရင် မနက်ဖြန်ထိစောင့်နော်"

ဘုံက ဒိုင်းခနဲ မျက်စောင်းတစ်ချက်ပြစ်လွှတ်ရင်း ...

"ဟွန့် ... "

ထိုညက ထိန်ဝင်းအောင် အိပ်မပျော်တော့ပါ။

နောက်တစ်နေ့အတွက် ရင်ခုန်နေရသည်။ ဘုံနှင့်သာ အတူ နေရမည်ဆိုလျှင် သူ အရာအားလုံးမေ့နေမှာ သေချာသည်။ ဒါဆို တော့ ချစ်တတ်တဲ့သူတိုင်း ခံစားမိမှာပါ။

အချစ်ကို သူ ဒုတိအကြိမ် မျက်စိမှိတ်ယုံလိုက်တော့မည်ဟု စိတ်ဒုံးဒုံးချမိသော်လည်း ဘာကြောင့်မှန်းမသိ စိတ်ကြီးလေးနေ သည်။ လူးလိမ့်ရင်း အချိန်ဖြုန်းပစ်လိုက်ရသည်။,

ဤသို့ဖြင့် မိုးစင်စင်လင်းလေသောအခါ ...

အခန်း (၁၄)

"အစ်မ ... ဖေဖေရော ... "

"နင် မသိဘူးလား"

"ဘာသိရမှာလဲ ငါက ... ခုမှအိပ်ရာထလာတာ နင်မမြင်ဘူး လား"

"ညကလေ ... "

"ဘာဖြစ်လဲ ... ဖေဖေနဲ့မေမေ ရန်ထပ်ဖြစ်လို့ ဒီတစ်ခါ ဖေဖေ ဆင်းသွားတာလား"

"မဟုတ်ပါဘူး ... နင့်ကောင်မလေးအိမ်ကလေ ... "

"ဘုံလား ဘာဖြစ်လို့လဲ ... ၁၀နာရီ လာတောင်းမှာနောက် ကျလွန်းလို့ အခုချက်ချင်းလာတောင်းခိုင်းတာလား"

"မဟုတ်ပါဘူး ... ဖြစ်ချင်တာတွေချည်း ပြောနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလဲ ..."

"သူ့အဘိုး အမောဖောက်လို့ မနက်(၃)နာရီက ဆေးရုံတင်တာ၊ အဲဒါ ဖေဖေ သွားကြည့်တယ် ..."

"ဟင် ... သွားပါပြီ ..."

"ဘာသွားတာလဲ ..."

"ငါ ဒီနေ့ သွားတောင်းမလို့ ဘုံကို ..."

"နင်က ဘယ်အချိန် မိန်းမယူယူရသေးတယ်၊ မသေသေးဘူးဟိုအဘိုးကြီးက စိုင်းစိုင်းသီချင်းလို ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေပြီ"

"ကျွတ် ... ခက်ပြီ၊ အဘိုးကြီး သေသွားရင်လဲ အခက်၊ ဘာညာကွိကွနဲ့ တစ်လလောက်ကြာဦးမယ်၊ မသေဘဲ ဆန့်ငင် ဆန့်ငင်ဖြစ်နေရင်လဲ ဆေးရုံမှာ နှစ်လလောက်ကြာဦးမယ်၊ စိတ်ညစ်ရပါလားနော်"

သေသွားရင်တော့ ပိုကောင်းမည်ထင်သည်။

"ဟိုမှာ ဖေဖေ ပြန်လာပြီ ..."

"ဖေဖေ ... ဘယ်ဆေးရုံလဲ ... ဖေဖေ ဘယ်ဆေးရုံမှာလဲ"

"ဟေ့ကောင် ... မင်းအဖေ ငါဒီမှာကွ၊ ဘယ်ဆေးရုံမှာမှမတက်ဘူး"

"ဟုတ်ပါဘူး ... ဘုံ့အဘိုးက ဘယ်ဆေးရုံမှာလဲလို့"





"ရန်ကုန်ဆေးရုံကြီးမှာ ..."

"ကျွန်တော် လိုက်သွားလိုက်ဦးမယ် ဖေဖေ ..."

"ဟေ့ကောင် ထိန်ဝင်း ..."

"မတားပါနဲ့ ဖေဖေရာ ... သွားပါရစေ၊ ဘုံ့အဘိုးကလည်း ကျွန်တော့်အဘိုးပါပဲ"

"ဟေ့ကောင် ... အရုပ်ပြဇာတ်ထဲက ဒိုင်ယာလော့တွေ လာပြောမနေနဲ့"

"ဟေ့ကောင် ... မင်းကိုတားမလို့မဟုတ်ဘူး၊ အခန်းကိုသိလို့လား"

"အဲ ... ဟုတ်သား"

"ဘုံ"

"ကို ..."

"အန်တီ ... အဘိုးသက်သာလား"

"ဆုံးသွားပြီ သားရယ် ..."

"ဟာ တကယ် ... အဲ ဖြစ်မှဖြစ်ရလေ အဘိုးရာ၊ ဝမ်းနည်းလွန်းလို့ ဘယ်လို ဘယ်လိုငိုရမှန်းတောင် မသိတော့ဘူး ... ဟင်း

www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဟင်း ...”

“ဟင် ... ငိုတာကြီးကလည်း ငှက်ဖျားတက်နေသလိုပဲ”

“မတားပါနဲ့ ဘုံရယ် ... ကိုယ် လွှတ်လွှတ်လပ်လပ် ငိုပါရစေလား ... ငှက်ဖျားတက်နေတာ မဟုတ်ပါဘူး၊ ကြိတ်မနိုင်ခဲမရ ဖြစ်နေတာပါ”

“ဘာ ...”

“ဟုတ်ပါဘူး ... ခံစားနေရတာကိုပြောတာပါ ဘုံရဲ့”

ဘုံက ထိန်ဝင်းအောင်ခါးကို လိမ်ဆွဲလိုက်သည်။ သူလှမ်းကြည့်လိုက်တော့ မျက်စောင်းကြီးထိုးလို့။ ဘိုးသက်ရှည်ဆုံးသွားတော့ သူတို့မိသားစုမှာ ဝဋ်တစ်ခု ကျွတ်သွားသလိုပင် အပူအပင် သိပ်မရှိ။

ရက်လည်ပြီးတာတောင် မင်္ဂလာကိစ္စကလည်း မလုပ်ရ၊ သူ့စိတ်တွေ တစ်ပိုင်းသေချင်နေသည်။ ဘောကြီးကတော့ နှစ်သိမ့်ပေးရှာသည်။

“သိပ်လဲ စိတ်မပျက်ပါနဲ့ ထိန်ဝင်းရာ ... မကြာတော့ပါဘူး”

ရှေ့မှစားပွဲပေါ်ရှိ စမူဆာတစ်ခုယူကာ ထိပ်မှဖြဲလိုက်သည်။ ကိုတိုးဆောင်က ဘောကြီးလက်ထဲမှ စမူဆာကို ဆတ်ခနဲလှမ်းယူကာ ...





“အေးလေ ... အဘိုးကြီး သေသွားတာ ပိုတောင်ကောင်းသေး”

ပြောပြီးပြီးချင်း စမူဆာကို ချဉ်ရည်ထည့်လိုက်သည်။ ထိုအချဉ်ရည်ထည့်ထားသော စမူဆာကို ဘောကြီးကပြန်ယူကာ ...

“ခု မတောင်းရလဲ နောက်တောင်းရင် ရတာပဲဟာ၊ ဒီဆိုင်မှာရှိတဲ့ ဟိုဗီရိုထဲက ပေါင်မုန့်တွေလို မှိုတက်သွားမှာမှ မဟုတ်တာ”

ပါးစပ်ထဲ ပလုတ်ပလောင်းထည့်ရင်း ပြောသောစကားကြောင့် ဖက်တီးက လှမ်းရိုးသည်။ ကိုတိုးဆောင်က ဘောကြီးရှေ့မှ လက်ဖက်ရည်ခွက်ကို လှမ်းအယူ ဘောကြီးက ကိုတိုးဆောင်လက်ကို ဖျတ်ခနဲ ရိုက်လိုက်သည်။

“နယ်ကျွံတာလား ... သောက်ချင်ရင် မှာသောက် အကြွေးသောက်တာချင်း အတူတူ တမူးမသာနဲ့”

“ခွီးမှပဲ ... ဟော့ ... လက်ဖက်ရည်တစ်ခွက် စမူဆာတစ်ပွဲလာချကွာ ... ခွေးသား ... လာစားကြည့် ချဉ်စပ်နဲ့မျက်စေ့ကို ပက်ပြစ်မယ်”

“ဟဟား ... အညှိုးကလည်း ကြီးလိုက်တာ”

“ကြီးကြီးပဲ”

“ခင်ဗျားကြီးမှန်း သိပါတယ် ... အညှိုးပြောတာပါ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဆော် ပူစူးလေးတော့ သနားပါတယ်၊ ခင်ဗျားကြီးတာ သူမသိဘူးလား"

"ဟေ့ကောင်"

"အညှိုးကြီးတာ ပြောတာပါဗျာ … ခင်ဗျားတလည်း ဆယ်တန်းမအောင်လို့ဘဲ ပေါက်တတ်ကရတော့ တွေးတတ်တယ်"

"ခွေးသား … မင်း … ငါ့ကို အရှက်လာခွဲနေတာလား"

"ကဲ … တော်ပါတော့ဗျာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ နားထဲရောက်လာတဲ့ အဲဒီပူစူးမကိုပဲ ကောက်ယူလိုက်ရင် ကောင်းမလားမသိဘူး"

"ကောင်းတယ်"

"အာ … ဒါလေးတော့ မလုပ်ပါနဲ့ကွာ၊ ငါ့မှာ ချမ်းသာတာဆိုလို့ အဲဒါလေးပဲ ရှိတယ် … "

"စိတ်တောင်ညစ်လာပြီနော် … ဟွန်း … ဟွန်း … "

"စိတ်ညစ်ရင် ငါနဲ့လိုက်ခဲ့"

"ဟေ့ကောင် … ဘေကြီး … မင်းနော် … "

"ဟကောင်ရဲ့ အရက်သွားသောက်မှာ အရက်ဆိုင်ကိုသွားမှာ"

"ပြောပြောက စောပါလား … ငါလဲလိုက်မှာပေါ့ သွားစို့"





"နေ … နေ … ခင်ဗျား မလိုက်နဲ့ ကိုတိုးဆောင်၊ ဟိုရောက်ရင် တအားနားငြီးတယ် … "

"ခံစားချက်လေးတွေ ထွက်လာတာပါကွ"

"တကယ်ပဲ စိုင်းစိုင်းတောင် ရက်ပင်ရွတ်တာ သူ့ကိုမီမယ်မထင်ဘူး … ပြောလိုက်တဲ့စကား … ပူစူးမက နားလေးနေလို့ သူ့ကို လက်ခံတာထင်တယ်"

"ဟေ့ကောင် ဘေကြီး … ငါ့အသည်းလေးကို ဓာခဓာ မတန်နဲ့ ခလုတ်တိုက်မယ်"

ကိုတိုးဆောင် ချစ်သူ ပူစူးမဆိုတာ ဈေးထိပ်စိန်စိန်အပေါင်ဆိုင်က ဆိုင်ရှင်သမီး … ကိုတိုးဆောင် အရက်ဖိုး ဖန်ရင်း ဖန်ရင်းနှင့် သွားပါများပြီး ငြိသွားကြသည်။

"မင်းတို့ပြောမှပဲ သတိကရလာပြန်ပြီ … ကြာတယ်ကွာ၊ သွားသောက်မယ် … "

အချိန်က ခုနစ်နာရီခွဲတော့မည် ဖြစ်သည်။ သုံးယောက်သားတော့ အတိုင်အဖောက်က ညီနေလေပြီ။ ကိုတိုးဆောင်က ခေါင်း-



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုးစားပမ်းစား ထောင်ကာ ...

"ရှစ်နာရီဆို ပွဲစားလေးတို့ ဆိုင်ပိတ်ပြီကွ"

"အဲရာ ဘာဖစ်ရဲ ... ကိုတိုးချိုးရဲ့"

ဘေကြီးက သောက်နေကျပီပီ သောက်တိုင်းမူး လေသံဖြင့် ပြောသည်။ ထိန်ဝင်းအောင် မျက်စိထဲတွင်လည်း ကိုတိုးဆောင်ကို ကြည့်ရင်း နောက်မှ ဝီစကီ ကြော်ငြာပိုစတာကြီးက လည်နေသလို လို ကိုတိုးဆောင်ကပဲ လည်နေသလိုလို ဖြစ်နေသည်။

"ဘာဖြစ်ရမှာလဲ သွားတွေ့မှာပေ့ါ"

ကိုတိုးဆောင်ကတော့ အရက်ဂျူး ထင်ပါသည်။ ရီဝေဝေပဲ ဟုသာပြောပြီး ယိုင်နေတတ်သည်။ သူတို့သုံးယောက် လမ်းထိပ် အရက်ဆိုင်မှ သိုင်းကွက်နင်းရင်း စိန်စိန်အပေါင်ဆိုင်သို့ ခြေဦးလှည့် လာခဲ့ကြသည်။ ဆိုင်တောင်ပိတ်ရန် ပြင်နေသည်။

"ကိုတိုးချောင် ရလား ... "

"ရဒယ် ညီရေ ... ရဒယ် ... ရီဝေဝေလေးပဲ ရီဝေဝေလေး"

"ဆိုင်ထဲကို ဝင်ကြရအောင်ကွာ"

"ဟာ ... ကျွန်တော် မဝင်ရဲဘူး ကိုတိုးချောင်"

"အေး ... ဒါဖြင့် ထိန်ဝင်း ညီရေး ... အပြင်မှာစောင့်နေ လာ ... ဘေကြီး ... "





ထိန်ဝင်းအောင်က စိန်စိန်အပေါင်ဆိုင်နှင့် မလှမ်းမကမ်းမှ မီးမရှိသောစာတိုက်တိုင်တွင် မှီရင်း မူးနေလိုက်သည်။

"ပေါင်းချင်လို့ပါ ... ပေါင်းချင်လို့"

ဆိုင်ရှင် ဦးကြူသောင်းက မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။

"ဟော့ကောင်တွေ ဘာကိုပေါင်းချင်တာလဲ"

"ဂျာ ... ပေါင်းချင်လို့ ... အဲ ... ပေါင်ချင်လို့ပါ"

"ဆိုင်ပိတ်ပြီ ... မနက်ဖြန်မှလာ ... "

"ဟာ ... ဦးစ်ရာ ... ပိုက်ဆံအရမ်း အရမ်းလိုနေလို့ပါ"

"ဘာပေါင်မှာမို့လို့လဲ"

"ကျွန်တော့် ပုဆိုး ... "

"ဟိတ်ကောင် မင်းလာပြီး အခွက်ပြောင်နေတာလား"

"ဟ ဦးစ်လေးရ ဒီပုဆိုးက တစ်နေ့ကပဲ ပြန်ရွေး ... အဲ ဝယ်ထားတာဗျ အသစ်ကြီး ... "

"တဲ ကဲ ... ဒါဖြင့်လဲ မြန်မြန်ဝင်ပေါင်ကွာ ... ဆိုင်ပိတ်တော့မှာ ... သမီးရေ ဒီမှာ ပစ္စည်းလေးကြည့်ပေးလိုက်ဦး"

ဘေကြီးနှင့်ကိုတိုးဆောင်တို့နှစ်ယောက် ဆိုင်ထဲဝင်သွားကြသည်။ ဦးကြူသောင်းက ဆိုင်ရှေ့ထွက်ကာ ဆိုင်တံခါးများကို ပိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲလေး ... ပူစူးလေး ..."

"ကိုတိုးကလဲ ဆိုင်ပိတ်မှ အရက်နံ့ကလည်း ထောင်းထောင်းထနေတာပဲ ... ဟွန့် ..."

"အတဲ ... ရဲဆေးတင်လာတာပါ"

"ကဲပါ ... ဘာပေါင်မှာလဲ"

"ပုချိုး ..."

"ကဲ ... ဘယ်လောက်ယူမှာလဲ"

"ပေးချင်သလောက်သာပေး ... ဟဲဟဲ ... နက်ဖြန်ကျရင်လဲ ပုဆိုးက ပြရမှာပဲဟာ ..."

"ဟွန့် ... ရော့ တထောင် ..."

"သွားပြီ တဲ ... မျက်နှာလေးမြင်လိုက်ရလို့ ကျေနပ်သွားပြီ"

ဆိုင်ရှေ့တွင် တံခါးပိတ်နေသော ဦးကြူသောင်းကို ...

"အတဲ ... သွားပြီနော်"

"ဟော့ကောင် ... ဘာကွ ..."

"အဲ ... ကျွန်တော့်သယ်ချင်းကို ပြောတာပါ"

"ဟွန့် ..."





"အား ..."

ညက သောက်ထားသောအရှိန်ကြောင့် ထိန်ဝင်းအောင်တစ်ယောက် ခေါင်းကကိုက်နေသည်။ နို့မို့ဆို မနေ့ညက ဘက်ချလာနိုက် ဖြစ်ရလိမ့်မည်။ ဘာညပဲဖြစ်ဖြစ် သူ ပထမဆုံး အရက်သောက်ဖူးသည့်ည ဖြစ်သည်။ ဘိုးသက်ရှည်သာ မသေခဲ့ရင် ဒီချိန်ချစ်သောဘုံကို ဖက်ကာ ကွေးနေလောက်ပြီထင်သည်။ အခုတော့ခေါင်းကိုက်တာသာ အဖတ်တင်သည်။ ဘာမှလဲ အရာမထင်။

"ထိန်ဝင်း"

"ဗျာ ..."

"ဧည့်သည်"

"ဘယ်သူလဲ"

"မသိဘူး"

အိပ်ရာထဲမှ မထချင်ထချင်နှင့်ထကာ အိမ်ရှေ့တွင် ထိုင်နေသော လူကိုကြည့်နေလိုက်သည်။ မြင်တော့မြင်ဖူးသလို ရှိသည်။ ထိုလူက သူ့ကိုပြုံးကာ ...

"မင်းနဲ့တွေ့ပါမလားလို့ကွာ ..."

"အင်း ... ဟုတ် ..."

သူလည်း ရောယောင်ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက လက်ဆွဲအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကိုကုတ်ကာ သူ့ကိုပြသည်။ ဓာတ်ပုံမှာ အဖြူအမဲနှင့် ဖြစ်သည်။ ပုံထဲတွင် ကလေးဆယ်ယောက်ခန့် မတ်တပ်ရပ်ကာ ရယ်နေသောပုံဖြစ်သည်။

ထိုပုံထဲတွင် ကလေးတစ်ယောက်က ရှေ့က ကလေးတစ်ယောက်မျက်နှာကို လက်နှင့်အုပ်ထားသည်။ ထိန်ဝင်းအောင် ဓာတ်ပုံကိုကိုင်လျက် ...

"ဒါ ဘာတုန်းဗျ ..."

"အဲဒီပုံက ၈၇ ခုနှစ်က ပုံလေ ..."

"သြော် ... ဟုတ် ... အဲဒါနဲ့ ကျွန်တော်နဲ့က ဘာဆိုင်လို့လဲ"

"အဲဒီပုံထဲမှာ ... ဒီမှာတွေ့လား"

ထိုလူက ထိန်ဝင်းအောင်လက်ထဲမှ ဓာတ်ပုံကို လက်နှင့်ထောက်ပြပြီး ...

"ရှေ့က ကလေးကိုလက်နဲ့အုပ်ထားတာ ငါလေ ..."

ဟင် ဘာလဲဟ ... သူဟာသူ ၈၇ ခုနှစ်က လက်နဲ့အုပ်တာ အခု ၂၀၁၄ ရောက်မှ လာပြောနေသည်။ ပြောရအောင်လဲ သူနဲ့မသိဘဲနဲ့။

"အဲဒါ ... အဲဒါ ဘာဖြစ်လဲ ..."

ညက အရှိန်မပြေရသေးတဲ့အထဲ ဘာတွေလာပြောနေမှန်း





လည်းမသိ။

"ရှေ့ကကလေး ... ငါလက်နဲ့အုပ်ထားတဲ့ကလေးက မင်းလေ"

"ဟင် ... ဟုတ်လို့လား"

ဟုတ်မဟုတ် ကြည့်ရအောင်လဲ မျက်နှာကို ဒီကောင်က လက်နဲ့အုပ်ထားတော့ ဟုတ်မဟုတ် မသိရ။ ထိန်ဝင်းအောင်မှာ ပုံထဲမှ သူ့ရုပ်ကလေးကို မြင်လိုမြင်ငြား စောင်းကြည့်လိုက် လဲကြည့်လိုက် ထောင်ကြည့်လိုက်ဖြင့် ကြည့်နေသည်။

"နောက်မှာ နာမည်တွေ ရေးထားတယ်လေကွာ"

ထိုသူပြောမှ ကျောဘက်ကစာကို ဖတ်ကြည့်လိုက်သည်။ ပေကြီး၊ ချက်ဖောင်း၊ အာလူး၊ ဂုဂု၊ ရောက်သီး၊ ဖန်ကြီး၊ တောကျော်၊ မှုးလဲ၊ တောက်တဲ့၊ ဗိုလ်ထိန်ဝင်း၊ အပနား။

အဲ ... သူ့ကို ငယ်ငယ်က ဗိုလ်ထိန်ဝင်းဟု ခေါ်ကြသည်။ ဒါဖြင့် ... သူက နေပါဦး ... ဒီပုံကြီးက ဘကြီးရွာကို အလည်သွားစဉ်က ရိုက်ထားသည့်ပုံမှန်း တရေးရေးနှင့်ပေါ်လာတော့သည်။

"မင်းက ..."

"အေးလေ ... ငါ တောက်တဲ့ကွ"

"ဟား ... ဝမ်းသာလိုက်တာ တောက်တဲ့ရာ၊ မတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာပြီလဲ … မင်း ငါ့ကို မှတ်မိသားပဲ"

"မှတ်မိတယ်ကော့ မဟုတ်ဘူး … ရန်ကုန်မှာအလုပ်လာလုပ်မယ်ဆိုလို့ အဘက ဒီပုံတွတ်ပေးပြီး မင်းတို့ လိပ်စာပေးလိုက်တာ"

"အိ … ကောင်းရော"

အိမ်ရှေ့တွင် သူ့ဖေဖေနှင့်စကားပြောနေသော တောက်တဲ့ကို အခန်းထဲမှ ချောင်းကြည့်ရင်း သူ့အစ်မကို လှမ်းပြောလိုက်သည်။

"တောက်တဲ့တဲ့ … နာမည်နဲ့လဲလိုက်ပါ့ … ရောက်ကထဲက ထကိုမထသေးဘူး၊ အဲဒီခုံတော့ ပူပြီးလောင်မှာစိုးရတယ်"

"သူ့ဟာသူ မထတာဘဲ … ငါတို့က ကော်ပြားနဲ့ကလော်ပေးရမှာလား"

"ဖြစ်နိုင်ရင်တော့ ကော်ပေးလိုက်ချင်ပါရဲ့ … "

"သူက ဘာလာလုပ်တာတဲ့လဲ ထိန်ဝင်း … "

"ရန်ကုန်မှာ အလုပ်လာလုပ်တာတဲ့"

"ငါတို့နဲ့ အမျိုးတော်လား"





"တော်တယ် … ဖေဖေ့ညီမငယ်ရဲ့သားလေ … နင် မမှတ်မိတော့ဘူးလား၊ ငယ်ငယ်က ညောင်ဦးသွားလည်တော့ ဖားတွေရိုက်ပြီး ကြိုးဆွဲပြတာ … ဒီကောင် တောက်တဲ့ပေါ့ … "

"ဟုတ်လား … သြော် … သူပေါ့၊ အဲဒါက အရေးမကြီးဘူး အိမ်မှာ လာသောင်တင်ပြန်ပြီ … မေမေဈေးကပြန်လာရင် နောင်ကျိန်သံလေး ကြားရဦးမယ်"

"အခုပဲ ကြားရမှာ … ဟိုမှာ မေမေ လာနေပြီ"

ထိန်ဝင်းအောင် အခန်းထဲမှထွက်ကာ တောက်တဲ့ကို အားနာသဖြင့် လက်ဖက်ရည်ဆိုင်သို့ ခေါ်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

ထိန်ဝင်းအောင် အခန်းထဲတွင် တောက်တဲ့ကို ခေါ်သိပ်ရသည်။ တောက်တဲ့က ...

"ရန်ကုန် ... ရန်ကုန်နဲ့ နာမည်သိပ်ကြီးနေလို့ ... ဘာမှလဲ မဟုတ်ဘူး"

အမယ် ... ဒင်းကပဲ အာလေးလျှာလေးနှင့်ပြောနေသေး ထိန်ဝင်းအောင်က တောက်တဲ့စကားကို မကြားချင်ယောင်ဆောင်ကာ ဝတ္ထုကို ကြိတ်ဖတ်နေသည်။ ဒါကို ... ဒင်းက အလိုက်မသိ

"ရန်ကုန်ကလူတွေကို သတိထားတဲ့ ... တော်တော်ပဲဆိုးနေလို့လား ဗိုလ်ထိန်ရ ... "

"အင်း ... ပြောကြတာပဲ"

"ဘယ်လိုဆိုးတာလဲ"





"နောက်သိရမှာပေါ့"

"အခုသိချင်တာ ... "

"ခဏတော့သည်းခံ ... မနက်ဖြန်ကျရင် ပြမယ်"

"အင်းဗျာ ... သူတို့လဲလူ ကိုယ်လဲလူပဲ ဘယ်လိုဆိုးလဲ သိချင်လို့"

"အင်း ... အင်း ... အိပ်တော့ လောလောဆယ်"

မနက်ကျမှ ဘောကြီးနှင့် တို့ပေးလိုက်ဦးမည်။ လောလောဆယ် နားညည်းသက်သာသွားသည်။

"ဖေ ... ဖေ ... "

"ပြော ... "

"တောင်းပေးမယ်ဆို"

"ပြောမိလို့လားကွာ"

"ဟိုတလောက ဖေဖေပဲပြောပြီးတော့ ... တောင်းပေးနော်"

"ဒါဖြင့်လဲ တောင်းမယူနဲ့ ... နောက်ဖေးက ပလတ်စတစ်ပုံးရှိတယ် ... အဲဒါမှ ဆန့်မှာ ... "

"ဖေဖေ ... ဘာတွေပြောနေတာလဲ"

"ဟင် ... အိမ်ရှေ့က အမှိုက်တွေထည့်ဖို့ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖေဖေကလည်း ပိန်းချင်ယောင်ဆောင်ပြန်ပြီ၊ ဘဲ့ကို လိုက်တောင်းပေးဖို့ ပြောနေတာ ..."

"သေချာစဉ်းစားပြီးပြီလား ထိန်ဝင်း ..."

"ဘာကိုစဉ်းစားရမှာလဲ ဖေဖေရာ ..."

"ဟ ... ယူပြီးရင် ဘယ်မှာမင်းတို့သွားနေမလဲ"

"ဒီမှာနေမှာပေါ့ ..."

"ဪ ... ဪ ... ကောင်းလိုက်တာ အလုပ်တော့မလုပ်ဘဲနဲ့ ပိုးကတော့ထချင်တယ် ... မတောင်းပေးဘူး၊ မင်းအလုပ်ရမှယူ ... ဒါပဲ ..."

"ဟာ ... ဒါတော့ ဖေဖေ ညစ်ပတ်တာပဲ"

"မင်းကို အလုပ်မရှိရင် ကိုတိုင်းကျော်ကလည်း ခွင့်ပြုမှာမဟုတ်ဘူး ... ဒီတော့ ... မင်း ဟိုကောင် တောက်တဲ့နဲ့အလုပ်လိုက်လုပ် ..."

"သူက ဘာလုပ်မှာမို့လို့လဲ ..."

"မသိဘူးလေ ... မေးကြည့်ပေါ့ ..."

"ကျွတ် ... ခက်ပါတယ် ... ခိုးမပြေးဘူးလို့ ကတိပေးထားလို့ပေါ့ကွာ ... တောက် ..."

"ဟော့ကောင် ... မင်း ဘယ်သူ့ကိုတောက်ခေါက်တာလဲ"



"တောက်ခေါက်တာ မဟုတ်ဘူး ... တောက်တဲ့ကိုခေါ်မလို့စကားတော့ဆုံးအောင် နားမထောင်ဘူး ... ဟော့ကောင် တောက်တဲ့ရေ ..."

"ဟွန့် ..."

"မင်းက ဘာအလုပ်လုပ်မှာမို့လို့လဲ တောက်တဲ့ရ ..."

"ဟိုကွာ ... ဘာပဲဖြစ်ဖြစ် ... လခကောင်းရင် ပြီးတာပါပဲ"

"ဪ ... တောက်တိုမယ်ရပေါ့ ..."

"မဟုတ်ဘူး ... ဘာပဲဖြစ်ဖြစ် ပွဲစားအလုပ်လေးရရင်တော့လုပ်ချင်တယ်၊ သက်သက်သာသာလေးပေါ့"

အောင်မာ ... ပွဲစားလုပ်မှာများ ဘာပဲဖြစ်ဖြစ်ကပါလိုက်သေး။

"တောက်တဲ့ရ ... ငါပြောမယ်၊ ဒီမှာပွဲစားလုပ်တယ်ဆိုတာမင်းတို့ရွာလို သွားဖြတ်တိုင်း နွားပွဲစား မဖြစ်ဘူး"

"ဟ ... နွားပွဲစား လုပ်ချင်မှတော့ အိုးမကွာ အိမ်မကွာအညာမှာပဲနေနေတော့မှာပေါ့ ... ခုလိုစွန့်စွန့်စားစား ရန်ကုန်ထိဆင်းလာပါတော့မလား ..."

"ဟာ ... တောက်တဲ့တော့ခက်နေပြီ ... တခြားအလုပ်တစ်ခု ပြောကြည့်ကွာ ..."

www.burmeseclassic.com



"ဒါဖြင့်လဲကွာ အပန်းသိပ်မကြီးရင် ... "

"အင်း ... ရေခဲသေတ္တာပြင်ဆိုင်မှာလုပ်မလား၊ ငါ့အသိရှိတယ်"

"မဟုတ်ဘူး ... ရုံးတစ်ရုံးမှာ အပန်းမကြီးရင် မန်နေဂျာလောက်လေးရရင်တော့ လုပ်ချင်တယ်"

ကိုယ့်နဖူးကိုယ်သာရိုက်ရိုက်ပြီး မေးဦးဟဲ့ ... မေးဦးတဲ့ဟုအော်ငိုပလိုက်ချင်သည်။ လူကြည့်တော့သာ ဘာမှကိုမဟုတ်တာစကားကတော့ ရှစ်ထပ်တိုက်ခေါင်မိုးပေါ်ကမဆင်း။

"လုပ်ချင်ရာသာလုပ်တော့ကွာ ... တော်ပြီ ... အိမ်ကဟာတွေကို ပြောမရရင် ဘဲ့ကိုသွားပြောမယ် ... ဒါပဲ ... "

"ဖွတ်မလုပ်နဲ့ ထိန်ဝင်းရ ... မင်းကောင်မလေးက ခိုးရာမလိုက်ပါဘူးလို့ ဒီလောက်ပြောနေတဲ့ဟာကို ... "

"ခိုးမပြေးရင် သူနဲ့ကျွန်တော် အတူနေရဦးမှာမဟုတ်ဘူးဗျ"

"နေဦးပေါ့ ... သူလဲ ၂၃လောက်မှ ယူပေါ့"

"သူကတော့ ဟုတ်တာပေါ့ ... ကျွန်တော်က မင်္ဂလာဦးညကို တုတ်ထောက်ပြီးဝင်ရမှာလား ... အသက်က ၃၀ထဲဝင်တော့မယ် ... ဟွန့် ... "





"မင်းပြောပုံဆို ငါမိန်းမယူရင်ပဲ အခန်းထဲလူတွေ တွဲသွင်းရလောက်အောင် အိုနေပုံပဲ"

"မသိဘူးဗျာ ... အဲဒါ ခင်ဗျားနဲ့ဘေကြီး ကူညီ ... မကူညီရင်တော့ ပွစုမ အဖေကြီးကို ခင်ဗျားနဲ့ကြိုက်နေတယ်လို့ သွားကလိလိုက်မှာ ... ဟိုကောင်ဘေကြီးက ကြိုက်ရာပါလို့ ... "

"ဟာ ... ဒုတ်ကောက်ပဲ ... "

"အဲဒါ ... ညစ်ပတ်တာ ... "

"မသိဘူးဗျာ ... ခင်ဗျားတစ်ခုခုကူညီဖို့သာ စဉ်းစား"

"ကဲ ... ဒါဖြင့် ဒီလိုလုပ်ကွာ ... "

"ဟော့လူ ... ဟိုတစ်ခါလို စာတော့ထပ်မပေးဘူးနော်"

"မပေးရပါဘူးဟ ... "

"ပြီးတာပဲ ... ပြော ... "

"မေမေ ... "

"ဘာလဲ ထိန်ဝင်း ... "

"မနွေညက ဖေဖေက ဘာလာပြောလဲသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး ... "

"တောက်တဲ့ကလေ သိပ်အလုပ်လုပ်ချင်စိတ်ရှိတာတဲ့၊ ဒါမှ ငါတို့ဘက်က အမျိုးတဲ့ ... သားကတော့ အလုပ်လုပ်ချင်စိတ်မရှိတာ ... မေမေ့ဘက်က အမျိုးနဲ့သွားတူနေသလိုလို သိလား"

"အောင်မာ ... ဒင်းကများ"

"အင်း ... နောက်ရှိသေးတယ် ... ဖေဖေက ပြောသေးတာ"

"ဘာပြောလို့လဲ"

"ငါငယ်ငယ်က ကိုးတန်းထိ တက်ခဲ့တာတဲ့၊ မင်းအမေက လေးတန်းထိပဲ တက်ခဲ့တာတဲ့ ... အဲဒါကြောင့်မို့ စာမတတ်ဘူးတဲ့လေ"

"ဘာ ... သူကများ ငါ့ကို ထိန်ဝင်း နင်ကပြန်မပြောလိုက်ဘူးလား"

"သားမှ မေမေ စာတတ်မတတ်ကို မသိတာ ... ဘာပြန်ပြောရမှာလဲ ... ပြီးတော့ ဖေဖေကပြောသေး ... စာမတတ်တဲ့သူတွေက ဟို ... လက်မှတ်တွေ ဘာတွေထိုးရင် နာမည်တိုင်း ဥပမာ ဒေါ်စိန်သန်းဆို စိန်သန်းဆိုပြီးရေးတာတဲ့ ... သူတို့က လက်မှတ်မထိုးတတ်ဘူးတဲ့"

"အမလေး ထိုးတတ်သပ့ါ ... ထိုးတတ်သပ့ါ ... "





"ထိုးတတ်ရင် ထိုးပြပါလား မေမေ ... ရော့ ... ဒီအောက်နားမှာ လှလှပပလေးထိုးပြ ... ဒါသက်သေလုပ်ပြီး ဖေဖေ့ကိုပြန်ပြောရမယ် ... "

"အေး"

ဒေါ်စိန်သန်းတစ်ယောက် လက်မှတ်ကို လှလှပပ ထိုးပြလိုက်သည်။

"မင်းအဖေကို ပြလိုက်စမ်းပါ သားရယ် ... "

"သားပြောတယ်လို့ မပြောနဲ့နော် မေမေ ... "

"အေးပါ ... "

"ဘာတွေပြုံးနေတာလဲ မစိန်သန်း"

"ဟိုက် ... ဖေဖေ ... ရှူး မေမေ ... မပြောနဲ့နော်၊ သားပြလိုက်မယ်"

"ပြလိုက် ... ပြလိုက် ... ဟွန့် ... "

"လာ ဖေဖေ ... လာ ... အိမ်ပေါ်ကို ဟိုကောင် တောက်တဲ့ရော ... "

"အလုပ်သွားရှာတယ်လေ ... မင်းအမေ ဘာပြုံးတာလဲ"

ထိန်ဝင်းအောင်က စာရွက်နှင့်ဘောပင်ကိုကိုင်ကာ အိမ်ရှေ့ဆိုင်ထဲသို့ လှမ်းကြည့်လိုက်သည်။ ပြီး ... လေသံတိုးတိုးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဖေဖေရဲ့ ..."

"အေး ... ပြော ..."

ထိန်ဝင်းအောင် လေသံအတိုင်း သူ့ဖေဖေက လေသံတိုးတိုး လေးဖြင့်ပြောသည်။

"သားပြောတယ်လို့တော့ မပြောနဲ့နော် ..."

"အေး ... မင်းအမေ ဘာပြောလို့လဲ ..."

"မေမေက ငယ်ငယ်တုန်းကဆို အရမ်းလှတာတဲ့ ... အဲဒါ ဟုတ်လား"

"အရမ်းကြီးတော့ မဟုတ်ပါဘူးကွာ"

"လှတော့လှတယ် မဟုတ်လား"

"နည်းနည်းပါးပါးပါကွာ ..."

"လှတယ်တော့ လုပ်လိုက် ... ဖေဖေရာ ..."

"အေးကွာ ... လှတယ်ပဲ ထားပါတော့၊ အဲဒါ ဘာဖြစ်လဲ"

"အဲဒီတုန်းက မေမေ့ကို ဖေဖေအပါအဝင် ပိုးနေတဲ့လူတွေမှ အများကြီးဆို"

"အဟမ်း ... ငါက လိုက်ကြည့်ရုံလေးပါကွာ"

"ထားပါတော့ ... အဲဒီတုန်းက ဖေဖေက ပိုးတဲ့သူတွေထဲမှာ ပညာရေးက အညံ့ဆုံးဆို ..."





"အောင်မာ ..."

"ရှူး ဖေဖေ ... တိုးတိုး ... ကြားထဲက ဖေဖေဘက်ကမခံ နိုင်လို့သာ လာကျပ် ... အဲ ... လာပြောရတာ မေမေသိရင် သား ချွတ်နှာပျက်မယ် ..."

"အေးပါ ... ထားပါတော့၊ နောက်ဘာပြောသေးလဲ"

"အဲဒီတုန်းက ..."

ထိန်ဝင်းအောင်က သူ့ဘကြီး ပြောပြသည့် ဇာတ်လမ်းကို အစအဆုံး သိနေသဖြင့် သူ့အတွက် ခွင်ဖြစ်သွားသည်။

"အဲဒီတုန်းက ဖေဖေက ဆရာကြီးစတိုင်လ်နဲ့ စာတတ်ချင် ကျွမ်းကျင်ယောင် ဆောင်နေတာဆို"

"အောင်မာ ... ငါ့မျိုးလာစမ်းလို့၊ ငါ ဘိုလိုမှတ်ရင် မင်း အမေ ငုတ်တုတ်မေ့သွားမယ်"

"ဟာ ... တကယ်လား ..."

"တကယ်ပေါ့ကွ ..."

"ဒါဖြင့် ... ဖေဖေက မေမေနဲ့လက်ထပ်စာချုပ်မှာ လက် မှတ်ထိုးတော့ ဘာလို့မြန်မာလိုထိုးရတာလဲ ... အဲဒါ ဘိုလိုမတတ် လို့ မဟုတ်လား ... ဒီမှာကြည့် မေမေက ဖေဖေ့ကိုကြွားခိုင်းသေး တယ်၊ ဒါ ... သူ့ရဲ့လှလှပပထိုးထားတဲ့လက်မှတ်တဲ့၊ နင့်ဖအေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘိုလိုမပြောနဲ့ မြန်မာလိုတောင် ဖောင်ပေါ်တင်နေတဲ့မြွေလိုထိုး
တာတဲ့ ... ”

“အောင်မာ ... မင်းအမေက ... ”

“အဲဒါ ဖေဖေ့ရဲ့သားတစ်ယောက်အနေနဲ့ နည်းနည်းတော့
ခံပြင်းလို့ ဖေဖေ ... ”

“ပေးစမ်းပါ ဘောပင် ... ငါလက်တွေ့ပြမယ်”

“ရှော ... ဖေဖေ”

“ဒီမှာကြည့် ... ဒါက မြန်မာလို ... ”

“ဟုတ် ... ရပြီဖေဖေ၊ ဖေဖေ့လက်မှတ်က ခန့်မှခန့်”

“ဒါက ဘိုလို ... ”

“ဟာ ... ဖေဖေ တစ်ခုဆိုရပြီ ... တစ်ခုပဲလိုတာ”

“အမ် ... နှစ်ခုထိုးပေးတယ်ကွာ ဘာဖြစ်လဲ ... ”

“ဘာကို နှစ်ခုထိုးပေးတာလဲ ဖေဖေ ... ”

“သမီးကြီး ပြန်လာပြီလား”

“ဟုတ် ... ဘာထိုးပေးတာလဲ”

“လက်မှတ်ထိုးပေးနေတာလေ”

“ဘာအတွက်လဲ ဖေဖေ ... ”

“ရှုးနော် ဖေဖေ ... ဒါ သားနဲ့ဖေဖေပဲသိတဲ့ တော့ပ်စီးခ





ရက်”

ထိန်ဝင်းအောင် မျက်စိမှိတ်ကာ စာရွက်လေးကိုခေါက်ပြီး
အိတ်ထဲသို့ ထည့်လိုက်သည်။

“ဘာမှမဟုတ်ပါဘူး သမီးရာ ... ဒီကောင် ဖေဖေ့ကို လက်
မှတ်လာထိုးခိုင်းတာ ကိစ္စရှိလို့”

“အေးလေ ... ဘာကိစ္စလဲလို့”

“မောင် ... နင်ကလည်း ရှည်လိုက်တာ၊ နင်ပါ ထိုးပေးချင်
လို့လား”

“ဝါသနာမပါဘူး”

“ထိုးပေးစမ်းပါ ... ရှော ... ”

“ထိုးပေးလိုက် သမီးရယ် ... ”

“ဟွန်း ... ပေး ... ဘောပင်”

“ရှော ... ”

သူ့အစ်မက စားပွဲပေါ်စာရွက်တင်ကာ ...

“ဟွဲ ... ဒါ မေမေ့လက်မှတ် မဟုတ်လား”

“အေး ... အဲဒီဘေးက လက်မှတ်နှစ်ခုက ဖေဖေ့လက်မှတ်
တွေ နင်က ဖေဖေ့ဘေးမှာ ထပ်တိုးလိုက် ... ”

“ကဲဟယ် ... ရှော ... ”



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ကိုထိုးပေးပြီး ထိန်ဝင်းအောင်ကို လှမ်းပေးသည်။

"Thank you အားလုံးကျေးဇူးပဲ ..."

သူ ... တိုးတိုးလေးညည်းရင်း အိမ်ရှေ့သို့ထွက်လာလိုက်သည်။

ခဏလေးပါ ဘုံရယ် ... ကိုယ်မင်းနဲ့အတူနေနိုင်ဖို့ ကြိုးစားနေပါတယ်ကွာ။

ဘေကြီးက စာရွက်ပေါ်ရှိ ပွထနေသော လက်မှတ်များကို ကြည့်ကာ ...

"ဟ ဟား ဟား ... မင်း တော်တော်အခွက်ပြောင်တဲ့ကောင်"

"အိမ်ကလူတွေက ကြောင်တောင်တောင်တွေ ငါက အစက ဖေဖေနဲ့မေမေပဲပေါ့ ... ဟိုဝက်မက ဝင်လာပြီး ညှော်သွားသေးဟက်ဟား ..."

"ဟား ဟား ဟား ..."

"ဒီလောက်အူမြူးနေပုံထောက်ရင် အဆင်ပြေလာပုံပဲ"





"ဟာ ကိုတိုးဆောင် ... ထိုင်ဗျာ ... ခင်ဗျားပြောတဲ့အတိုင်းပဲ လုပ်ခဲ့ပြီးပြီ"

"အဲဒီစာရွက်ပေးထား ... ဟိုမှာ လမ်းထိပ်မှာ မင်းကောင်မလေး စောင့်နေတယ်"

"ဟုတ်လို့လား ဘယ်မှာလဲ ..."

"ဟိုမှာလေ ..."

"ဟာ ... အေးဗျ ... ရော့ ကိုတိုးဆောင် အပီရေးနော်"

"ဟ ... လက်မှတ်က များလှချည်လား"

"ကြည့်ကျက်သာ လုပ်တော့ဗျာ သွားပြီ ..."

"ဘုံ"

"ဘာလုပ်နေတာလဲ ကို ..."

"ပျင်းလို့ ... ဘယ်သွားမလို့လဲ ဘုံ"

"ဒီနေ့ ဘာနေ့လဲ ..."

"ဒီနေ့ မဟုတ်မှလွဲရော ဘုံ့မွေးနေ့မဟုတ်လား"

"အင်း"

"ဒါဆို ဘယ်သွားမလဲ ... ကိုယ်လိုက်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသွားမယ်"

"ဟိုဘက်ရပ်ကွက်က ဘုရားလား"

"အင်း"

"ဒါဖြင့် သွားမယ်လေ"

ထိန်ဝင်းအောင် ဘုံ့လက်ထဲမှ စက်ဘီးကိုယူလိုက်ပြီး နင်းလာခဲ့သည်။ ဘုံ့က သူ့ခါးကို တင်းကျပ်စွာ ဖက်ထားသည်။

"ကို ... ဘုံ့ကို ဘာလက်ဆောင်ပေးမလဲ ..."

"လက်ဆောင် ... အခု ဒီကအပြန်လိုချင်လား၊ ဒါမှမဟုတ် မနက်ဖြန်မှ လိုချင်လား လက်ဆောင်က နှစ်ခုနော် ..."

"နှစ်ခုတောင် ဟုတ်လား ..."

"အင်း ... တစ်လုံးတခဲကြီး ပျော်ချင်ရင်တော့ မနက်ဖြန်မှယူ ... အိုကေ ..."

ဘုံ့ထံမှ ရယ်သံကိုကြားလိုက်ရသည်။

"အင်းပါ ... ဒါဆိုလဲ မနက်ဖြန်ကျ ဘယ်မှာစောင့်နေရမှာလဲ"

"အိမ်မှာပဲ စောင့်နေလေ"

"အင်း ... ဒါဖြင့်လဲ ဘယ်ချိန်လာမှာလဲ ပြော ..."

"ဆံယ်နာရီပေါ့ ကိုတိုးဆောင်နဲ့ဘကြီးပါ ခေါ်လာခဲ့မယ်"

အခန်း (၁၆)

"ထိန်ဝင်းရေ ... ထိန်ဝင်း ..."

"ဘယ်သူလဲကွ ... အိမ်ရှေ့က ကုန်းအော်နေတာ"

"ကုန်းအော်နေတာ မဟုတ်ဘူး အန်ကယ်စိုး ... မတ်တပ်ရပ်ပြီးအော်နေတာ ... ကျွန်တော် တိုးဆောင် ... ဒါကဘကြီး"

"အေး ... ဝင်လာလေကွာ ..."

ကိုတိုးဆောင်နှင့်ဘကြီးက ဝင်လာကာ အိမ်ထဲတွင် ထိုင်ကြသည်။

"ထိန်ဝင်းရော အန်ကယ် ..."

"အေး ... ရေချိုးနေတယ်ကွ၊ ဒီနေ့ မင်းတို့နှစ်ကောင်က သပ်ရပ်နေပါလား ... ဘယ်အလှူမှာ သွားစားကြမလို့လဲ ..."

"အလှူက ဒီနေ့တော့မဟုတ်ဘူး အန်ကယ်စိုးရ ... ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလထဲမှာပဲစားရမှာ ... ဟင်းဟင်း ... "

"ဩော် ... အေး ... "

"ရောက်နေပြီလား ကိုတိုးဆောင် ... "

"အေး"

"ဘယ်လဲကွ ဗိုလ်ထိန်ရ ... "

"အလှူ ... အဲ ... ဟုတ်တယ် အလှူသွားဖို့"

"အလှူဆို ငါလဲလိုက်ချင်သကွာ"

"အခုသွားမယ့်အလှူက လိုက်လို့မရဘူးကွ"

"ဟင် ... ဘာလို့လဲ"

"အေးလေ ... ဒီကောင် မင်းသွားရင် ဖျင်းနေမှာပေါ့ ခေါ်သွားစမ်းပါကွာ အလှူပဲ ... ဘာဖြစ်လဲ ... "

"အန်ကယ်စိုး ... သူက ဘယ်သူလဲ ... "

"ကျွန်တော်က ဗိုလ်ထိန်နဲ့ညီအစ်ကိုဝမ်းကွဲတော်တယ် တောက်တဲ့တဲ့ ... "

"တောက်တဲ့ ... တောက်တဲ့ ဟုတ်လား ... "

"ယုံပါတယ် ... ယုံပါတယ်၊ ဒီလောက်ကပ်နေတာ ယုံပါပြီ"

"အိမ်မှာနေရတာကြာတော့ ပျင်းသဗျာ ... အလုပ်ကလဲ ရှာမရသေးဘူး"





ထိန်ဝင်းအောင် နာရီကိုလှမ်းကြည့်တော့ ဆယ်နာရီထိုးဖို့ ငါးမိနစ်သာလိုတော့သည်။ ကိုတိုးဆောင်ကိုကြည့်တော့ ခေါင်းကို တစ်ချက်စောင်းပြသည်။ (အကြောဆွဲခြင်း မဟုတ်ပါ။ ခေါ်လာခဲ့ဟု ပြောခြင်းဖြစ်သည်။)

"ကဲ ... ဒါဖြင့်လဲ ပုဆိုးနဲ့တိုက်ပုံ မြန်မြန်သွားဝတ်ကွာ"

"နေစမ်းပါဦး ... မင်းတို့က အလှူသွားမှာလား၊ မိန်းမသွား တောင်းမှာလား ... အကုန်လုံးက တိုက်ပုံတွေချည်းပဲ"

"မဟုတ်ဘူး အန်ကယ်စိုးရဲ့ ... ဒီလို ဒီလို ... အခု အလှူက ဟိုမိန်းမ ... အဲ ... မယ်သီရှင်ကျောင်းမှာမို့လို့ ... "

"မယ်သီလရှင်ကျောင်း ... ဘယ်သူက မယ်သီလရှင်ဝတ် သွားလို့လဲ"

"မဟုတ်ဘူး ... အဲဒီကျောင်းမှာ မင်္ဂလာဆောင်တာ"

"မယ်သီလရှင်ကျောင်းမှာ ဘယ်သူက မင်္ဂလာဆောင်တာ လဲ"

"ဟို ... ကျွန်တော်တို့နဲ့သိတဲ့ ကောင်မလေးပါ"

"သူက မင်္ဂလာဆောင်ကို ဘုန်းကြီးကျောင်းမှာမလုပ်ဘဲ ဘာလို့ မယ်သီလရှင်ကျောင်းမှာ လုပ်ရတာလဲ"

"ဟို ... ဩော် ... သူက မယ်သီလရှင်ထွက်ရော ... "

www.burmeseclassic.com



"သြော် … ဖြစ်မှဖြစ်ရလေကွာ၊ နို့ … မင်းတို့ ခုနကပြောတော့ အလှူဆို … "

"ဟုတ်ကဲ့ … အဲဒါက … "

"တောက်တဲ့ ပြီးပြီလား … ငါတို့သွားပြီဟေ့၊ နောက်ကျနေပြီ … ဖေဖေလည်း သွားပြီ၊ ပြန်လာမှ ဆက်မေးတော့"

တောက်တဲ့လည်း တိုက်ပုံကို အတင်းလက်လျှိုရင်း သူတို့အုပ်စုနောက် ပြေးလိုက်ရသည်။

"နီးပဲကွာ … မင်းဘိုးတော်ကလည်း လျှာကြောရှည်လိုက်တာ၊ ငါလဲ ပါးစပ်ထဲတွေ့မိတွေ့ရာ ပြောလိုက်တာ၊ ပြောရင်းနဲ့တိုင်ပတ်နေလို့ … ဇ်တော်သေးတယ် မင်းအတင်းဝင်ဖြေနိုင်လို့"

"နေပါဦး … ခင်ဗျားက တွေ့မိတွေ့ရာပြောတယ်ဆိုတော့ ဘာကိုတွေ့လို့ပြောရတာလဲ … "

"မင်းတို့အိမ်ရှေ့ ဗီရိုပေါ်မှာ မင်းအစ်မကတုံးနဲ့ပုံကိုတွေ့လို့"

"ဟ ဟား ဟား … "

ထိုအခိုက် တောက်တဲ့က အတင်းဖြတ်ဝင်သည်။

"ဒါနဲ့လေ … အလှူက ဘယ်မှာလဲ"

"ရှူး … တောက်တဲ့ … ဖေဖေ့ကိုမပြောနဲ့၊ ကျွန်တော် ခုမိန်းမသွားတောင်းမလို့ … မေမေ့ခွင့်ပြုချက်နဲ့ သွားတောင်းမှာ"





"ဟော … "

ဟသွားသော တောက်တဲ့ပါးစပ်ထဲသို့ ထိန်ဝင်းအောင်က တိုင်လာသော စက္ကူစုတ်ကို ထိုးထည့်လိုက်သည်။

"ကဲ … ကိုတိုးဆောင် ရှေ့ကဝင်ဗျာ"

"သြော် … ခွေးသားလေး၊ ဒါကျတော့ ငါ့ကိုအရင်ဝင်ခိုင်းတယ်"

"ဟဲဟဲ … ခင်ဗျားက ကျုပ်တို့အုပ်စုထဲမှာ လူကြီးလေ"

အိမ်ထဲဝင်လိုက်သည်နှင့် ဒေါ်အေးဘုံနှင့် ဦးတိုင်းကျော်က ငုတ်တုတ် … ဘုံက ကော်ဖီပန်းကန်များကိုကြို့ချထားသည်။

"သြော် … လာကြပြီလား"

"ဟုတ် … ဟုတ်ကဲ့ အန်တီ … "

ကိုတိုးဆောင်က ထိန်ဝင်းအောင်အနားသို့ကပ်ကာ လေသံတိုးတိုးဖြင့် …

"မင်း ပြောထားတာလား"

"ဟင့်အင်း … မပြောမိပါဘူး"

"ထိုင်ကြဦး … သမီးရေ ကော်ဖီတစ်ခွက် သွားဖျော်ဦး"

"အေး … ထိုင်ကြကွာ"

"ဟုတ် … "

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးအမေက ညကမှ ငါ့ကိုပြောတယ်၊ မင်းတို့လာ တောင်းမယ်ဆိုတာ ... "

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့ ဦး ... "

"ဒါနဲ့ မင်းတို့က လာတောင်းတယ်သာပြောတယ် လမ်းလျှောက်ကြီးမပါ မိဘမပါနဲ့ပါလား"

"ဟို ... ဒါက ဒီလိုပါဦး ... ဒီက ကိုတိုးဆောင်က လမ်းလျှောက်ကြီး မဟုတ်ပေမယ့် လမ်းထဲမှာဆို ပိုင်းဝန်းကူညီနေတဲ့ ရပ်မိရပ်ဖပဲ ဆိုပါတော့"

"အင်း ... ထားပါတော့၊ ဒါဆို မင်းမိဘတွေက ဘာကိစ္စမပါလာတာလဲ ... ဘာလဲ ... ငါ့သမီးနဲ့ သဘောမတူလို့လား"

"ဟာ ... အဲလို မဟုတ်ပါဘူး ဦးရယ် ... ဖေဖေကလေ၊ ဟို ... လမ်းလျှောက်ကြီးအနေနဲ့ရော၊ ကျွန်တော့်ဖေဖေအနေနဲ့ရော ဟိုဦးနဲ့အန်တီကို မျက်နှာပူလို့ အဲဒါ ... စာရေးပေးလိုက်ပါတယ်"

"ဘာစာတုန်းကွ ... "

"ကိုတိုးဆောင် ပေးလိုက်လေ ... "

ကိုတိုးဆောင် လက်ထဲမှ စာရွက်ကို ဦးတိုင်းကျော်က ယူကာ အသံထွက်ဖတ်သည်။

"ကိုတိုင်းကျော်နဲ့ မအေးဘုံခင်ဗျာ ... လမ်းလျှောက်ကြီးတစ်





ယောက်အနေနဲ့ရော မောင်ထိန်ဝင်းအောင်ရဲ့အဖေ အနေနဲ့ပါ မိန်းမလိုက်တောင်းပေးရမှာကို အားနာ မျက်နှာပူမိပါသဖြင့် ကျွန်တော်တို့လင်မယား မလိုက်လာကြောင်းကို ဒီစာနဲ့တစ်ဆင့် တောင်းပန်လိုက်ရပါတယ် ... ကျွန်တော့်သားလေးနဲ့ မေတ္တာသက်ဝင်နေသော ကျွန်တော်တို့ရဲ့ ချွေးမလောင်းမင်္ဂလာပွဲကို ကိုတိုင်းကျော်တို့စိတ်တိုင်းကျ ကျင်းပပေးမည်ဖြစ်ပါသည်တဲ့ ... ဟင် လက်မှတ်တွေကလည်း များလှချည်လား ... "

"ဟို ... အဲဒါက ဒီလိုပါဦး ... မေမေက လက်မှတ်တစ်ခုထဲပါ ... ဖေဖေက ဖခင်အနေနဲ့ကတစ်ခု၊ ဟိုလမ်းလျှောက်ကြီးအနေနဲ့ကတစ်ခု၊ ပြီး ... မဖကလည်း ဖေဖေ့စာမှန်ကန်ကြောင်း အောက်မှာလက်မှတ်ထိုးပေးထားတာပါ"

"ဩော် ... အေး ... ဒီလိုလား ... စေ့စပ်သေချာသားပဲကွ၊ အေးကွာ ... မျက်နှာအရမ်းပူနေတော့လဲ အေးပေါ့ ... အေးပေါ့ ဟုတ်တာပေါ့ ... "

"ဟုတ် ... ဦးပဲ နေ့ကောင်းရက်မြတ်ရွေးပါ"

"ဟ ... ငါမသိဘူးကွ"

"ဒါဆို ... ကျွန်တော်ကပဲ ရွေးပေးပါရစေဦး ... "

"မင်းက သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုးဆောင်က ဗေဒင်ပညာကို ဟိုစပ်စပ် ဒီစပ်စပ် အဲ ဟုတ်ပါဘူး ... ကျွမ်းကျွမ်းကျင်ကျင်တတ်ပါတယ်"

"ကဲ ... ဒါဖြင့်လဲရွေးကွာ ..."

တကယ်တော့ မနေ့ကထဲက ဗေဒင်သွားမေးပြီးသား ဖြစ်သည်။

"ရက်တော့ သိပ်မကပ်နဲ့ကွာ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"ဟို ... ရှေ့လလောက်ဆို ဖြစ်မလား ဦး ..."

"အေး ... ကောင်းသားပဲ ..."

"ဒါဆို ရှေ့လ ၁၅ရက်နေ့က ရက်ရာဇာကျတယ်၊ အဲနေ့ကို မင်္ဂလာနေ့သတ်မှတ်လိုက်မယ် ဦး ..."

"အေး ... အေး ... ကောင်းပါတယ်"

"ဒါနဲ့ ဘယ်မှာများ ဦးတို့ မင်္ဂလာခန်းမလုပ်ချင်လဲ"

"သမီးလေး"

"ရှင်"

"ဟိုတစ်ခါ သမီးသွားတဲ့ မင်္ဂလာဆောင်က ဘယ်မှာ"

"ဟို ..."

ဘုံက ထိန်ဝင်းအောင်ကို အားနာနေပုံရသည်။ ထို့ကြောင့်





ထိန်ဝင်းအောင်ကပဲ ...

"Park Royal ပါ ဦး ..."

"အေး ... အေး ... အဆင်ပြေရင်ပေါ့ကွာ"

"ဟုတ်ကဲ့ ... ကျွန်တော်လဲ အဲဒီမှာလုပ်ဖို့ စိတ်ကူးထားပါတယ်"

"အေး ... အေး ... ကော်ဖီသောက်လိုက်ပါဦးကွာ"

"ဟုတ်ကဲ့"

တောက်တဲ့ကို နှုတ်ပိတ်ကာ ကိုတိုးဆောင်တို့နှင့်ပြန်လွှတ်လိုက်သည်။ အောက်ထပ်တွင် ဘုံနှင့်ထိန်ဝင်းအောင်တို့နှစ်ယောက်ထဲ တွေ့ခွင့်ရသည်။

"ကို့အိမ်က ဘုံနဲ့သဘောမတူလို့လား"

"မဟုတ်ပါဘူးကွာ ... စာထဲမှာ ပြောပြီးပြီပဲ"

"အို ... ဘာမှမဆိုင်ဘူး၊ မိန်းမလာတောင်းတာပဲ မျက်နှာပူတယ်ပဲရှိသေး ..."

"ကဲပါ အချိန်ရှိတုန်းလေး အရေးကြီးတာ ပြောရအောင်၊ စိတ်ကောက်မနေနဲ့ ... လက်ဆောင်လိုချင်တယ်ဆို"

"အင်း ..."

"ရော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

"ဖွင့်ကြည့်ပေါ့"

"ဟယ် … လက်စွပ်လေး"

"အင်း … ကိုက တစ်ကွင်း၊ ဘုံက တစ်ကွင်း"

"ဘုံ့ကို ဝတ်ပေး … "

ထိန်ဝင်းအောင်က ဘုံ့လက်ကလေးကိုကိုင်ကာ လက်သူကြွယ်တွင် ဝတ်ပေးလိုက်သည်။

"ဘုံ"

"ရှင်"

"ကိုနဲ့လိုက်ရဲလား"

"ဘယ်ကိုလဲဟင်"

"ညောင်ဦးက ကိုယ့်ဘကြီးဆီလေ"

"ကိုပြောတဲ့ ဟိုတစ်ခါကိစ္စလား"

"အင်း"

"ဘယ်တော့သွားမှာလဲ"

"မယူခင်ပေါ့"

"ဟင် … အဲဒါဆို လွတ်ပါ့မလားတောင် မသိဘူး"

"ဟ … ကိုယ်တို့ အခု စေ့စပ်ထားတာပဲဟာ"





"စေ့စပ်ထားတာပဲ ယူရသေးတာမှမဟုတ်တာ"

"ဒါဖြင့် လက်မှတ်ထိုးပြီးမှ သွားမယ်လေ … ဘုံကိုယ့်ကို စိတ်မချရင် ပြောတာပါ … ကိုကတော့ ဘုံ့ကိုပဲချစ်တယ်"

"ဘုံလဲ ချစ်ပါတယ် … "

"ဒါဖြင့် ကိုယ်ပြန်တော့မယ်လေ … အန်တီ့ကိုလဲ ကြိုပြောထားနော်"

"အင်းပါ"

ထိန်ဝင်းအောင် အိမ်ရောက်သည့်အချိန်တွင် တောက်တဲ့က ရေချိုးနေပြီ။ သူ အကျီလဲနေတုန်း တောက်တဲ့က ရေလဲပုဆိုးနှင့် တက်လာသည်။

"ရန်ကုန်သားတွေကိုတော့ လက်ဖျားခါတယ်၊ ကလိမ်ကကျစ် ပြောင်ကျတဲ့နေရာမှာ မင်းတို့သုံးယောက်ကို လေးစားတယ်"

"ရှူး … တောက်တဲ့ … ကျေးဇူးပြုပြီး အဲဒီအပေါက်လေးကို ပိတ်ထားစမ်းပါ … "

"အေးပါ … "

"ဖေဖေ ဘာပြောသေးလဲ"

"ဘာမှတော့ မပြောဘူးဟ … "

"အခု ဘယ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ ..."

ညဘက် ထမင်းစုစားချိန်တွင် ဦးစိုးငြိမ်းက ...

"ဟော့ကောင် ထိန်ဝင်း"

"ဗျာ ..."

"ညနေက ငါ့ကို ကိုတိုင်းကျော်က စကားအဆန်းတွေလာပြောနေပါလား ... မင်းနဲ့သူ့သမီး ကြိုက်တာ သိနေလို့လား"

"ဘာပြောလို့လဲ ဖေဖေ့ကို ..."

"ကိုစိုးငြိမ်းရ ဘာမှ မျက်နှာပူမနေစမ်းပါနဲ့ ... ပြီးတာပြီးပြီပဲ ... ဘာညာနဲ့ ... ငါလဲ နားမလည်ပါးမလည်နဲ့ ခေါင်းညိတ်ပြီးပြန်လာတာ ... ဒီလူ သမီးရှင်ဖြစ်ပြီး မျက်နှာပူရမှန်းကို မသိဘူး မသကာ ... အဲဒီစကားကို ငါက သွားပြောရမှာ"

"ဖေဖေ ရှက်နေမယ်ထင်လို့နေမှာပေါ့"

"အေးလေ ... ဟုတ်ချင်လဲဟုတ်မှာပေါ့ ... ငါက သိပ်အရှက်ကြောက်ကြီးတာ ... ဟာဟ ..."

"ဟွန့် ... အရှက်ကြောက်ကြီးပေလို့ပဲ ..."

"နေပါဦး မစိန်သန်းရ ... ငါက ဘာဖြစ်နေလို့လဲ ..."

"ဘာဖြစ်ရမှာလဲ ... ဟိုတစ်ခါ ရှင်နဲ့ကျွန်မ ပခုက္ကူသွားတုန်းက မှတ်မိလား၊ ရှင် ... ချောင်းထဲ ရေဆင်းကူးတာ ပုဆိုးမပါဘူးလေ"

"ခွီး ခွီး ခွီး ..."

"ဟ ... အောက်ခံဘောင်းဘီပါတာပဲ"

"အဲဒါလား ... အရှက်အကြောက်ကြီးတာ"

"ဒါဖြင့် ... မင်းကတော့ အရှက်အကြောက်ကြီးတယ်ပေါ့"

ထိုနေရာအရောက်တွင် သူ့အမေက ... သူ့ဖေဖေ့စကားကို ဆက်နားမထောင်တော့ဘဲ ထမင်းပန်းကန်ကိုကိုင်ကာ အိမ်ထဲဝင်သွားတော့သည်။

အနိုင်ပိုင်းတယ်ဆိုတာ နည်းစနစ်ဟောင်းပေမယ့်လည်း အသုံးတည့်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

"ဟော့ကောင် ... မင်းအတွက် တစ်ဆင့်ကတော့ ပြီးပြီနော်၊ နို့ပဲ ... ငါတို့မှာ ချွေးပြန်ပြန်နဲ့သာ လိမ်နေရတာ ရင်တုန်လိုက်တာ မပြောနဲ့ ..."

"ကျေးဇူးတင်တယ်ဗျာ ... ဒါပေမဲ့ ... ရက်ကတော့ သတ်မှတ်ပြီးပြီ ဘာဆက်လုပ်ရမှာလဲ"

"အခုနေ ... ဟိုကောင် မင်းတို့အိမ်က အိမ်မြောင်လား။ ပုတ်သင်ညိုလား"

"တောက်တဲ့ပါဗျာ"

"အေး ... အဲဒီတောက်တဲ့ဆိုတဲ့အကောင် ... မင်းအဖေကို ကလိလိုက်လို့ကတော့ မင်းကွဲသွားမှာနော်"

"ဟဟား ... အဲဒီအတွက်တော့မပူနဲ့၊ မနေ့ညကထဲက အိတ်





ကြီးတစ်အိတ်ထဲ ကျွန်တော့်အသုံးအဆောင်တွေထည့်ပြီး သောကြီး အိမ်ပို့ထားပြီးသား"

"ဘာလုပ်မလို့လဲ ... မြဝတီဘက်ထွက်ပြေးမလို့လား"

"ပြေးသင့်ရင် ပြေးရမှာပဲ"

"မင်းကပြေးတော့ မင်းမိန်းမကို ငါတို့က ဘယ်လိုလုပ်ရမှာလဲ"

"ထားခဲ့မလားဗျ ... တစ်ခါထဲ ခေါ်သွားမှာပေါ့"

"ဩော် ... မဟုတ်ကဟုတ်ကအကြံကျတော့ မင်းဦးနှောက်က ထွက်သားနော်"

"ထွက်ပါတယ်ဗျ ... ကျွန်တော်က အသုံးမတည့်တဲ့နေရာတွေမှာ ထုတ်မသုံးတတ်ဘူး ... အရေးကျပ်ကျပ်ကြုံမှ ကျွန်တော့် ဦးနှောက်က ပိုလန်းတာ"

"အောင်မာ ... ကြီးကြီးကျယ်ကျယ်နဲ့ကွာ"

"ကြီးကျယ်တာတွေ ကြီးသေးတာတွေပြောမနေနဲ့၊ ဗိုက်ဆာတယ် ... အိမ်ပြန်တော့မယ် ... ပြီးမှ လာခဲ့မယ် စောင့်နေ"

"ငါလဲလိုက်မယ် ထိန်ဝင်း ... ငါလဲ ဗိုက်ဆာလို့ အိမ်ပြန်စားဦးမယ် ... ကိုတိုးခေါင် စောင့်နေနော် ပြန်လာခဲ့မယ်"

"အေးပါကွာ ... တကထဲ ... သူမယားကျနေတာပဲ မှာနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ”

“ဟဲဟဲ … ”

ကိုတိုးဆောင် ရေနွေးကြမ်းငှဲ့နေတုန်း ဖြုန်းဆို ဝုန်းဒိုင်းကြဲ ရောက်လာသူက ဘကြီး … နောက်မှ ပြေးလာသူက ထိန်ဝင်းနှင့် ထက်ဝင့်ဘို။

“ကိုတိုးဆောင် … ကိုတိုးဆောင်”

“ဟ … ဘာလဲဟ … ဘာဖြစ်လာကြပြန်ပြီလဲ”

“ထိန်ဝင်း … ထိန်ဝင်း အဖေကြီးသိသွားပြီ”

“ဟေ … ဘယ်လိုသိသွားတာလဲ”

“ဘုံ့အဖေနဲ့အမေက မင်္ဂလာကိစ္စကားသွားပြောတာ အစ ထိန်ဝင်းတို့အိမ်မှာရောက်နေလို့ ထိန်ဝင်းကို … ”

“ပေးစားမယ်တဲ့လား … အားလုံးအေးဆေးဖြစ်သွားပြီပေါ့ ကွာ”

“ပေးတော့ပေးစားမယ်တဲ့၊ ဒါပေမဲ့ … ကျွန်တော့်ကို အစ လေး … မောလိုက်တာ … ”

“ဖြည်းဖြည်းပြော ထိန်ဝင်း … ဘာဖြစ်လဲ … ”





“ပိုးထတဲ့ဟာကို အတိုးချပြီး သင်းကွပ်ပစ်မယ်တဲ့ … အီး ဟီးဟီး … ကြောက်လို့ ဘကြီးအိမ်က အထုပ်ဆွဲပြီး ဘုံ့ကိုပါခေါ် လာလိုက်တာ ကားငှားပေး … ကားငှားပေးတော့ … လစ်ပြီ”

“ဟာ … ဟော့ကောင် မကြီးမငယ်နဲ့ မငိုနဲ့လေ”

“ခင်ဗျားကလဲ ဖေဖေ့အကြောင်း ကျွန်တော်အသိဆုံးဗျ ကျွန်တော်တင် မဟုတ်ဘူး ခင်ဗျားနဲ့ဘကြီးကိုပါ ကျိန်းနေတာ နော်”

“အမငီးဗျာ … ”

“ပိုက်ဆံလဲ မရှိဘဲနဲ့ ကားဘယ်လိုငှားမလဲ … ”

“သူ့အစ်မက ဆိုင်ထဲကထွက်ပြီး ပိုက်ဆံနှိုက်ပေးလိုက်တယ် ဗျ”

“ဟုတ်တယ် … ကျွန်တော့်အစ်မက မုန့်ထုပ်ပါထည့်ပေး လိုက်တာ”

“ကဲ … ကြာတယ်ဗျာ၊ ခင်ဗျားကို ကားမငှားပေးလဲနေ တော့”

“ဟာ ဟော့ … ဟော့ … အဲဒီလိုမလုပ်နဲ့လေ … ငါတို့ပါ လိုက်ခဲ့မှာပေါ့”

“ဒါဖြင့် လာ … ”



www.burmeseclassic.com

www.burmeseclassic.com



ထိန်ဝင်းအောင်က ဘုံ့လက်ကို ဆုပ်ကိုင်ထားတာ ကားပေါ်ရောက်သည်ထိ မလွှတ်။

ခုတော့ ... သူ့ရင်ခွင်ထဲ အိပ်မောကျနေသော ချစ်သူကို ညင်ညင်သာသာ ပွေ့ဖက်ရင်း သူတို့လေးယောက်က အခု အဝေးပြေးကားပေါ်မှာ ငြိမ်လျက်။

ဆင်တူလက်စွပ်ကို ကြည့်ရင်း အခုနေ သူ့ဖေဖေ ဘယ်လောက်များ ဒေါသထွက်နေမလဲ တွေးမိသည်။

ဒီလောက်တောင်ဖြစ်တဲ့ အဖေ ... သူ့အတွက် မြေးသုံးမြွာ ပူးသုံးခါလောက်မွေးပြီးမှ ပြန်လာခဲ့မယ်ဟုတွေးရင်း ပြုံးကာ ဘုံ့နှင့် ကျွန်တော်တို့ နှစ်ယောက်ရဲ့ လက်ထပ်စာချုပ်ကို ကျောပိုးအိတ်ထဲ ထည့်လိုက်သည်။

ခုတော့ ... တစ်လောကလုံး သာယာသွားပြီပေါ့။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

BURMESE CLASSIC

www.burmeseclassic.com